# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ဝါခေါင်လပြည့်ကျော် (၁၃) ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (13-9-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၁၃၆)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

# ကောဒသမအကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့သို့ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်ထံမှ ပေးပို့သည့် သဝဏ်လွှာ

**နေပြည်တော် စက်တင်ဘာ ၁၃**

**ကောဒသမအကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့သို့ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်ထံမှ ပေးပို့သည့် သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

၁။ လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ကာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန် စက်တင်ဘာ ၁၃ ရက်ကို မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အဖြစ် ၂၀၁၃ ခုနှစ်မှ စတင်သတ်မှတ်ခဲ့ရာ ယခုအခါ ကောဒသမအကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့သို့ ကျရောက်ခဲ့ပြီဖြစ်ပါသည်။

၂။ လူကုန်ကူးမှုသည် လူသားအချင်းချင်း စာနာမှုကင်းမဲ့စွာဖြင့် ခေါင်းပုံဖြတ် အမြတ်ထုတ်သော လူ့အခွင့်အရေးချိုးဖောက်မှုတစ်ရပ်ဖြစ်ပါသည်။ လူ့အခွင့်အရေးနှင့်ဂုဏ်သိက္ခာကို ခြိမ်းခြောက်ရုံသာမက လူ့အဖွဲ့အစည်းကိုလည်း ထိခိုက်စေနိုင်ပါသည်။ လူကုန်ကူးသူများသည် ဘဝရပ်တည်ရန်ခက်ခဲနေသော အခြေအနေကို အခွင့်အရေးတစ်ရပ်အဖြစ် အသုံးချလျက်ရှိပါသည်။ လက်ရှိကာလတွင် ကမ္ဘာ့နိုင်ငံများက လူကုန်ကူးမှုများကို နိုင်ငံဖြတ်ကျော်မှုခင်းအမျိုးအစားတစ်ရပ်အဖြစ် လက်ခံထားကြပြီး နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းအားထုတ်တားဆီးကာကွယ်နေကြသော်လည်း ဖြစ်ပွားမှုမြင့်မားနေဆဲပင်ဖြစ်ပါသည်။

၃။ မြန်မာနိုင်ငံသည် ၂၀၀၀ ပြည့်နှစ်တွင် ပြဋ္ဌာန်းခဲ့သော နိုင်ငံဖြတ်ကျော်အုပ်စုဖွဲ့မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ

**စာမျက်နှာ ၁၉ ကော်လံ ၁ ☞**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝ ရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့်ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပပြုလုပ်သည့် ရုရှား-မြန်မာ နှစ်နိုင်ငံဗိုလ်လောင်းများ ရေကူးပြိုင်ပွဲ (Russia - Myanmar Cadets Swimming Competition)တွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် မြန်မာ့တပ်မတော်ဗိုလ်လောင်းများ ပြန်လည်ရောက်ရှိ



ရုရှား-မြန်မာ နှစ်နိုင်ငံဗိုလ်လောင်းများရေကူးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ဗိုလ်လောင်းများ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၂**

မြန်မာ့တပ်မတော်အနေဖြင့် ပြည်ပနိုင်ငံများ၏ တပ်မတော်များနှင့်ဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာအားကောင်းစေရန် အပြန်အလှန်လေ့လာရေးခရီးစဉ်များ စေလွှတ်ခြင်း၊ ချစ်ကြည်ရေးအားကစားပြိုင်ပွဲများ ကျင်းပခြင်းနှင့် နိုင်ငံတကာတပ်မတော်အားကစားပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ မြန်မာ့တပ်မတော်နှင့် ရုရှားတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာအားကောင်းလာစေရန်ရည်ရွယ်၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ရှိ ရုရှားတပ်မတော်အားကစားတက္ကသိုလ်၌ စက်တင်ဘာ ၅ ရက်မှ ၁၀ ရက်ထိ ကျင်းပပြုလုပ်သည့်

**စာမျက်နှာ ၁၈ ကော်လံ ၁ ❑**




ရတနာပုံ
၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၃ ရက်
အယ်ဒီတာ့အာဘော်

# လူကုန်ကူးမှုတိုက်ဖျက်ရေး ပူးပေါင်းပါဝင်ပေး

လူကုန်ကူးမှုသည် လူသားအချင်းချင်းစာနာမှုကင်းမဲ့စွာဖြင့် ခေါင်းပုံဖြတ်အမြတ်ထုတ်သော ခေတ်သစ်ကျေးကျွန်စနစ်အသွင် ပြဿနာတစ်ခုဖြစ်ပေသည်။ လူကုန်ကူးမှုပြဿနာကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ခံစားနေရပြီး အထူးသဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနောက်ကျသောနိုင်ငံများတွင် လူကုန်ကူးမှု၏ နောက်ဆက်တွဲဆိုးကျိုးများကို ပိုမိုခံစားနေကြရသည်။ မျက်မှောက်ခေတ်တွင် လူကုန်ကူးမှုပြဿနာသည် နိုင်ငံဖြတ်ကျော်မှုခင်းများနှင့် ဆက်နွယ်လာသဖြင့် ကမ္ဘာ့နိုင်ငံများက နည်းလမ်းမျိုးစုံဖြင့် ထိရောက်စွာကြိုးပမ်းအားထုတ်တာကွယ်နေကြသကဲ့သို့ မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးတွင်လည်း ပြည်သူများ ပူးပေါင်းပါဝင်ကြရန်လိုပေသည်။

မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်မှစ၍ လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ပြီး မဟာဗျူဟာ (၃) ရပ်၊ နည်းဗျူဟာ (၄) ရပ်ချမှတ်ကာ တာကွယ်တားဆီးခဲ့ပါသည်။ ထို့ပြင် မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဧပြီ ၁၉ ရက်တွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပြီး ကုလသမဂ္ဂ **(UN)** မှ ပြဋ္ဌာန်းထားသည့် နိုင်ငံဖြတ်ကျော်အုပ်စုဖွဲ့မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း၊ အမျိုးသမီးနှင့် ကလေးသူငယ်များကို အထူးပြုသည့် လူကုန်ကူးမှုနှိမ်နင်းခြင်းနှင့် ပြစ်ဒဏ်ပေးရေးဆိုင်ရာစာချုပ်၊ ကုန်းလမ်းရေလမ်းနှင့် လေကြောင်းအသုံးပြု၍ ရွှေ့ပြောင်းသွားလာသူများကို မှောင်ခိုပို့ဆောင်မှုဆိုင်ရာစာချုပ်တို့ကို ၂၀၀၄ ခုနှစ် မတ် ၃၀ ရက်တွင် အဖွဲ့ဝင်အဖြစ် လက်မှတ်ရေးထိုးခဲ့ပါသည်။

မြန်မာနိုင်ငံတွင် လူကုန်ကူးမှုပြဿနာဖြစ်ပွားစေသည့် အဓိကအကြောင်းရင်းများသည် ပြည်တွင်းရေးအခြေအနေများနှင့် ပြည်ပဆွဲဆောင်မှုများကြောင့် ရွှေ့ပြောင်းသွားလာ၍ အလုပ်အကိုင်သစ်များရှာဖွေခြင်းတို့ကြောင့်ဖြစ်ကြောင်း တွေ့ရသည်။ အထူးသဖြင့် အခြားနိုင်ငံများ၏ ဈေးကွက်လိုအပ်ချက်နှင့် ဆက်နွယ်နေကြောင်း တွေ့ရှိရပြီး တစ်နည်းအားဖြင့် ပြည်တွင်းလူကုန်ကူးမှုသည် ၁၉ ဒသမ ၆၈ ရာခိုင်နှုန်းသာရှိပြီး ၈၀ ဒသမ ၃၂ ရာခိုင်နှုန်းသည် ပြည်ပသို့ လူကုန်ကူးမှုများဖြစ်ကြောင်း တွေ့ရပေသည်။

လူကုန်ကူးခံရသူ ၅၀ ရာခိုင်နှုန်းသည် အမျိုးသမီးနှင့် ကလေးသူငယ်များဖြစ်ကြသည်။ မြန်မာနိုင်ငံမှ အသက်ငယ်ရွယ်သည့် မိန်းကလေးများကို အဓမ္မထိမ်းမြားလက်ထပ်ရန်အတွက် ပွဲစားများက စည်းရုံးခေါ်ဆောင်ခြင်း၊ အငှားကိုယ်ဝန်ဆောင်စေခြင်း၊ လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်ခြင်း၊ ငါးဖမ်းစက်လှေများနှင့် ကျားဖောင်လုပ်ငန်းများတွင် အဓမ္မလုပ်အားခေါင်းပုံဖြတ်ခိုင်းစေခြင်း၊ ဘဝရပ်တည်ရန်ခက်ခဲသူများအပေါ် ကြွေးမြီဖြင့်နှောင်ဖွဲ့ခိုင်းစေခြင်း၊ **Social Media** ကိုအသုံးပြု၍ စည်းရုံးခေါ်ဆောင်ရောင်းစားခြင်း စသည့် လူကုန်ကူးမှုပုံစံများဖြစ်ပွားနေကြောင်း တွေ့ရပေသည်။

သို့ဖြစ်ရာ လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်၊ လူကုန်ကူးမှုဆိုင်ရာအသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်၊ လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်၊ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်ဟူသော ၂၀၂၃ ခုနှစ် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ ရည်ရွယ်ချက် (၄) ရပ်ဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးတွင် ပြည်သူများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# ယခုဘဏ္ဍာနှစ်အတွင်း မန္တလေးတိုင်းဒေသကြီးတွင် အသေးစားလုပ်ငန်း ၃၂၁ ခုကို လုပ်ငန်းမှတ်ပုံတင်ထုတ်ပေးထား



**မန္တလေး အောက်တိုဘာ ၁၂**

ယခုဘဏ္ဍာနှစ်အတွင်း မန္တလေးတိုင်းဒေသကြီးတွင် တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အသေးစားလုပ်ငန်း ၃၂၁ ခုကို လုပ်ငန်းမှတ်ပုံတင်ခွင့်ပြုထုတ်ပေးထားကြောင်း မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်က ပြောပြ၍ သိရသည်။

တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများကို လုပ်ငန်းရှင်များထုတ်လုပ်သည့် ကုန်ပစ္စည်းများအလိုက် ခွင့်ပြုပေးထားကြောင်း၊ ယခုဘဏ္ဍာနှစ်အတွင်း အသေးစားလုပ်ငန်း ၄၄၅ ခုကို မှတ်ပုံတင်လျှာထားထုတ်ပေးလျက်ရှိရာ လက်ရှိအချိန်ထိ အသေးစားလုပ်ငန်း ၃၂၁ ခုကို လုပ်ငန်းမှတ်ပုံတင်ခွင့်ပြုထုတ်ပေးထားပြီးဖြစ်ကြောင်း သိရသည်။

"အခုဘဏ္ဍာနှစ်အတွင်းမှာ လုပ်ငန်းရှင်တွေအတွက် အသေးစားလုပ်ငန်း ၄၄၅ ခုကို လုပ်ငန်းမှတ်ပုံတင် လျှာထားထုတ်ပေးသွားမှာပါ။ လက်ရှိအချိန်ထိ တစ်နိုင်တစ်ပိုင် အသေးစားလုပ်ငန်း ၃၂၁ ခုအတွက် လုပ်ငန်းမှတ်ပုံတင်ထုတ်ပေးပြီးပါပြီ။ ဆက်လက်ပြီးလဲ လုပ်ငန်းမှတ်ပုံတင်တွေ ခွင့်ပြုထုတ်ပေးသွားမှာပါ။ အသေးစားစက်မှုလက်မှုလုပ်ငန်းရှင်တွေ ပေါ်ထွက်လာဖို့အတွက် တရားဝင်လုပ်ငန်းမှတ်ပုံတင်ထုတ်ပေးတာပါ။ ဘဏ္ဍာနှစ်အလိုက်လဲ ထုတ်ပေးနေတာပါ။ မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်၊ ကျေးရွာအလိုက် တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းတွေကို လုပ်ကိုင်နေကြတဲ့ လုပ်ငန်းရှင်တွေ တရားဝင်ထုတ်ကုန်တွေ ထုတ်လုပ်ရောင်းချနိုင်ဖို့ မှတ်ပုံတင်တွေထုတ်ပေးနေတာပါ။ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းရှင်တွေ ပေါ်ထွက်လာစေဖို့ ရည်ရွယ်ချက်တွေနဲ့ ထုတ်ပေးနေတာပါ"ဟု မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်က ပြောပြသည်။

ထိုသို့ လုပ်ငန်းမှတ်ပုံတင်ထုတ်ပေးနေသော လုပ်ငန်းအမျိုးအစားများမှာ စားသောက်ရေးဆိုင်ရာလုပ်ငန်း၊ ဝတ်ဆင်ရေးဆိုင်ရာလုပ်ငန်း၊ နေထိုင်ရေးဆိုင်ရာလုပ်ငန်း၊ လူသုံးကုန်ပစ္စည်းလုပ်ငန်း၊ အိမ်သုံးပစ္စည်းလုပ်ငန်း၊ ပုံနှိပ်နှင့်စာအုပ်ထုတ်လုပ်ရေး လုပ်ငန်း၊ ကုန်ကြမ်းလုပ်ငန်း၊ ဓာတ်သတ္တုပြုပြင်ထုတ်လုပ်ရေး လုပ်ငန်း၊ စိုက်ပျိုးရေးကိရိယာထုတ်လုပ်ရေးလုပ်ငန်း၊ စက်ပစ္စည်းကိရိယာထုတ်လုပ်ရေးလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးယာဉ်များ ထုတ်လုပ်ရေးလုပ်ငန်း၊ လျှပ်စစ်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်း၊ အထွေထွေအသေးစားစက်မှုလက်မှုလုပ်ငန်း စသည်တို့ဖြစ်ကြောင်း သိရသည်။

(၁၈၅)

# မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် ရှမ်းပြည်နယ်ဘက်မှ ဝင်ရောက်လာသည့် ပိုလ်စားပဲများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး အောက်တိုဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာကုန်စိမ်းဈေးတွင် ရှမ်းပြည်နယ်ဘက်မှ ဝင်ရောက်လာသည့် ဗိုလ်စားပဲများ အရောင်းအဝယ်ကောင်းနေကြောင်း အဆိုပါဈေးအတွင်းရှိ အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

လက်ရှိတွင် မန္တလေး သီရိမာလာကုန်စိမ်းဈေးသို့ ရှမ်းပြည်နယ်ဘက်မှ ဝင်ရောက်လာသည့် ဗိုလ်စားပဲများ နေ့စဉ် ၁၂ ဘီးကားသုံးစီးမှ လေးစီးထိ ပုံမှန်ဝင်ရောက်နေကြောင်း၊ ယခုလက်ရှိ ဗိုလ်စားပဲဈေးနှုန်းများမှာ တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ကာ ဈေးကောင်းရရှိနေကြောင်း သိရသည်။

"ဗိုလ်စားပဲက ရှမ်းပြည်နယ်ကပဲထွက်ရှိပြီး ဈေးကိုအပြိုင်ဝင်ရောက်နေပါတယ်။ မြေပြန့်ဒေသဘက်ကထွက်တာမရှိတော့ပါဘူး။ ရှမ်းပြည်နယ်ဘက်ကပဲထွက်ပြီး ဈေးကွက်အတွင်းကို နေ့စဉ်ဝင်ရောက်နေတာကြောင့် အရောင်းအဝယ်တွေ ကောင်းနေပါတယ်။ စိုက်ပျိုးမှုတွေကလဲ အရင်နှစ်တွေနဲ့စာရင် နည်းလာပါတယ်။ အခြားသီးနှံတွေဖြစ်တဲ့ ခရမ်းချဉ်၊ ဂေါ်ဖီ၊ အာလူး၊ မုန်ညင်း၊ မုန်လာဥ၊ ပဲတောင့်ရှည်၊ ကြက်ဟင်းခါး၊ မုန်ညင်းဖြူ စတဲ့သီးနှံတွေလဲ အရောင်းအဝယ်တွေ ကောင်းနေပါတယ်"ဟု ဦးအောင်မိုးနိုင်က ပြောပြသည်။

အဆိုပါ ဗိုလ်စားပဲများကို လက်ရှိအချိန်တွင် တောင်ပေါ်ဒေသများဖြစ်သည့် ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် (မြောက်ပိုင်း) တို့မှ အဓိကထားစိုက်ပျိုးထွက်ရှိလာကြောင်း၊ လက်ရှိအချိန်တွင် မန္တလေး သီရိမာလာကုန်စိမ်းဈေးကို နံနက် ၄ နာရီမှ ည ၈ နာရီထိ ဖွင့်လှစ် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(၁၈၅)

# မန္တလေးဈေးကွက်တွင် ထောပတ်ပဲ အရောင်းအဝယ်ကောင်းပြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၄၁၀၀၀၀ ပေါက်ဈေးရှိလာ

**မန္တလေး အောက်တိုဘာ ၁၂**

မန္တလေးဈေးကွက်တွင် ထောပတ်ပဲ အရောင်းအဝယ်ကောင်းပြီး သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၄၁၀၀၀၀ ပေါက်ဈေးရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ထောပတ်ပဲကို စက်တင်ဘာလ ဒုတိယပတ်မှစ၍ ပြည်တွင်းဈေးကွက်အတွင်း ကုန်သည်များဝယ်ယူမှုများပြားလာကြောင်း၊ ထိုသို့ ထောပတ်ပဲကို ကုန်သည်များဝယ်ယူမှုများလာပြီး အရောင်းအဝယ်ကောင်းလာခြင်းကြောင့် မန္တလေးဈေးကွက်အတွင်း ဈေးကောင်းရရှိနေကြောင်း သိရသည်။

"အခုလက်ရှိ ထောပတ်ပဲတွေ မန္တလေးဈေးကွက်အတွင်း စက်တင်ဘာလ ဒုတိယပတ်ကစပြီး အဝယ်လိုက်လာကာ ဈေးကောင်းရလာတယ်။ တရုတ်နိုင်ငံဘက်က ကုန်သည်တွေလဲ ဝယ်ယူမှုရှိတဲ့အပြင် ပြည်တွင်းမှာလဲ ဝယ်ယူမှုများတာကြောင့် ထောပတ်ပဲအရောင်းအဝယ်လုပ်တဲ့ကုန်သည်တွေ ဈေးကောင်းရနေပါတယ်"ဟု အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင် စက်တင်ဘာလ ပထမပတ်က ထောပတ်ပဲဈေးနှုန်းမှာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၄၀၀၀၀၀ သာ ပေါက်ဈေးရှိခဲ့သော်လည်း ယနေ့တွင် ထောပတ်ပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၄၁၀၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

"ထောပတ်ပဲ အများဆုံးစိုက်ပျိုးတဲ့ဒေသတွေကတော့ မန္တလေးတိုင်းဒေသကြီးမှာဆိုရင် တောင်သာ၊ နွားထိုးကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးမှာဆိုရင် ရွှေဘို၊ ကလေးနဲ့ မကွေးတိုင်းဒေသကြီးမှာဆိုရင်တော့ မင်းဘူးဒေသတို့ဖြစ်ပါတယ်"ဟု ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)အတွင်းရေးမှူး ဦးစက်မောင်ဆွေက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဗိဿနိုးမြို့ဟောင်းမှ ဘာသာရေးအဆောက်အအုံများ

မောင်သာ(ရှေးဟောင်းသုတေသန)

မြန်မာနိုင်ငံတွင် ပြီးခဲ့သည့်နှစ် ၂၀၀၀ ခန့်က ထွန်းကားခဲ့သည့် ပျူယဉ်ကျေးမှုနှင့် ဆက်နွယ်သော အထောက်အထားများကို ၁၉၀၀ ပြည့်နှစ်ဝန်းကျင်မှစ၍ တွေ့ရှိခဲ့ပြီးနောက် တူးဖော်သုတေသနလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့သည်။ ရှေးဟောင်းသုတေသနတူးဖော်မှုများကြောင့် ပျူယဉ်ကျေးမှုဆိုင်ရာ ခိုင်မာသောရုပ်ဝတ္ထုပစ္စည်းများကို ဖော်ထုတ်နိုင်ခဲ့ပေသည်။

မြန်မာနိုင်ငံအတွင်း ပျူယဉ်ကျေးမှုထွန်းကားခဲ့သည့်ဒေသများအနက် သရေခေတ္တရာ၊ ဗိဿနိုးနှင့် ဟန်လင်းတို့သည် အထင်ရှားဆုံးဖြစ်သည်။ ၎င်းနေရာများတွင် မြို့ပြတည်ထောင်နေထိုင်ခဲ့သည့် အထောက်အထားများအပြင် ယဉ်ကျေးမှုအမွေအနှစ် ဒြပ်ရှိပစ္စည်းများကို တွေ့ရှိခဲ့ရသည်။ ထို့ကြောင့် ပျူမြို့ဟောင်းသုံးခုဖြစ်သည့် သရေခေတ္တရာ၊ ဗိဿနိုးနှင့် ဟန်လင်းတို့ကို UNESCO အဖွဲ့က ကမ္ဘာ့အမွေအနှစ်ဒေသများအဖြစ် ၂၀၁၄ ခုနှစ်တွင် အသိအမှတ်ပြုခဲ့သည်။

**ဗိဿနိုးမြို့ဟောင်း**

သရေခေတ္တရာ၊ ဗိဿနိုးနှင့် ဟန်လင်းတို့သည် တောင်မြောက်တန်းလျက်တည်ရှိနေရာ ဗိဿနိုးသည် ဟန်လင်းမြို့ဟောင်းမှ တောင်ဘက်ယွန်းယွန်းသို့ ကီလိုမီတာ ၂၇၀ နှင့် သရေခေတ္တရာမြို့ဟောင်းမှ မြောက်ဘက်သို့ ကီလိုမီတာ ၁၃၀ ကွာဝေးသည်။

ဗိဿနိုးသည် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့၏ အနောက်ဘက် ၁၂ မိုင်အကွာရှိ ကုက္ကိုခွကျေးရွာ၏မြောက်ဘက်တွင် တည်ရှိပြီး ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၄၅၀ မြင့်သည်။ မြို့ဟောင်းသည် လေးထောင့်မကျတကျပုံသဏ္ဌာန်ရှိပြီး အနောက်ဘက်သို့ ၁၃ ဒီဂရီစောင်းနေသည်။ မြို့၏ တောင်ဘက်တွင် ရန်ပယ်ချောင်းသည် အရှေ့မှ အနောက်သို့စီးဆင်းနေကာ ဧရိယာ ၃ ဒသမ ၃ စတုရန်းမိုင်ကျယ်ဝန်းသည့် ဗိဿနိုးမြို့ဟောင်းကို အုတ်မြို့ရိုးသုံးဖက်နှင့် ရေကျုံးတစ်ဖက်က ဝန်းရံနေသည်။

ဗိဿနိုးမြို့ဟောင်းဝန်းကျင်ဖြစ်သည့် ယင်းချောင်းလွင်ပြင်သည် ဧရိယာ ၂၂၉၄ စတုရန်းကီလိုမီတာကျယ်ဝန်းသည်။ မြို့ဟောင်း၏မြောက်ဘက်ရှိ ဆဒ္ဒံချောင်း၊ တောင်ဘက်မှ ရန်ပယ်ချောင်းနှင့် အနောက်ဘက်မှ ယင်းချောင်းနှင့် တောင်ဦးချောင်းတို့သည် ယင်းချောင်းလွင်ပြင်နေရာတွင် ပေါင်းဆုံကြသည်။ ယင်းချောင်းလွင်ပြင်အနီးတွင် ဗိဿနိုးမြို့ကိုတည်ထားပြီး အရှေ့ဘက်မြို့ရိုးသည် ၃ ဒသမ ၆ ကီလိုမီတာ၊ တောင်ဘက်မြို့ရိုးသည် ၂ ဒသမ ၇ ကီလိုမီတာနှင့် မြောက်ဘက်မြို့ရိုးသည် ၂ ဒသမ ၈ ကီလိုမီတာ ရှည်လျားသည်။ အနောက်ဘက်တွင် အင်းကြီးကန်ရှိသဖြင့် မြို့ရိုးကို မတွေ့ရှိရပေ။

**ဗိဿနိုးမြို့ဟောင်းတူးဖော်မှုလုပ်ငန်းများ**

ရှေးဟောင်းသုတေသနဌာနမှ ကျောက်စာဝန်မစ္စတာ တော်စိန်ခိုသည် ဗိဿနိုးမြို့ဟောင်းတောင်ဘက်ရှိ ကုန်းငယ်နှစ်ခုကို ၁၉၀၅ ခုနှစ်တွင် ပထမဆုံးတူးဖော်သုတေသနပြုခဲ့သည်။ ထိုစဉ်က ဗြိတိသျှအစိုးရ၏ဧည့်သည်အဖြစ် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့သော ပြင်သစ်ဗိုလ်ချုပ် လီယွန်ဒီဗဲယေ(Leon de Beylie)သည် သရေခေတ္တရာကို တူးဖော်နေစဉ် ၁၉၀၇ ခုနှစ်တွင် ဗိဿနိုးမြို့ဟောင်းသို့ သွားရောက်လေ့လာခဲ့သည်။

မြန်မာနိုင်ငံ ရှေးဟောင်းသုတေသနဌာနက ၁၉၅၉ ခုနှစ်မှ ၁၉၆၃ ခုနှစ်ထိ ဗိဿနိုးမြို့ဟောင်းတွင် ကုန်း ၂၅ ကုန်းကို တူးဖော်ခဲ့ပြီး ၁၉၉၅ ခုနှစ်မှ ၂၀၂၂ ခုနှစ်ထိ ကုန်းပေါင်း ၄၂ ကုန်းကို ထပ်မံတူးဖော်သုတေသနပြုခဲ့သဖြင့် စုစုပေါင်း ၆၇ ကုန်းတူးဖော်ခဲ့ပြီးဖြစ်သည်။

ဗိဿနိုးမြို့ဟောင်းကို စတင်တူးဖော်ခဲ့စဉ်က ကုက္ကိုခွရွာကို အစွဲပြု၍ တူးဖော်မှုကုန်းများကို KKG ဟု အမည်ပေးကာ အမှတ်စဉ်များတပ်ခဲ့သော်လည်း ၁၉၉၅ ခုနှစ်မှစ၍ ဗိဿနိုးမြို့ဟောင်းအမည်ကိုယူကာ ကုန်းအမှတ်များကို BTO ဟု ပြောင်းလဲသုံးစွဲခဲ့သည်။

ဗိဿနိုးမြို့ဟောင်း တူးဖော်တွေ့ရှိမှုများအရ အုတ်ကုန်းများကို မြို့ရိုးနှင့်အရံအတား၊ မြို့ဝင်ပေါက်၊ လူနေအဆောက်အအုံနှင့် ဘာသာရေးသို့မဟုတ်ဓလေ့ထုံးတမ်းဆိုင်ရာအဆောက်အအုံများနှင့် အထွေထွေဟု ခွဲခြားသတ်မှတ်ရာ မြို့ရိုးအရံအတား ၁၄ ခု၊ မြို့ဝင်ပေါက်ခြောက်ခု၊ လူနေအဆောက်အအုံ ၁၀ ခု၊ ထုံးတမ်းစဉ်လာနေရာ ၃၀ နှင့် အထွေထွေအုတ်ကုန်းခုနစ်ခုတို့ကို မှတ်တမ်းပြုနိုင်ခဲ့သည်။ ဗိဿနိုးမြို့ဟောင်းတူးဖော်မှုများမှ အုတ်များ၊ ပျူဒင်္ဂါးများ၊ အိုးများ၊ မြေမီးဖုတ်တံဆိပ်တုံးများအပါအဝင် ပျူယဉ်ကျေးမှုအထောက်အထားပစ္စည်းများကို တွေ့ရှိခဲ့သည်။

ဗိဿနိုးမြို့ဟောင်းတူးဖော်မှု ကုန်းအမှတ်(၉)၏ အစောဆုံးမြေလွှာနှင့် အထက်မြေလွှာမှရရှိသော မီးသွေးစများကိုလည်းကောင်း၊ ကုန်းအမှတ်(၁၁)၏ မြေလွှာနှစ်ခုမှ မီးသွေးစများကိုလည်းကောင်း ရေဒီယိုကာဗွန်စမ်းသပ်နည်း(C 14)ဖြင့် သက်တမ်းတွက်ချက်ခဲ့ရာ ခရစ်နှစ် တစ်ရာစုနှင့် နှစ်ရာစုအတွင်းဟု အဖြေထွက်ခဲ့ပြီး ကုန်းအမှတ်(၁၁)နှင့် ကုန်းအမှတ်(၃၂)မှ တွေ့ရှိခဲ့သောမီးသွေးခဲများသည် ခရစ်နှစ် နှစ်ရာစုအတွင်းက မီးသွေးခဲများဟု အဖြေရရှိခြင်းများကို ထောက်ခြင်းဖြင့် ဗိဿနိုးမြို့ဟောင်းထွန်းကားခဲ့သောကာလမှာ ခရစ်နှစ် တစ်ရာစုမှ နောက်အကျဆုံး လေးရာစု၊ ငါးရာစုဖြစ်သည်ဟုမှတ်ယူက သင့်လျော်မည်ဖြစ်ကြောင်း ဗိဿနိုးမြို့ဟောင်းကို တူးဖော်ခဲ့သူ ရှေးဟောင်းသုတေသနဌာန ညွှန်ကြားရေးဝန် ဦးအောင်သော်က ရေးသားခဲ့သည်။

ဗိဿနိုးမြို့ဟောင်းတူးဖော်မှုကုန်းအမှတ်(၂)မှ တွေ့ရှိခဲ့သည့် မြေမီးဖုတ်တံဆိပ်တုံးတွင် ဗြာဟ္မီအက္ခရာဖြင့် "သံယာသီရိ"ဟုရေးထားခြင်းကို ခရစ်နှစ် နှစ်ရာစုလက်ရေးဖြစ်ကြောင်း ပညာရှင်များက ခန့်မှန်းခဲ့သည်။

ဗိဿနိုးမြို့၏သက်တမ်းကို ရာဇဝင်ကျမ်းများတွင် သာသနာသက္ကရာဇ် ၁၀၁ ခုနှစ် (ခရစ်တော်မပေါ်မီ ၄၄၃ ခုနှစ်)ဟု ရေးသားကြသော်လည်း သိပ္ပံနည်းကျစစ်ဆေးခဲ့ချိန်တွင် လွန်ခဲ့သော နှစ် ၁၉၅၀ ခန့်ကဟု အဖြေထွက်ခဲ့သည်။

**ဗိဿနိုးမြို့ အဆောက်အအုံပန္နက်များ**

တူးဖော်မှုများတွင် တွေ့ရှိခဲ့ရသည့် အဆောက်အအုံပန္နက်ရာများအရ အချို့အဆောက်အအုံများတွင် အခန်းများဖွဲ့ထားကြောင်း မြင်တွေ့ကြရသည်။ ခန်းဖွဲ့များပါဝင်သည့် အဆောက်အအုံများကို လူနေအဆောက်အအုံများဟုယူဆရကာ အချို့အဆောက်အအုံများကို ဘာသာရေး သို့မဟုတ် ဓလေ့ထုံးတမ်းဆိုင်ရာအဆောက်အအုံများဟု ယူဆရသည်။

ဗိဿနိုးမြို့ဟောင်းတူးဖော်မှုမှတ်တမ်းတွင် KKG ကုန်း ၁၀ ခုနှင့် BTO ကုန်း ၂၀ ကို ဘာသာရေးဆိုင်ရာအဆောက်အအုံများအဖြစ် ဖော်ပြထားသည်။ ဓလေ့ထုံးတမ်းဆိုင်ရာအဆောက်အအုံဟုယူဆသည့် (KKG-1) ၏ ပန္နက်သည် အလျား ၄၈ ပေ၊ အနံ ၂၄ ပေနှင့် အမြင့်သုံးပေရှိ၍ ထောင့်မှန်ပုံအဆောက်အအုံတွင် ခန်းဖွဲ့များပါရှိကာ အရိုးအိုးများကို တွေ့ရှိခဲ့သည်။ ဘာသာရေးဆိုင်ရာအဆောက်အအုံဟု ယူဆသည့်(KKG-3)၏ပန္နက်သည် အဝိုင်းပုံဖြစ်၍ အချင်းပေ ၁၄၀ ရှိသည်။ စက်ဝိုင်းပုံပန္နက်နှစ်ထပ်ရှိသည့် ၎င်းအဆောက်အအုံမှ ပျူဒင်္ဂါးသုံးပြား၊ ကြေးချူနှစ်ခု၊ နန်းလုံးကြေးလက်ကောက်တစ်ကွင်းနှင့် ပုတီးစေ့များကို ရရှိခဲ့သည်။

ဘာသာရေးဆိုင်ရာအဆောက်အအုံဟုပင် ယူဆ



ဗိဿနိုးမြို့ဟောင်းမှ ဓလေ့ထုံးတမ်းဆိုင်ရာအဆောက်အအုံတွင်တွေ့ရသည့် အရိုးအိုးများ။

သည့် (KKG-4)၏ပန္နက်သည် နှစ်ထပ်ပါရှိကာ ၄၇ ပေပတ်လည်ရှိသည့် အပြင်အုတ်တန်း၏ အလယ်၌ ၁၄ ပေပတ်လည်ရှိသည့်အုတ်တန်းကို တူးဖော်တွေ့ရှိခဲ့သည်။ ၎င်းနေရာမှ အိုးအစိတ်အပိုင်းမျိုးစုံနှင့် ပန်းကန်ပြားအပိုင်းတစ်ခုကို ရရှိခဲ့သည်။

ဘာသာရေးအဆောက်အအုံ တစ်ခုဖြစ်သည့် (KKG-6)၏ ပန္နက်သည် ၄၂ ပေပတ်လည်အုတ်တန်းအလယ်၌ အချင်း ၁၇ ပေရှိသည့် အုတ်ဝိုင်းဖြစ်သည်။ ၎င်းနေရာ၌ အထောက်အထားပစ္စည်းများကို မတွေ့ရှိခဲ့ရပေ။ ဘာသာရေးဆိုင်ရာအဆောက်အအုံ (KKG-9)၏ပန္နက်သည် အရှေ့အနောက် ၄၈ ဒသမ ၈ ပေနှင့် တောင်မြောက် ၈၄ ပေဖြစ်ကာ ၎င်းနေရာတွင် မြေအရိုးအိုးအလုံး ၄၀ ကို တွေ့ရှိခဲ့သည်။

(KKG-11)၏ ပန္နက်သည် အရှေ့အနောက် ၈၇ ပေနှင့် တောင်မြောက် ၄၇ ပေရှိကာ အတွင်းပိုင်း၏ အရှေ့ဘက်နေရာတွင် ပလ္လင်ဟုယူဆရသည့် အုတ်ခုံဝိုင်းတစ်ခုရှိသည်။ ၎င်းနေရာမှ အရိုးအိုးကိုးလုံးကို တူးဖော်တွေ့ရှိခဲ့သည်။

(KKG-11) ၏ အနောက်ဘက်တည့်တည့် ၅၉ ပေအကွာတွင်ရှိသည့်(KKG-12)သည်လည်း ဘာသာရေးအဆောက်အအုံတစ်ခုဖြစ်၍ အရှေ့အနောက် ၄၆ ဒသမ ၄ ပေနှင့် တောင်မြောက် ၃၁ ဒသမ ၇၅ ပေရှိသည်။ အဆောက်အအုံပန္နက်အတွင်းမှ မြေအရိုးအိုးများကို ရရှိခဲ့သည်။

(KKG-14)သည် (KKG-12)၏ အနောက်မြောက်ဘက် ပေ ၁၀၀ တွင်တည်ရှိ၍ အရှေ့အနောက် ၂၆ ဒသမ ၇၅ ပေနှင့် တောင်မြောက် ၄၀ ဒသမ ၇၅ ပေရှိသည်။ ပန္နက်အတွင်း၌ ၁၄ ဒသမ ၃ ပေ အချင်းရှိကာ ၃ ဒသမ ၆ ပေမြင့်သည့် စက်ဝိုင်းပုံအုတ်ခုံတစ်ခုကို တွေ့ရှိရသည်။ ပန္နက်၏ မြောက်ဘက်တွင် အလျားနှင့် အနံ ၁၃ ဒသမ ၅ ပေရှိသည့် လှေခါးခုံတစ်ခုရှိ၍ ပန္နက်အတွင်းမှ မြေအရိုးအိုး ငါးလုံးနှင့် အသက် ၂၅ နှစ်အရွယ် အမျိုးသားအရိုးစုတစ်ခုကို တွေ့ရှိခဲ့သည်။

အိုးထိန်းတောင်နေရာတွင်တွေ့ရှိရသည့် ဘာသာရေးအဆောက်အအုံသည် (KKG-18)ဖြစ်၍ စေတီဟု ယူဆရသည်။ စေတီရင်ပြင်ပန္နက်ရာသည် အလျား ၃၄ ဒသမ ၆ ပေပတ်လည်ဖြစ်၍ စေတီ၏အချင်းသည် ၁၆ ပေဖြစ်သည်။ စေတီမျက်နှာစာတွင် ၇ ဒသမ ၆ ပေကျယ်သည့် လှေကားတစ်ခုပါရှိ၍ တူးဖော်မှုမှ မြေအရိုးအိုး ရှစ်လုံးကို ရရှိခဲ့သည်။

(KKG-21)သည် အင်းကြီးကန်အရှေ့ဘက်ကမ်းတွင်တည်ရှိ၍ အလျား ၄၄ ပေနှင့် အနံ ၂၈ ပေရှိသည်။ ပန္နက်ရာ၏မြောက်ဘက်တွင် ပန္နက်နှင့်တွဲဆက်နေသည့် အလျား ၂၅ ပေ၊ အနံ ၁၅ ဒသမ ၆ ပေရှိသည့် အခန်းတစ်ခုပါရှိသည်။ ၎င်းနေရာမှ အင်္ဂတေခြင်္သေ့ရုပ်၊ အင်္ဂတေပန်းဆွဲအပိုင်းအစများ၊ မကိုဋ်ဆောင်းထားသည့် နတ်ရုပ်ဦးခေါင်းပိုင်း၊ ဘီလူးရုပ်ဦးခေါင်းအကျိုး၊ အမျိုးသမီးကိုယ်အထက်ပိုင်းရုပ်တု၊ မျက်လုံးသုံးလုံးပါသည့်ဘီလူးခေါင်း စသည့် အဆင်တန်ဆာလက်မှုပစ္စည်းများကို ရရှိခဲ့သည်။

ထုံးဓလေ့ဆိုင်ရာအဆောက်အအုံဟုယူဆရသည့် (KKG-24)သည် ၂၂ ဒသမ ၇၅ ပေပတ်လည်ရှိသည့် စတုရန်းပုံပန္နက်ဖြစ်၍ ၎င်းနေရာမှ မြေအရိုးအိုးကိုးလုံးကို ရရှိခဲ့သည်။

(KKG-26)နောက်ပိုင်းတွင် တူးဖော်ခဲ့သည့်ကုန်းများကို (BTO-1)မှစတင်၍ အမှတ်စဉ်အတိုင်းအမည်များပေးခဲ့သည်။ BTO ကုန်းများကို တူးဖော်ခဲ့ရာတွင် ကုန်းပေါင်း ၂၀ သည် ဘာသာရေးဆိုင်ရာအဆောက်အအုံပန္နက်များဖြစ်ကြောင်း ဖော်ထုတ်နိုင်ခဲ့ပေသည်။

ဗိဿနိုးမြို့ဟောင်းတူးဖော်မှုတွင်တွေ့ရှိခဲ့ရသည့် စေတီပန္နက်ရာများသည် အိန္ဒိယနိုင်ငံအရှေ့တောင်ပိုင်းရှိ နာဂဇုနကုဏ္ဍမြို့ဟောင်းမှ စေတီတချို့နှင့် ပုံစံဆင်တူနေသည်။ ၎င်းအဆောက်အအုံပုံစံများသည်အတွင်း၌ စက်ဝိုင်းပုံပန္နက်ရှိ၍ ၎င်းပန္နက်ကို အပြင်မှစတုရန်းသို့မဟုတ် ထောင့်မှန်စတုဂံပုံ အုတ်တံတိုင်းပတ်ထားသည်။ (KKG-14၊ KKG-18 နှင့် BTO-5)။

ပျူခေတ် လူ့အဖွဲ့အစည်းထွန်းကားခဲ့စဉ်က မြို့ရိုး၊ နန်းတော်နှင့် ဘာသာရေးဆိုင်ရာအဆောက်အအုံများကို အုတ်များဖြင့်သာတည်ဆောက်ခဲ့ကြောင်း တူးဖော်မှုရလဒ်များက သက်သေပြနေခဲ့ပေသည်။ ဘာသာရေးဆိုင်ရာအဆောက်အအုံများတွင် လူများနေထိုင်ခဲ့ခြင်းမရှိသဖြင့် လူသုံးအများဆုံးဖြစ်သည့်အိုးများ၏အကြွင်းအကျန်ဖြစ်သည့် အိုးကွဲစများကို လုံးဝမတွေ့ရသကဲ့သို့ အိုးကွဲစအနည်းငယ်သာတွေ့ရသည့် ကုန်းများလည်း ရှိခဲ့သည်။


ဗိဿနိုးမြို့ဟောင်းတွင် ဘာသာရေးဆိုင်ရာအဆောက်အအုံများကို မြို့၏မြောက်ပိုင်းတွင်သာ တည်ဆောက်ခဲ့ကြသည်။ ၎င်းအဆောက်အအုံများကို စေတီပုံစံ၊ ခန်းမပုံစံ၊ သံဃာများနေထိုင်သည့် အဆောက်အအုံပုံစံဟု ခွဲခြားသတ်မှတ်နိုင်သည်။ ဗိဿနိုးမြို့ဟောင်းတူးဖော်မှုများတွင် အောက်ခြေပန္နက်ကိုသာ တွေ့ရှိရသဖြင့် အပေါ်ပိုင်းအဆောက်အအုံပုံစံကိုမူ ခန့်မှန်းပုံဖော်ကြည့်ကြရပေသည်။

ပျူခေတ်မြို့ဟောင်းများကို တူးဖော်သုတေသနပြုရာတွင် ဘာသာရေးနှင့်ဆက်နွယ်သည့် အဆောက်အအုံပန္နက်များကို တွေ့ရှိခဲ့ရသဖြင့် ဗိဿနိုးမြို့ဟောင်းတူးဖော်မှုများတွင် ဆက်လက်တွေ့ရှိနိုင်ဦးမည်ဖြစ်ပေသည်။

**ကိုးကား**

- **ဗိဿနိုးမြို့ဟောင်း(ဦးအောင်သော်)**
- **ဗိဿနိုးမြို့ဟောင်းတူးဖော်မှုမှတ်တမ်း (သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန)**
- **ပျူခေတ်ဘာသာရေးအဆောက်အအုံများ (ကျော်မျိုးဝင်း)**

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချိ အိတ်က မိမိတို့စားသောက်သမျှ

အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူမှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကိုပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျော ၁၇၂၇ ဧက စိုက်ပျိုးပြီးစီး

**ကောလင်း ဧော်တင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျော ၁၇၂၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြ၍ သိရသည်။

ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျော ၁၇၂၆ ဧကစိုက်ပျိုးရန် လျာထားပြီး မေလမှ စတင်စိုက်ပျိုးခဲ့ရာ စက်တင်ဘာ ၁၁ ရက်ထိ ငှက်ပျော ၁၇၂၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကောလင်းခရိုင်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ငှက်ပျော ၁၇၂၆ ဧကစိုက်ပျိုးဖို့ လျာထားတယ်။ အခု ငှက်ပျော ၁၇၂၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ အခုနောက်ပိုင်း လယ်ကန်သင်းတွေမှာ ငှက်ပျောစိုက်တာမျိုးလဲ တွေ့လာရတယ်။ ပိုးမွှားရောဂါကျရောက်မှုလဲ သက်သာတယ်"ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

ကောလင်းခရိုင်တွင် ယခုနှစ် မြို့နယ်အလိုက် ငှက်ပျောစိုက်ပျိုးပြီးစီးမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ဧက ၅၀၀၊ ဝန်းသိုမြို့နယ်တွင် ၆၈၁ ဧက၊ ပင်လည်ဘူးမြို့နယ်တွင် ၅၄၆ ဧက စုစုပေါင်း ၁၇၂၇ ဧက ဖြစ်ကြောင်း သိရသည်။

ကောလင်းခရိုင်တွင် ပြီးခဲ့သည့်နှစ် မိုးသီးနှံစိုက်ပျိုးရာသီက ငှက်ပျော ၁၇၂၆ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင်လည်း ကောလင်းခရိုင်၌ ငှက်ပျော ၁၇၂၆ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ငှက်ပျောစိုက်တောင်သူများအနေဖြင့် မြေတစ်ဧကလျှင် ငှက်ပျောအပင် ၁၀၀၀ ခန့်ထိ စိုက်ပျိုးပြီး အသီးသီးသည်ထိ ငှက်ပျောတစ်ဧက စိုက်ပျိုးစရိတ်မှာ ငွေကျပ်သိန်း ၂၀ ဖြစ်ကာ အသီးသီးချိန်တွင် တစ်ဧကလျှင် ငွေကျပ်သိန်း ၅၀ ခန့်ထိ ပြန်လည်ရရှိကြောင်း သိရသည်။

(၂၀၆)



ယခင်နှစ်က ငှက်ပျောစိုက်ခင်းကို တွေ့ရစဉ်။

# ဆင်ပေါင်ဝဲမြို့နယ် ညံတောအင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဆင်ပေါင်ဝဲ ဧော်တင်ဘာ ၁၂**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညံတောအင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ နဝမအကြိမ် ထုတ်ချေးခြင်းကို စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ စုရပ်ဆောင်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အိအိမွန်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ အတိုးဆပ်ကာလ၊ အရင်းဆပ်ကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ညံတောအင်းကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ထံ စီမံကိန်းရန်ပုံငွေကျပ် ၄၅ ဒသမ ၄ သန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၏ကြီးကြပ်မှုဖြင့် ညံတောအင်းကျေးရွာမြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၉ ဦးကို ငွေကျပ် ၁၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၉၁ ဦးကို ငွေကျပ် ၂၈ ဒသမ ၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၃၀ ကို ငွေကျပ် ၄၅ ဒသမ ၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညံတောအင်းကျေးရွာအုပ်စု ညံတောအင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး အဆိုပါစီမံကိန်းရန်ပုံငွေဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အတွက် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာကြောင်း ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အိအိမွန်ထံမှ သိရသည်။ **ယော်လေး**



## လူကုန်ကူးမှုပပျောက်ရေး အလေးထားကာ တိုက်ဖျက်ပေး

- လောကတွင်ကြားသိရ
ဘဝင်မကျဖြစ်စရာ၊
လူသားချင်းစာနာတရား
ခေါင်းပါးလှစွာ၊
စက်ဆုပ်ရွံ့ရှာစရာ
လူမဆန်ပါသည့်အတ္တနဲ့၊
လူကုန်ကူးစီးပွားရှာခြင်း
ဆောင်ကြဉ်းသည်တဲ့။

- လူသားချင်းရောင်းကုန်တစ်ရပ်ဟု
ထင်မှတ်၍မှုဆိုးပမာ၊
မက်လုံးပေး သွေးဆောင်စကားဖြင့်
သားကောင်ဖွေရှာ၊
သူတို့မာယာထောင်ချောက်မှာ
ယုံမှားကာသက်ဆင်းမိက၊
ဘဝပျက်ကာ အသက်ဘေးပင်
လွတ်ရေးခက်ရ။

- လူကုန်ကူးမှုပပျောက်ရေး
ရှေးရှုတွေးစို့တို့တစ်တွေ၊
မိသားစုတိုင်းဘဝလမ်း
အေးချမ်းကာလေ၊
စိုးရိမ်ကြောင့်ကြကင်းစွာမသွေ
နေနိုင်စေရန်အရေး၊
အမျိုးသားရေးတာဝန်အလား
အလေးထားကာဝိုင်းဝန်းလျက်
တိုက်ဖျက်ကာပေး။ ။

**မနော့သစ်(ပခုက္ကူ)**

# ပေါက်ခေါင်းမြို့နယ် လေးကြီးကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ပေါက်ခေါင်း ဧော်တင်ဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် လေးကြီးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့်လုပ်ငန်းများကို စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဟန်မြင့်ထွန်း၊ ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခိုင်ခင်မြဝင်းနှင့် ဝန်ထမ်းများက လေးကြီးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ Green House စနစ်ဖြင့် စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်မည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ မှာကြားခဲ့သည်။

အဆိုပါ ကျေးရွာမတည်ရန်ပုံငွေဖြင့် လေးကြီးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၁၀၀ ကို ငွေကျပ် ၃၁ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၂၀ ကို ငွေကျပ်၄သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ဦးရေ ၁၂၀ ကို ငွေကျပ် ၃၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း ပြည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဟန်မြင့်ထွန်းထံမှ သိရသည်။

**သုတ**

# နိုင်ငံတကာ သတင်းများ

## ယခုနှစ် တရုတ်နိုင်ငံစီးပွားရေးဖွံ့ဖြိုးမှုနှုန်းကို ဘောဂဗေဒပညာရှင်များ ပြန်လည်လျှော့ချ

**ပေကျင်း စက်တင်ဘာ ၁၂**

တရုတ်နိုင်ငံ၏ ယခုနှစ်စီးပွားရေးဖွံ့ဖြိုးမှုနှုန်းသည် ယခင်မျှော်လင့်ထားသည်ထက် ပို၍အားနည်းနိုင်ကြောင်း ဘောဂဗေဒပညာရှင်များ၏အဆိုကို ကိုးကား၍ ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ရိုက်တာသတင်းဌာနက ဘောဂဗေဒပညာရှင် ၇၆ ဦး ပြုလုပ်ခဲ့သည့် စစ်တမ်းကောက်ခံချက်ရလဒ်များအရ တရုတ်နိုင်ငံ၏ ယခုနှစ်စီးပွားရေးဖွံ့ဖြိုးမှုနှုန်းမှာ ၅ ဒသမ သုည ရာခိုင်နှုန်းထိ ရှိနိုင်ကြောင်း သိရသည်။

ယခုနှစ်ဂူလိုင်လအတွင်း ပြုလုပ်ခဲ့သည့် စစ်တမ်းတွင်မူ တရုတ်နိုင်ငံ၏ ယခုနှစ်စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကို ၅ ဒသမ ၅ ရာခိုင်နှုန်းအဖြစ် ဘောဂဗေဒပညာရှင်များကခန့်မှန်းထားသည်။

အိမ်ခြံမြေဈေးကွက်ပြဿနာများကြောင့် တရုတ်စီးပွားရေးဖွံ့ဖြိုးမှုနှုန်းတုံ့ဆိုင်းနေချိန်တွင် တရုတ်နိုင်ငံ၏ ယခုနှစ်စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကို ဘောဂဗေဒပညာရှင်များက လျှော့ချခဲ့ခြင်းဖြစ်သည်။

ကမ္ဘာပေါ်၌ စီးပွားရေးအင်အား ဒုတိယအကြီးဆုံးနိုင်ငံ ဖြစ်သည့် တရုတ်နိုင်ငံသည် အခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုကြွေးမြီများကြောင့် စီးပွားရေးဖွံ့ဖြိုးမှုနှုန်း နာလန်ထူရန် ရုန်းကန်နေရသည်။

တရုတ်နိုင်ငံ၏ ယခုနှစ်စီးပွားရေးဖွံ့ဖြိုးမှုနှုန်း မျှော်လင့်ထားသည်ထက်ပို၍ နည်းပါးနိုင်မှုမှာ အိမ်ခြံမြေကဏ္ဍနှင့် ဆက်စပ်နေသည်ဟု ဘောဂဗေဒပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။ KKO

## ဒီပါဝလီမီးထွန်းပွဲတော်ကာလ မီးရှူးမီးပန်းပစ်ဖောက်မှု ဒေလီမြို့တော်တာဝန်ရှိသူများပိတ်ပင်

**ဒေလီ စက်တင်ဘာ ၁၂**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တော်တာဝန်ရှိသူများသည် ဆောင်းရာသီကာလ လေထုညစ်ညမ်းမှုပြဿနာကို ထိန်းချုပ်ရေးအတွက် ဒီပါဝလီမီးထွန်းပွဲတော် အကြိုကာလမှစ၍ မီးရှူးမီးပန်းများ ပစ်ဖောက်မှုကို ပိတ်ပင်ထားကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

နှစ်စဉ် နိုဝင်ဘာလလယ်ပိုင်းတွင် ကျရောက်တတ်သည့် ဒီပါဝလီမီးထွန်းပွဲတော် ကာလအတွင်း အိန္ဒိယပြည်သူများသည် မီးရှူးမီးပန်းများပစ်ဖောက်နွှဲပျော်လေ့ရှိသည်။

သို့ဖြစ်ရာ ဒီပါဝလီမီးထွန်းပွဲတော်ကာလ မီးရှူးမီးပန်းပစ်ဖောက်မှုများမှ ထွက်ပေါ်လာသည့်မီးခိုးမြူမှုန်များသည် နယူးဒေလီမြို့တော်ကို ရက်ပေါင်းများစွာအုံ့ဆိုင်းထားတတ်ရာ မြို့တော်၏လေထုညစ်ညမ်းမှုအခြေအနေမှာလည်း ပို၍ဆိုးရွားလာတတ်သည်။

သို့သော် ဒီပါဝလီမီးထွန်းပွဲတော်အကြိုကာလမှစ၍ မီးရှူးမီးပန်းများပစ်ဖောက်မှုကို တားမြစ်ထားသလို မီးရှူးမီးပန်းရောင်းချမှုကိုလည်း ပိတ်ပင်ထားကြောင်း ဒေလီမြို့တော်တာဝန်ရှိသူများက စက်တင်ဘာ ၁၁ ရက်တွင် ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်၌ လေထုညစ်ညမ်းမှုပြဿနာ အဆိုးရွားဆုံး မြို့တော်ကြီးများထဲတွင် ပါဝင်သည်။

ပြီးခဲ့သည့်နှစ်များအတွင်း ဒေလီတာဝန်ရှိသူများသည် ဒီပါဝလီမီးထွန်းပွဲတော်ကာလ မီးရှူးမီးပန်းပစ်လွှတ်မှုများကို စတင်ပိတ်ပင်ခဲ့ကြောင်း သိရသည်။ KKO




## ဟန်ဂေရီနှင့်ချက်ကိုစလိုဗားကီးယားနိုင်ငံများသို့ တင့်ကားများစေလွှတ်သည့် ဆိုဗီယက်ဆုံးဖြတ်ချက်မှားယွင်းကြောင်း သမ္မတပူတင် သုံးသပ်




**ဗလာဒီဗော့စတော့ခ် စက်တင်ဘာ ၁၂**

စစ်အေးတိုက်ပွဲကာလအတွင်း ဆန္ဒပြသမားများကို ချေမှုန်းရေးအတွက် ဟန်ဂေရီနှင့် ချက်ကိုစလိုဗားကီးယားနိုင်ငံများသို့ တင့်ကားများစေလွှတ်ရန် ဆိုဗီယက်ပြည်ထောင်စုက ဆုံးဖြတ်ခဲ့ခြင်းသည် မှားယွင်းသည့်ဆုံးဖြတ်ချက်ဖြစ်ကြောင်း ရုရှားသမ္မတပူတင်က ယနေ့တွင် ပြောကြားခဲ့သည်။

ရုရှားအရှေ့ဖျားဒေသ ဗလာဒီဗော့စတော့ခ်မြို့၌ ကျင်းပနေသည့် အရှေ့ဖျားဒေသစီးပွားရေးညီလာခံ၌ ရုရှားသမ္မတပူတင်က သတင်းထောက်များ၏ မေးခွန်းတစ်ခုကို အဆိုပါအတိုင်းဖြေကြားခဲ့ခြင်းဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

၁၉၅၆ ခုနှစ်နှင့် ၁၉၆၈ ခုနှစ်တို့တွင် ဟန်ဂေရီနှင့် ချက်ကိုစလိုဗားကီးယားနိုင်ငံများသို့ တင့်ကားများစေလွှတ်ရန် ဆိုဗီယက်ပြည်ထောင်စု၏ ဆုံးဖြတ်ချက်နှင့်ပတ်သက်၍ ၎င်း၏အမြင်ကို သတင်းထောက်များက မေးမြန်းခဲ့ကြသည်။

နိုင်ငံခြားရေးမူဝါဒ ခေါင်းစဉ်အောက်တွင် အခြားပြည်သူများ ထိခိုက်စေမည့်အလုပ်မျိုးလုပ်ဆောင်မှုမှာ မှန်ကန်မှုမရှိကြောင်း ရုရှားသမ္မတပူတင်က သတင်းထောက်များ၏မေးခွန်းကို ဖြေကြားခဲ့သည်။

ဟန်ဂေရီနှင့် ချက်ကိုစလိုဗားကီးယားသို့ တင့်ကားများ စေလွှတ်ရန် ဆိုဗီယက်ပြည်ထောင်စုက ဆုံးဖြတ်ခဲ့ခြင်းမှာ မှားယွင်းကြောင်း သမ္မတပူတင်က သုံးသပ်ခဲ့သည်။

ဆိုဗီယက်ပြည်ထောင်စုကကျူးလွန်ခဲ့သည့် အဆိုပါအမှားမျိုးကို အမေရိကန်နိုင်ငံ ကိုယ်တိုင်သည်လည်း ကျူးလွန်ခဲ့သည်ဟု သမ္မတပူတင်က ပြောကြားခဲ့ကြောင်း သိရသည်။ KKO

## မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန် ရုရှားနိုင်ငံသို့ရောက်ရှိ

**မော်စကို စက်တင်ဘာ ၁၂**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ယနေ့တွင် ရုရှားနိုင်ငံသို့ရောက်ရှိနေပြီဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ကင်ဂျုံအန်သည် ၎င်း၏အထူးရထားဖြင့် စက်တင်ဘာ ၁၀ ရက်ကပင် ရုရှားနိုင်ငံခရီးစဉ်ကို စတင်ခဲ့ကြောင်း မြောက်ကိုရီးယားအစိုးရသတင်းမီဒီယာများက ယနေ့တွင် အတည်ပြုထားသည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ယနေ့နံနက်ပိုင်းတွင် ရုရှားအရှေ့ဖျားဒေသ၏ အဓိကမီးရထားလမ်းမြို့ဖြစ်သည့် ခါစန်မြို့သို့ ရောက်ရှိခဲ့ကြောင်း ရုရှားအစိုးရ သတင်းအရင်းအမြစ်များက ပြောကြားခဲ့သည်။



ကင်ဂျုံအန်သည် ခါစန်မြို့၌ ဒေသန္တရ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီးနောက် အထူးရထားဖြင့် ဆက်လက်ထွက်ခွာခဲ့ကြောင်း သိရသည်။

ရုရှားနိုင်ငံ ခရီးစဉ်အတွင်း မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်သည် ရုရှားသမ္မတပူတင်နှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း ရုရှားနှင့် မြောက်ကိုရီးယား နှစ်နိုင်ငံစလုံးက အတည်ပြုထားသည်။

အဆိုပါ ရုရှားခရီးစဉ်သည် မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်အတွက် လေးနှစ်ကျော်ကြာကာလအတွင်း ပထမဆုံးပြည်ပခရီးစဉ်ဖြစ်ကြောင်း သိရသည်။ KKO

## အမေရိကန်သုတေသနပညာရှင် မာ့ခ်ဒစ်ကီကို တူရကီမြေအောက်လိုဏ်ဂူထဲမှ အောင်မြင်စွာကယ်ထုတ်နိုင်

**အင်ကာရာ စက်တင်ဘာ ၁၂**

တူရကီနိုင်ငံတောင်ပိုင်းမြေအောက်လိုဏ်ဂူတစ်ခု၏ အနက်မီတာ ၁၀၀၀ ကျော်၌ နာမကျန်းဖြစ်နေသည့် အမေရိကန်သုတေသနပညာရှင် မာ့ခ်ဒစ်ကီကို ရှာဖွေကယ်ဆယ်ရေးသမားများက ယနေ့တွင် မြေပြင်ပေါ်သို့ အောင်မြင်စွာကယ်ထုတ်ပေးနိုင်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အသက် ၄၀ ရှိ မာ့ခ်ဒစ်ကီသည် မော်ကာအမည်ရှိ အဆိုပါလိုဏ်ဂူထဲတွင် စူးစမ်းလေ့လာမှုများပြုလုပ်နေစဉ် အစာအိမ်သွေးယိုမှုပြဿနာနှင့် စက်တင်ဘာ ၂ ရက်၌ စတင်ရင်ဆိုင်ခဲ့ရသည်။

တူရကီ ရှာဖွေကယ်ဆယ်ရေးသမားများနှင့် အခြားနိုင်ငံတကာ ရှာဖွေကယ်ဆယ်ရေး သမားများသည် မာ့ဒ်ဒစ်ကီကို ကယ်ထုတ်ရေးအတွက် ကိုးရက်ကြာ အချိန်ယူကြိုးပမ်းခဲ့ရသည်။

လက်ရှိအချိန်တွင် မာ့ခ်ဒစ်ကီကို မြေမျက်နှာပြင်ပေါ်သို့ အောင်မြင်စွာ ကယ်ထုတ်ခဲ့ပြီးနောက် ကျန်းမာရေးစစ်ဆေးမှုများပြုလုပ်နေကြောင်း တူရကီတာဝန်ရှိသူများက တွစ်တာစာမျက်နှာ၌ ယနေ့တွင် ဖော်ပြခဲ့သည်။

မာ့ခ်ဒစ်ကီကို ကယ်ထုတ်ရာတွင် တူရကီ၊ ခရိုအေးရှားနှင့် အီတလီနိုင်ငံတို့မှ ရှာဖွေကယ်ဆယ်ရေးသမား ဦးရေ ၁၅၀ ထိ ပါဝင်ခဲ့ကြသည်။

တူရကီနိုင်ငံ မာဆင်းပြည်နယ်တွင်တည်ရှိသည့် မော်ကာလိုဏ်ဂူသည် တူရကီနိုင်ငံ၏ တတိယမြောက်အနက်ရှိုင်းဆုံးမြေအောက်လိုဏ်ဂူဖြစ်ကြောင်း သိရသည်။ KKO

# SCIENCE AND TECHNOLOGY

## အာကာသတွင်းနက်များက မူလတွေးထင်ထားသည်ထက်ပို၍ ကမ္ဘာမြေနှင့် ပိုနီးကပ်သောနေရာများ၌ ပုန်းခိုနေနိုင်ဖွယ်ရှိ



**ရောမ စက်တင်ဘာ ၁၂**

အာကာသတွင်းနက်များသည် မူလတွေးထင်ထားသည်ထက် ပို၍ ကမ္ဘာမြေနှင့် ပိုနီးကပ်သောနေရာများ၌ ပုန်းခိုနေနိုင်ဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များ၏ အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက စက်တင်ဘာ ၁၁ ရက်တွင် ရေးသားတင်ပြထားသည်။

နဂါးငွေ့တန်းကြယ်စုအတွင်း၌ အာကာသတွင်းနက် ၂၀ ထိရှိနေပြီး ကမ္ဘာနှင့်အနီးဆုံး အာကာသတွင်းနက်မှာ ကမ္ဘာနှင့်အလင်းနှစ် ၁၅၆၅ အကွာတွင် တည်ရှိနေနိုင်ကြောင်း သိပ္ပံပညာရှင်များက ယခင်က ယူဆထားသည်။

သို့ရာတွင် အီတလီနိုင်ငံ ပါဒူဟာတက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ နဂါးငွေ့တန်းကြယ်စုအတွင်းရှိ အာကာသတွင်းနက်များသည် နှစ်ခု သို့မဟုတ် သုံးခုခန့် ကမ္ဘာမြေပြင်နှင့် အလင်းနှစ် ၁၅၀ ခန့်အကွာ၌ ရှိနေနိုင်ကြောင်း သိရသည်။

အီတလီသိပ္ပံပညာရှင်များသည် ဟေးဒက်အမည်ရှိ ကြယ်အစုအဝေးတစ်ခုကိုလေ့လာခဲ့ရာ ၎င်းကြယ်အစုအဝေးအတွင်း အာကာသတွင်းနက်နှစ်ခုမှ သုံးခုထိရှိနိုင်ကြောင်း ဖော်ထုတ်တွေ့ရှိခဲ့ရသည်။

ဟေးဒက် ကြယ်အစုအဝေးသည် ကမ္ဘာမြေနှင့်အလင်းနှစ် ၁၅၇ နှစ်အကွာမှာပင် တည်ရှိနေသည့် ကြယ်စုဖြစ်သည်။

ဟေးဒက်ကြယ်အစုအဝေးအတွင်းရှိ အာကာသတွင်းနက်များမှာ ၎င်းကြယ်အစုအဝေးအတွင်း ဆက်ရှိနေဆဲဖြစ်နိုင်သလို ၎င်းကြယ်စုအတွင်းမှ တွန်းထုတ်ခံခဲ့ရဖွယ်လည်းရှိကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။ KKO

## SLIM လဆင်းယာဉ်က အရွယ်အစားသေးငယ်သည့် လမျက်နှာပြင်လေ့လာရေး စက်ရုပ်ယာဉ်ငယ်တစ်စင်းကိုသယ်ဆောင်

**တိုကျို စက်တင်ဘာ ၁၂**

ဂျပန်နိုင်ငံက လွှတ်တင်ထားသော SLIM လဆင်းယာဉ်သည် အရွယ်အစားသေးငယ်သည့် လမျက်နှာပြင်လေ့လာရေး စက်ရုပ်ယာဉ်ငယ်တစ်စင်းကိုပါ သယ်ဆောင်သွားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က စက်တင်ဘာ ၁၁ ရက်တွင် ရေးသားတင်ပြထားသည်။

LEV-2 ဟူ၍ အမည်ပေးထားသည့် အဆိုပါ စက်ရုပ်ယာဉ်ငယ်သည် တင်းနစ်ဘောလုံးတစ်လုံးသာသာမျှ အရွယ်ရှိသည့် သတ္တုစက်လုံးတစ်လုံးဖြစ်ကြောင်း သိရသည်။

လပေါ်သို့ရောက်ရှိချိန်တွင် LEV-2 သည် စက်လုံးခြမ်းနှစ်ခုအဖြစ် ပြောင်းလဲသွားမည်ဖြစ်ပြီး လမျက်နှာပြင် မြေစာများပေါ်သို့ လှုပ်ရှားသွားလာမည်ဖြစ်သည်။

ဂျပန် အာကာသအေဂျင်စီသည် SLIM လဆင်းယာဉ်ကို စက်တင်ဘာ ၆ ရက်တွင် အိတ်ချ်-၂ အေ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



အရွယ်အစားအားဖြင့်အထိုက်အလျောက်သေးငယ်သော SLIM လဆင်းယာဉ်သည် လအနည်းငယ်ကြာ ပျံသန်းပြီးနောက် လပတ်လမ်းအတွင်း ဝင်ရောက်မည်ဖြစ်ကြောင်း သိရသည်။

SLIM လဆင်းယာဉ် လမျက်နှာပြင်ပေါ်သို့ ဆင်းသက်ပြီးချိန်တွင် LEV-2 သည် လဆင်းယာဉ်ပေါ်မှလိမ့်ဆင်း၍ စက်လုံးခြမ်းနှစ်ခြမ်းအဖြစ် အသွင်ပြောင်းပြီးနောက် လမျက်နှာပြင်ကို ဓာတ်ပုံများ လှည့်လည်ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

LEV-2 စက်ရုပ်ယာဉ်ငယ်၏ ဘက်ထရီသက်တမ်းမှာ နှစ်နာရီခန့်သာရှိကြောင်း သိရသည်။

KKO

## နာဆာ၏ ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်က နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်တစ်စင်း ကာဗွန်အခြေခံမော်လီကျူးများကို ထောက်လှမ်းတွေ့ရှိထား

**ဝါရှင်တန် စက်တင်ဘာ ၁၂**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်သည် နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်တစ်စင်း ကာဗွန်အခြေခံမော်လီကျူးများကို ထောက်လှမ်းတွေ့ရှိထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က စက်တင်ဘာ ၁၁ ရက်တွင် ရေးသားတင်ပြထားသည်။

ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်မှရရှိသည့်သတင်းအချက်အလက်များအရ k2-18b အမည်ရှိဂြိုဟ်၏ လေထုလွှာအတွင်း ကာဗွန်အခြေခံမော်လီကျူးများရှိနေသည်ကို တွေ့ရကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

အထက်ပါကာဗွန်မော်လီကျူးအထောက်အထားများအရ k2-18b ဂြိုဟ်ပေါ်တွင် သမုဒ္ဒရာတစ်စင်း တည်ရှိနေနိုင်သည်ဟု သိပ္ပံပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

k2-18b ဂြိုဟ်သည် ကမ္ဘာမြေနှင့် အလင်းနှစ် ၁၂၀ ခန့်အကွာတွင်တည်ရှိသော နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်တစ်စင်းဖြစ်ပြီး အရွယ်အစားအရ အချင်းဝက်အားဖြင့် ကမ္ဘာမြေအချင်းဝက်ထက် နှစ်ဆမှသုံးဆကြား ပိုကြီးမားကြောင်း သိရသည်။

ဒြပ်ထုအားဖြင့် ကမ္ဘာမြေထက် ၈ ဒသမ ၆ ဆထိ ပိုကြီးမားသော ၎င်းဂြိုဟ်သည် မိခင်ကြယ်ကို မနီးလွန်း၊ မဝေးလွန်းသောအရပ်မှ တစ်ဆင့် ဗဟိုပြုလှည့်ပတ်လျက်ရှိကြောင်း သိရသည်။ KKO

# HEALTH

## သား၊ သမီးဦးကို အသက် ၃၅ နှစ်အလွန်ယူသည့် အမျိုးသမီးများ ရင်သားကင်ဆာဖြစ်နိုင်ခြေ ပိုမြင့်မား

**လန်ဒန် စက်တင်ဘာ ၁၂**

ပထမဆုံး သားဦး၊ သမီးဦးကို အသက် ၃၅ နှစ်အလွန်တွင် ရယူခဲ့သည့် အမျိုးသမီးများသည် ငယ်ရွယ်သည့်မိခင်များနှင့် နှိုင်းယှဉ်ပါက ရင်သားကင်ဆာဖြစ်နိုင်ခြေ ပိုမြင့်မားကြောင်း The Daily Mail သတင်းစာက စက်တင်ဘာ ၁၁ ရက်တွင် ရေးသားတင်ပြထားသည်။

အသက်အရွယ် ၃၅ နှစ်ကျော်မှ ရင်သွေးရယူသူ အမျိုးသမီးများ၏ သားမြတ်ရှိ ဗီဇပြောင်းဆဲလ်အစုအခဲများသည် အသက်ပိုငယ်သောမိခင်များထက် အရွယ်အစားပိုကြီးမားတတ်ကြောင်း ဗြိတိန်နိုင်ငံ လန်ဒန်ဘုရင့်ကောလိပ်မှ သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

အဆိုပါဗီဇပြောင်း ဆဲလ်အစုအခဲများသည် သာမန်အားဖြင့် ဘေးအန္တရာယ် မရှိသော်လည်း နောက်ပိုင်းတွင် ကင်ဆာဆဲလ်များအဖြစ်သို့ ပြောင်းလဲသွားနိုင်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

ဗြိတိန်သုတေသနပညာရှင်များသည် အသက်၂၅ နှစ်အောက်၊ အသက် ၂၅ နှစ်၊ ၃၅ နှစ်ကြားနှင့် အသက် ၃၅ နှစ်နှင့် ၅၀ ကြား ပထမဆုံးရင်သွေးရယူခဲ့ကြသော အမျိုးသမီးများကို လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက် ရလဒ်များအရ အသက် ၃၅ နှစ်အလွန်တွင် ပထမဆုံး ရင်သွေးရယူသူများသည် အထက်ပါအသက်အပိုင်းအခြားမတိုင်မီ ကလေးရယူထားသူများထက် ရင်သားကင်ဆာဖြစ်နိုင်ခြေ ပိုများသည်ကို တွေ့ရသည်ဟု သုတေသန ပညာရှင်များက ပြောကြားကြောင်း သိရသည်။

KKO

## စတာတင်ဆေးများက HIV လူနာများ၌ နှလုံးဖောက်နိုင်ခြေနှင့် လေဖြတ်နိုင်ခြေကို လျှော့ချပေးနိုင်

**နယူးယောက် စက်တင်ဘာ ၁၂**

စတာတင် ကိုလက်စထရောလျှော့ချရေးဆေးများသည် ခုခံအားကျဆင်းမှုရောဂါ ဗိုင်းရပ်(HIV) လူနာများ၌ နှလုံးရှုတ်တရက်ဖောက်နိုင်ခြေနှင့် လေဖြတ်နိုင်ခြေတို့ကို လျှော့ချ ပေးနိုင်ဖွယ်ရှိကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က စက်တင်ဘာ ၁၁ ရက်တွင် ရေးသားတင်ပြထားသည်။

HIV ဗိုင်းရပ်ကူးစက်ခံထားရသူများသည် ၎င်းဗိုင်းရပ်မရှိသူများနှင့်နှိုင်းယှဉ်ပါက လေဖြတ်နိုင်ခြေနှင့် နှလုံးဖောက်နိုင်ခြေတို့ နှစ်ဆပို၍ မြင့်မားနေတတ်သည်။

သို့ရာတွင် မိမိတို့၏လေ့လာတွေ့ရှိချက်အရ စတာတင်ဆေးသည် သက်လတ်ပိုင်းနှင့်သက်ကြီးပိုင်း HIV လူနာများ၏ လေဖြတ်နိုင်ခြေနှင့် နှလုံးဖောက်နိုင်ခြေတို့ကို လျှော့ချပေးနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

စတာတင်ဆေးသည် နှလုံးသွေးကြောဆိုင်ရာရောဂါများ ဖြစ်နိုင်ခြေမြင့်မားသူများ လေဖြတ်မှုနှင့် နှလုံးဖောက်မှုတို့ကို ကာကွယ်ရေးအတွက် သုံးစွဲရသည့်ဆေးဖြစ်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ စတာတင်ဆေးသည် HIV ဗိုင်းရပ်ကူးစက်ခံထားရသူများတွင်လည်း လေဖြတ်နိုင်ခြေနှင့် နှလုံးဖောက်နိုင်ခြေတို့ကို လျှော့ချပေးနိုင်သည်ဟု အမေရိကန် သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် အသက် ၄၀ နှင့် ၇၀ ကြား HIV လူနာ ၇၇၆၉ ဦးတို့ကို လေ့လာ စောင့်ကြည့်ခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။ KKO



## နိုင်ငံတကာ အားကစားသတင်းများ

## တောင်ပံကစားသမား ပိုလီတာနို ဒဏ်ရာကြောင့် အသင်းနှင့်ပြန်လည်ပူးပေါင်းခဲ့ဟု နာပိုလီထုတ်ပြန်

**ရောမ အောက်တိုဘာ ၁၂**

ယူရို ၂၀၂၄ ခြေစစ်ပွဲအဖြစ် အီတလီအသင်းတွင် ပါဝင်ကစားနေသည့် တောင်ပံကစားသမား ပိုလီတာနိုသည် မြောက်မက်ဆီဒိုးနီးယားအသင်းနှင့် ကစားခဲ့သည့်ပွဲစဉ်တွင် ရရှိခဲ့သည့်ကြွက်သားဒဏ်ရာကြောင့် အသင်းလူစာရင်းမှ နုတ်ထွက်ခဲ့ပြီး နာပိုလီအသင်းနှင့် ပြန်လည်ပူးပေါင်းခဲ့သည်ဟု အသင်းတာဝန်ရှိသူများက ထုတ်ပြန်ခဲ့ကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ပိုလီတာနိုသည် မြောက်မက်ဆီဒိုးနီးယားအသင်းကို တစ်ဂိုးစီသရေ ရလဒ်ထွက်ပေါ်ခဲ့သည့် ပွဲစဉ်တွင် ပွဲထွက်ကစားသမားအဖြစ် ပါဝင်ခဲ့ပြီး ပထမပိုင်းပွဲကစားချိန်အတွင်း ခြေသလုံးကြွက်သား နာကျင်မှုကြောင့် ဒုတိယပိုင်းကို ဆက်လက်ကစားနိုင်ခြင်းမရှိတော့ဘဲ အသင်းဖော်ကစားသမား ဇန်နီအိုလိုနှင့် လူစားလဲခဲ့ရပြီးနောက် ယခုအခါ အီတလီအသင်းမှ ထွက်ခွာ၍ နာပိုလီအသင်းသို့ ပြန်လည်ရောက်ရှိခဲ့သည်။

နာပိုလီအသင်းက ပိုလီတာနို၏ဒဏ်ရာကို လိုအပ်သည့်စစ်ဆေးမှုများပြုလုပ်နေသဖြင့် ဒဏ်ရာနှင့်ပတ်သက်၍ အတိအကျထုတ်ပြန်နိုင်ခြင်း မရှိသေးသော်လည်း လာမည့် စနေနေ့တွင် စီးရီးအေ အမှတ်ပေးပွဲစဉ်အဖြစ် ဗိုရိုနာ အသင်းနှင့်ပွဲစဉ်ကို ပြန်လည်ပါဝင်နိုင်ရန် မျှော်လင့်နေသည်။

လက်ရှိ ချန်ပီယံနာပိုလီအသင်းသည် ယခုနှစ်ဘောလုံးရာသီ စီးရီးအေပြိုင်ပွဲ သုံးပွဲကစားခဲ့ရာတွင် ဖရိုစီဝမ်း၊ ဆက်ဆူအိုလိုအသင်းတို့ကိုအနိုင်ရခဲ့သော်လည်း လာဇီယိုအသင်းကို အိမ်ကွင်းတွင် နှစ်ဂိုးတစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သဖြင့် ရမှတ်ခြောက်မှတ်သာရရှိခဲ့ပြီး အမှတ်ပေးဇယားအဆင့်(၆)နေရာသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

ML



## မန်ယူအသင်းက Qualcomm ကုမ္ပဏီနှင့် စပွန်ဆာစာချုပ်ချုပ်ဆိုရန် သဘောတူညီမှုရရှိခဲ့




**မန်ချက်စတာ အောက်တိုဘာ ၁၂**

မန်ယူအသင်းသည် လာမည့် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီတွင် အင်္ကျီရင်ဘတ်စပွန်ဆာ Team Veiwer နှင့်လမ်းခွဲမည်ဖြစ်ပြီး Qualcomm ကုမ္ပဏီနှင့် တစ်နှစ်ဝင်ငွေ စတာလင်ပေါင် သန်း ၆၀ တန်ကြေးရှိသည့် စပွန်ဆာစာချုပ်သစ် ချုပ်ဆိုရန် သဘောတူညီမှု ရရှိခဲ့ကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန်အခြေစိုက်တစ်ပိုင်းလျှပ်ကူးပစ္စည်း ထုတ်လုပ်သည့် ကုမ္ပဏီဖြစ်သည့် Qualcomm ကုမ္ပဏီသည် မန်ယူအသင်းနှင့် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် ဩဂုတ်လကတည်းက အကျိုးတူပူးပေါင်းမှုများ ပြုလုပ်ခဲ့ပြီး လက်ရှိတွင် ပူးပေါင်းမှုကို မြှင့်တင်ရန်အတွက် အသင်းနှင့် တစ်နှစ်ဝင်ငွေ စတာလင်ပေါင်သန်း ၆၀ တန်ကြေးရှိသည့် စပွန်ဆာစာချုပ်သစ်ချုပ်ဆိုရန် ကြိုးပမ်းခဲ့ရာ သဘောတူညီမှုရရှိခဲ့သောကြောင့် လာမည့်နှစ်တွင် မန်ယူအသင်း၏အင်္ကျီများ၌ Qual-comm အမှတ်တံဆိပ်များကို တွေ့မြင်ရမည်ဖြစ်သည်။

လက်ရှိတွင် Qualcomm ကုမ္ပဏီသည် စမတ်ဖုန်း၊ကွန်ပျူတာ၊ ဂိမ်းစက် စသည့်ပစ္စည်းများနှင့် အခြားနည်းပညာထုတ်ကုန်ပစ္စည်းများကို ကမ္ဘာတစ်ဝန်းသို့ဖြန့်ချိလျက်ရှိနေသဖြင့် လာမည့်နှစ် မန်ယူအသင်း အိမ်ကွင်းအိုထရက်ဖို့ဒ်ကွင်းအတွင်း၌ မိုဘိုင်းကွန်ယက်နှင့်ပတ်သက်၍ အဆင့်မြှင့်တင်ပေးမည်ဖြစ်ကာ ပရိသတ်များအတွက် ထူးခြားသည့်အတွေ့အကြုံသစ်များ ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မန်ယူအသင်းသည် Qual-comm ကုမ္ပဏီနှင့်ရင်ဘတ်စပွန်ဆာစာချုပ်သစ်ချုပ်ဆိုရန် သဘောတူညီမှုရရှိခဲ့သော်လည်း အသေးစိတ်အချက်အလက်များကိုထုတ်ပြန်ခြင်းမရှိသေးကြောင်း သိရသည်။

ML

## ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာ တားမြစ်ဆေးသုံးစွဲမှုကြောင့် လေးနှစ်ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံရမည်

**ရောမ အောက်တိုဘာ ၁၂**

ဂျူဗင်တပ်အသင်း ကွင်းလယ်ကစားသမားပေါ့ဂ်ဘာသည် အူဒီးနီးစ်အသင်းနှင့်ပွဲစဉ်အပြီးတွင် စစ်ဆေးမှုပြုလုပ်ခဲ့ရာ တားမြစ်ဆေးဝါးသုံးစွဲထားကြောင့် စစ်ဆေးတွေ့ရှိခဲ့သောကြောင့် လေးနှစ်ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံရမည်ဖြစ်ကြောင်း အီတလီနိုင်ငံတားမြစ်ဆေးဝါးတိုက်ဖျက်ရေးအေဂျင်စီက ထုတ်ပြန်ကြေညာခဲ့သည်ဟု ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ပြီးခဲ့သည့် ဩဂုတ် ၂၀ ရက်က ကစားခဲ့သည့် အူဒီးနီးစ်အသင်းနှင့် ပွဲစဉ်အပြီးတွင် ပေါ့ဂ်ဘာအနေဖြင့် ဆေးစစ်မှုပြုလုပ်ခဲ့ရာ တက်စတိုစတာရုန်းခေါ် တားမြစ်ဆေးဝါး သုံးစွဲထားကြောင်း စစ်ဆေးတွေ့ရှိခဲ့ကြောင်း ဂျူဗင်တပ်အသင်းက တရားဝင် ထုတ်ပြန်ခဲ့ပြီးနောက် ၎င်းသည် တားမြစ်ဆေးဝါးတိုက်ဖျက်ရေးဥပဒေအရ လေးနှစ်ပွဲပယ်ပြစ်ဒဏ် ကျခံရမည်ဖြစ်ကြောင်း သိရသည်။

ပေါ့ဂ်ဘာ၏ အေးဂျင့်ဖြစ်သူ ပီမန်တာက "လက်ရှိစစ်ဆေးတွေ့ရှိခဲ့တဲ့ရလဒ်ကို အတည်ပြုနိုင်ဖို့အတွက် စစ်ဆေးမှုထပ်မံပြုလုပ်ထားပါတယ်။ စစ်ဆေးချက်ရလဒ်မထွက်သေးတော့အတိအကျပြောလို့မရသေးပါဘူး။ တကယ်လို့ တားမြစ်ဆေးဝါးသုံးစွဲတာ တွေ့ရှိခဲ့မယ်ဆိုရင်လဲ ပေါ့ဂ်ဘာအနေနဲ့ ရည်ရွယ်ချက်ရှိရှိ ဥပဒေကို ချိုးဖောက်မှာ မဟုတ်ပါဘူး"ဟု ပြောကြားခဲ့သည်။

ပြင်သစ်နိုင်ငံသား ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာသည် ၂၀၂၂ ခုနှစ်က မန်ယူအသင်းမှ ဂျူဗင်တပ်အသင်းသို့ ပြန်လည်ရောက်ရှိခဲ့ပြီးနောက် ဒဏ်ရာပြဿနာများနှင့်သာ ရုန်းကန်ခဲ့ရသဖြင့် ပြိုင်ပွဲစုံငါးပွဲသာပါဝင်နိုင်ခဲ့ပြီး ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း ဒူးဒဏ်ရာကြောင့် ပြင်သစ်အသင်းအတွက် ပါဝင်နိုင်ခြင်းမရှိခဲ့သည့်အပြင် ၎င်း၏အကိုဖြစ်သူ မာသီးယက်စ်၏ အမှုကိစ္စနှင့်ပတ်သက်၍လည်း ရဲတပ်ဖွဲ့၏စစ်ဆေးမှုများ ခံယူခဲ့ရပြီးနောက် ကစားသမားဘဝမှအနားယူရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

ML

## အားကစားသတင်း အတိုအထွာများ

- အေတီကိုအသင်းတိုက်စစ်မှူး ဂရစ်မန်းက ပြင်သစ်အသင်းနှင့် ကစားနေသည့် နိုင်ငံတကာပြိုင်ပွဲကာလအတွင်း မီဒီယာများနှင့်တွေ့ဆုံပွဲတွင် ၎င်းအနေဖြင့် အမေရိကန်မေဂျာလိဂ်တွင် ကစားသမားဘဝကုန်ဆုံးရန် ဆုံးဖြတ်ထားကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- ယူရို ၂၀၂၄ ခြေစစ်ပွဲအုပ်စုအဆင့်တွင် လူဇင်ဘတ်အသင်းကို ကိုးဂိုးဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် ပေါ်တူဂီအသင်းအနေဖြင့် နိုင်ငံတကာပြိုင်ပွဲများတွင် ဂိုးအများဆုံးနိုင်ပွဲအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။
- အာဂျင်တီးနားအသင်း တိုက်စစ်မှူး မက်ဆီသည် ဘိုလီဗီးယားအသင်းနှင့် ကမ္ဘာ့ဖလားခြေစစ်ပွဲကစားရန်အတွက် တောင်အမေရိကသို့သွားရောက်ခဲ့သော်လည်း ခရီးပန်းမှုကြောင့် ပွဲထွက်လူစာရင်းတွင် ပါဝင်ရန်သေချာမည်မဟုတ်ကြောင်း သတင်းများ ထွက်ပေါ်လျက်ရှိသည်။

ML

## Rolex Women World Golf က ထုတ်ပြန်သည့် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် မင်ဂျီလီက ကမ္ဘာ့အဆင့်(၇)နှင့် ရှုနင်ယင်က ကမ္ဘာ့အဆင့်(၁)နေရာ၌ ရပ်တည်

**ဇူးရစ် အောက်တိုဘာ ၁၂**

ဆွစ်ဇာလန်နိုင်ငံ အခြေစိုက် Rolex Women World Golf Ranking က ကမ္ဘာ့အဆင့်သတ်မှတ်ချက်များကိုထုတ်ပြန်ခဲ့ရာတွင် ယခုနှစ်အတွင်းပုံမှန်လက်စွမ်းမရခဲ့သည့် ဩစတြေးလျဂေါက်သီးရိုက်မယ် မင်ဂျီလီသည် ကမ္ဘာ့အဆင့်(၁၃)နေရာတွင် ရပ်တည်ခဲ့ရပြီး Kroger Queen City Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုကိုဆွတ်ခူးနိုင်ခဲ့ပြီးနောက် ကမ္ဘာ့အဆင့်(၇)နေရာသို့တက်ရောက်နိုင်ခဲ့ကြောင်း GA သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့အဆင့်(၁) နေရာကို တရုတ်ဂေါက်သီးရိုက်မယ် ရှုနင်ယင်က တက်ရောက်နိုင်ခဲ့ပြီး ဂေါက်သီးရိုက်လောက သမိုင်းတစ်လျှောက် ကမ္ဘာ့အဆင့်(၁) နေရာကိုတက်ရောက်နိုင်ခဲ့သော ပထမဦးဆုံး တရုတ် ဂေါက်သီးရိုက်မယ်အဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

ယခင်က ကမ္ဘာ့အဆင့်(၁)နေရာတွင် ရပ်တည်နေသည့် အမေရိကန်ဂေါက်သီးရိုက်မယ် လီလီယာဗူက ကမ္ဘာ့အဆင့်(၂)နေရာသို့ ကျဆင်းခဲ့ပြီး အမေရိကန်ဂေါက်သီးရိုက်မယ် နယ်လီကော့ဒါက ကမ္ဘာ့အဆင့်(၃) နေရာသို့ ရောက်ရှိခဲ့သည်။



တောင်ကိုရီးယား ဂေါက်သီးရိုက်မယ် ဂျင်ယန်းကိုကအဆင့်(၄)၊ ပြင်သစ်ဂေါက်သီးရိုက်မယ် ဘောက်တီယာက အဆင့်(၅)၊ တောင်ကိုရီးယားဂေါက်သီးရိုက်မယ် ကင်မ်ဟိုဂျိုက အဆင့်(၆)၊ အင်္ဂလန်ဂေါက်သီးရိုက်မယ် ချာလေဟူးလ်က အဆင့်(၈)၊ ယခင်ကမ္ဘာ့အဆင့်(၁) ဂေါက်သီးရိုက်မယ်ဖြစ်သည့် နယူးဇီလန်ဂေါက်သီးရိုက်မယ် လိုင်ဒီယာကိုက အဆင့်(၉)နှင့် အမေရိကန်ဂေါက်သီးရိုက်မယ် အလစ်ဆင်က အဆင့်(၁၀)အဖြစ် အသီးသီး ရပ်တည်ခဲ့ကြကြောင်း သိရသည်။

AZL

# လူကုန်ကူးမှုပပျောက်စေဖို့ ဝိုင်းဝန်းကာကွယ်ကြပါစို့

မေတ္တာမိုးနှင်း(ပဲခူး)

လူကုန်ကူးမှုသည် အကြီးမားဆုံး၊ အဆိုးရွားဆုံးသော လူ့အခွင့်အရေးချိုးဖောက်ခြင်းပင်ဖြစ်သည်။ လူသားအချင်းချင်း စာနာမှုကင်းမဲ့သော၊ လူသားမဆန်သော လုပ်ဆောင်ချက်ပင်ဖြစ်သည်။ သမိုင်းဦးဘုံမြေစနစ်တွင် လယ်ကျွန်၊ ငွေဝယ်ကျွန်စသည်ဖြင့် အခကြေးငွေဖြင့် ငှားရမ်းခိုင်းစားသော အခြေအနေ ရှိခဲ့သည်။ ခေတ်စနစ်ပြောင်းလဲလာသည်နှင့်အမျှ ခေတ်မီဖွံ့ဖြိုးမှုနည်းပညာများကို အလွဲသုံးစားပြု၍သော်လည်းကောင်း၊ ခေတ်နှင့်အညီ လိုက်လျောစွာ နေထိုင်နိုင်ရန် မက်လုံးပေး၍သော်လည်းကောင်း အခကြေးငွေဖြင့်မဟုတ်ဘဲ လူအချင်းချင်းခေါင်းပုံဖြတ်သော လူကုန်ကူးမှုပြဿနာများ ပေါ်ပေါက်လာပေသည်။ လူကုန်ကူးမှုပြဿနာသည် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ယနေ့ထိတိုင် တွေ့ကြုံနေရသောပြဿနာတစ်ရပ်ပင်ဖြစ်သည်။ ရုပ်ဆိုးအကျည်းတန်သော လူကုန်ကူးမှုလုပ်ရပ်များ ပပျောက်စေရန်အတွက် ကမ္ဘာ့နိုင်ငံအသီးသီးက ကြိုးစားဆောင်ရွက်နေကြသည်။ မြန်မာနိုင်ငံတွင်လည်း မြန်မာ့ယဉ်ကျေးမှုနှင့်ဆန့်ကျင်သော လူကုန်ကူးမှုလုပ်ရပ်များကို အစိုးရနှင့်ပြည်သူ လက်တွဲကူညီ၍ ဆောင်ရွက်ကြရပေမည်။

**❖ မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်သောနိုင်ငံတစ်နိုင်ငံဖြစ်သည်။ လိမ္မာယဉ်ကျေး၍ ကိုယ်ချင်းစာတရားပြည့်ဝပြီး မေတ္တာစိတ်ကြီးမားသော လူမျိုးများဖြစ်ကြသည်။ ယဉ်ကျေးမှုကိုမြတ်နိုးတွယ်တာကြသည်။ ထိုသို့ မင်္ဂလာတရားတော်နှင့်အညီ ကျင့်ကြံနေထိုင်ကြပါလျက် လူအချင်းချင်းခေါင်းပုံဖြတ်၍ လူကုန်ကူးခြင်းသည် အလွန်စက်ဆုပ်ရွံရှာဖွယ်ကောင်းသော လုပ်ရပ်ပင်ဖြစ်သည်။ မင်္ဂလာတရားတော်နှင့်သွေဖည်သော လုပ်ရပ်ဖြစ်သောကြောင့် နိုင်ငံသူ၊ နိုင်ငံသားအားလုံးအနေဖြင့် လူကုန်ကူးမှုပပျောက်အောင် ဝိုင်းဝန်းကြိုးစားကြရပေမည်။ ❖**

**လူကုန်ကူးမှုဆိုသည်မှာ**

လူကုန်ကူးမှုဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးဦးသည် အခြားသူတစ်ဦးတစ်ယောက်ကို ထိုသူ၏ သဘောတူညီချက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ခေါင်းပုံဖြတ်ခြင်းပြုရန်အလို့ငှာ-

(၁) ခြိမ်းခြောက်ခြင်း၊ အင်အားသုံးခြင်း သို့မဟုတ် အခြားနည်းဖြင့် အနိုင်အထက်ပြုခြင်း

(၂) သွေးဆောင်ခေါ်ယူခြင်း

(၃) လိမ်လည်ခြင်း

(၄) လှည့်ဖြားခြင်း

(၅) အခွင့်အာဏာကို အလွဲသုံးစားပြုခြင်း သို့မဟုတ် ဘဝရပ်တည်ရန်ခက်ခဲနေသော အခြေအနေကို အလွဲသုံးစားပြုခြင်း

(၆) တစ်ဦးတစ်ယောက်အပေါ် ချုပ်ကိုင်နိုင်သောသူ၏ သဘောတူညီချက်ရရှိရန် ငွေကြေး သို့မဟုတ် အကျိုးအမြတ်ကိုပေးခြင်း သို့မဟုတ် လက်ခံရယူခြင်းတို့ကို ပြုလုပ်ပြီး လူအများကို သိမ်းသွင်းစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ ခိုလှုံခွင့်ပေးခြင်း သို့မဟုတ် လက်ခံခြင်းကို ဆိုလိုသည်။

**လူကုန်ကူးမှုအခြေအနေ**

လူကုန်ကူးမှုပုံသဏ္ဌာန်နှင့် နည်းလမ်းမျိုးစုံရှိပြီး အထူးသဖြင့် စီးပွားရေးဖွံ့ဖြိုးမှု နောက်ကျသောနိုင်ငံများတွင် ပိုမိုဖြစ်ပွားလေ့ရှိသည်။ အာရှပစိဖိတ်ဒေသတစ်ခုတည်းမှာပင် လူကုန်ကူးမှုပုံစံအမျိုးမျိုးရှိရာ လူကုန်ကူးခံရမှုအချိုးအစားကို ကြည့်မည်ဆိုလျှင် အမျိုးသား ၂၉ ရာခိုင်နှုန်း၊ အမျိုးသမီး ၄၈ ရာခိုင်နှုန်း၊ ကလေးသူငယ် ယောကျ်ားလေး လေးရာခိုင်နှုန်းနှင့် မိန်းကလေး ၁၉ ရာခိုင်နှုန်းပါဝင်သည်။

ထို့အတူ လူကုန်ကူးမှုအမျိုးအစားများတွင် လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှု ၆၀ ရာခိုင်နှုန်း၊ လုပ်အားခေါင်းပုံဖြတ်မှု ၃၈ ရာခိုင်နှုန်းနှင့် အခြားအသုံးချမှု နှစ်ရာခိုင်နှုန်းပါဝင်သည်။

မှတ်တမ်းများအရ ၂၀၁၈ ခုနှစ်အတွင်း နိုင်ငံပေါင်း ၁၄၈ နိုင်ငံမှ လူကုန်ကူးခံရသူ ၅၀၀၀၀ ခန့်ကို တာဝန်ရှိသူများက ရှာဖွေဖော်ထုတ်နိုင်ခဲ့သည်။ ၎င်းတို့၏ ၅၀ ရာခိုင်နှုန်းသည် လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်ခြင်းအတွက် လူကုန်ကူးခံရပြီး ၃၈ ရာခိုင်နှုန်းမှာ အဓမ္မလုပ်အားပေးခိုင်းစေခြင်းအတွက် အမြတ်ထုတ်ခြင်းခံခဲ့ရသည်။ အမျိုးသမီးများနှင့်ကလေးငယ်များသည် လူကုန်ကူးသူတို့၏ အဓိကပစ်မှတ်အဖြစ် ဆက်လက်တည်ရှိနေကြသည်။ ၎င်းတို့အနက် ၄၆ ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်ပြီး လူကုန်ကူးခံရသူအားလုံး၏ ၁၉ ရာခိုင်နှုန်းမှာ မိန်းကလေးများဖြစ်သည်။ စစ်တမ်းများအရ လေ့လာတွေ့ရှိရသည့် လူကုန်ကူးခံရသူ ဖျမ်းမျှသုံးဦးလျှင် တစ်ဦးနှုန်းမှာ ကလေးဖြစ်သည်။ သို့ရာတွင် လူကုန်ကူးခံရသူ ယောကျ်ားလေးများ၏ အချိုးအစားမှာ လွန်ခဲ့သည့် ၁၅ နှစ်အတွင်း ငါးဆ တိုးလာခဲ့ကြောင်းသိရသည်။

**မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေး ဆောင်ရွက်ချက်များ**

မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ၁၉၉၇ ခုနှစ်မှ စတင်သတ်မှတ်ခဲ့ပြီး အမျိုးသားအဆင့် ငါးနှစ်စီမံကိန်းများကို ၂၀၀၇ ခုနှစ်မှ စတင်ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် စတုတ္ထငါးနှစ်စီမံကိန်း (၂၀၂၂-၂၀၂၆)ကို အောင်မြင်စွာ ရေးဆွဲနိုင်ခဲ့ပြီဖြစ်သည်။ ၂၀၂၂ ခုနှစ် လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်မှုများတွင် လုပ်ငန်းကဏ္ဍလေးရပ်ရှိ မူဝါဒနှင့်ပူးပေါင်းဆောင်ရွက်ရေး၊ ကြိုတင်ကာကွယ်ရေး၊ တရားစွဲဆိုရေး၊ ကာကွယ်စောင့်ရှောက်ရေးကဏ္ဍပါ လုပ်ငန်းစဉ်များကို ၈၆ ရာခိုင်နှုန်း အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။ ယခု ၂၀၂၃ ခုနှစ် လုပ်ငန်းစီမံချက်ကို နည်းပညာတိုးတက်မှု၊ စိန်ခေါ်မှုများနှင့်အတူ ပြောင်းလဲလာသော လူကုန်ကူးမှုပုံစံများ၊ လမ်းကြောင်းများအပေါ် မူတည်ပြီး လိုအပ်ချက်များ ပြင်ဆင်ဖြည့်စွက် ထည့်သွင်းရေးဆွဲထားကြောင်း သိရသည်။

ခေတ်နှင့်အညီပြောင်းလဲလာသော လူကုန်ကူးမှုပုံစံများကို စုံစမ်းဖော်ထုတ်နိုင်ရေးအတွက် ၂၀၂၂ ခုနှစ် ဇွန်လ ၁၆ ရက်နေ့တွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေကို ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့ပြီး နည်းဥပဒေ (မူကြမ်း)ကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများ၏ အကြံပြုချက်များနှင့်အညီ ရေးဆွဲပြုစု၍ အတည်ပြုနိုင်ရေး ဆောင်ရွက်လျက်ရှိပေသည်။ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့် လုပ်ငန်းကော်မတီများ၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်အပါအဝင် အဆင့်ဆင့်သော လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင်လည်း လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့များကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းထားရှိပြီး လူကုန်ကူးမှုကိစ္စရပ်များတွင် ပိုမိုပူးပေါင်းဆောင်ရွက်လာနိုင်မည်ဖြစ်ပေသည်။ ထို့ပြင် လူကုန်ကူးမှု စိစစ်ဖော်ထုတ်ခြင်းလုပ်ငန်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် လူကုန်ကူးမှုစိစစ်ခြင်း၊ လူကုန်ကူးခံရသူလွှဲအပ်ခြင်း၊ တရားစွဲဆိုခွင့်ပြုမိန့်တောင်းခံခြင်း၊ လူကုန်ကူးသူတရားခံများ လွှဲပြောင်းခြင်းများတွင် ယာယီအသုံးပြုမည့်ပုံစံခြောက်မျိုးကိုသတ်မှတ်ပေး၍ ရပ်ရွာအခြေပြု လူကုန်ကူးမှု စိစစ်ဖော်ထုတ်ရေးအဖွဲ့များကိုလည်း သင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့သည်။

**၂၀၂၃ ခုနှစ် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ ရည်ရွယ်ချက်(၄)ရပ်**

(၁) လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံးပူးပေါင်းဆောင်ရွက်ရန်။

(၂) လူကုန်ကူးမှုဆိုင်ရာအသိပညာများပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။

(၃) လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။

(၄) လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် တို့ဖြစ်သည်။

**ပြည်သူတစ်ရပ်လုံးဝိုင်းဝန်းကာကွယ်ကြပါစို့**

မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်သော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ လိမ္မာယဉ်ကျေး၍ ကိုယ်ချင်းစာတရားပြည့်ဝပြီး မေတ္တာစိတ်ကြီးမားသော လူမျိုးများဖြစ်ကြသည်။ ယဉ်ကျေးမှုကို မြတ်နိုးတွယ်တာကြသည်။ ထိုသို့ မင်္ဂလာတရားတော်နှင့်အညီ ကျင့်ကြံနေထိုင်ကြပါလျက် လူအချင်းချင်းခေါင်းပုံဖြတ်၍ လူကုန်ကူးခြင်းသည် အလွန်စက်ဆုပ်ရွံရှာဖွယ်ကောင်းသော လုပ်ရပ်ပင်ဖြစ်သည်။ မင်္ဂလာတရားတော်နှင့်သွေဖည်သော လုပ်ရပ်ဖြစ်သောကြောင့် နိုင်ငံသူ၊ နိုင်ငံသားအားလုံးအနေဖြင့် လူကုန်ကူးမှုပပျောက်အောင် ဝိုင်းဝန်းကြိုးစားကြရပေမည်။

ကိုဗစ်-၁၉ အလွန် စီးပွားရေးကျပ်တည်းမှုကို နိုင်ငံအများစု တွေ့ကြုံခံစားကြရသည်။ ထိုစီးပွားရေး ကျပ်တည်းမှုကိုအကြောင်းပြု၍ လူတချို့က ခေါင်းပုံဖြတ်ကြသည်။ ငွေကြေးဥစ္စာပစ္စည်းများ ရရှိနိုင်မှုကိုမက်လုံးပေး၍ သွေးဆောင်ဖြားယောင်းကြသည်။ ရွှေ့ပြောင်းလုပ်သားများအသွင်ဖြင့် တရားမဝင်ဆောင်ရွက်ခြင်းပြု၍ လူကုန်ကူးမှုကို ဖန်တီးကျူးလွန်ကြသည်။ ထိုသို့ ကျူးလွန်ရာတွင် လူကိုယ်တိုင်လည်းကောင်း၊ ကြားခံဆက်သွယ်ပေးသူ ပွဲစားများကလည်းကောင်း၊ နည်းပညာများကိုအလွဲသုံးစားပြု၍ အင်တာနက်မှလည်းကောင်း လူကုန်ကူးမှုကို အထမြောက်အောင် သွေးဆောင်ဖြားယောင်းခြင်း၊ ခြိမ်းခြောက်ခြင်း၊ လိမ်လည်ခြင်း၊ ဆက်သွယ်ပို့ဆောင်ခြင်းစသည့်ကဏ္ဍအလိုက် ဆောင်ရွက်ကြသည်။ လူကုန်ကူးမှု အထမမြောက်စေရန်အတွက် လူကြီးလူငယ် ကျားမ မရွေး ကိုယ့်ကိုယ်ကိုယ်ယုံကြည်ခြင်းဖြင့် တစ်ပါးသူ၏ သွေးဆောင်ဖြားယောင်းမှု မခံစားမိစေရန် ကြိုးစားကြရမည်။

လူတိုင်းလူတိုင်းတွင် အခက်အခဲကိုယ်စီ ရှိကြသည်။ ထိုအခက်အခဲကို စိတ်ထွက်ပေါက်ရှာဖွေ၍ တလွဲမပြုမှုစေရန် အရေးကြီးသည်။ ငွေကြေးဟူသည် လူသားတိုင်းအတွက် မရှိမဖြစ်လိုအပ်သည့်အရာဖြစ်သော်လည်း မည်သည့်အလုပ်အကိုင်ကိုမဆို အလွယ်တကူဆုံးဖြတ်၍ တစ်ပါးသူအား အပြည့်အဝမယုံကြည်ရန် လိုအပ်သည်။ လက်ကမ်းစာစောင်များ၊ ပြည်တွင်းပြည်ပ သတင်းများကို လက်လှမ်းမီသမျှလေ့လာ၍ လူကုန်ကူးမှုအန္တရာယ်ကို ကာကွယ်ကြရမည်ဖြစ်သည်။ လူငယ်လူရွယ်များကို သွေးဆောင်ဖြားယောင်း၍ လူကုန်ကူးမှုမှကာကွယ်ရန်အတွက် လူကုန်ကူးမှုအန္တရာယ် အသိပညာပေးဟောပြောပွဲများကို စာသင်ကျောင်းများ၊ ရပ်ကွက်ရုံးများတွင် အလျဉ်းသင့်သလို ပြုလုပ်ကြရမည်။ သို့မှသာ ပြည်ပသို့ရွှေ့ပြောင်းလုပ်သားအဖြစ် ရောင်းစားခြင်းခံရသော လူကုန်ကူးမှုပြဿနာများကို ဖြေရှင်းနိုင်မည်ဖြစ်သည်။

ယနေ့ခေတ်သည် ပွင့်လင်းမြင်သာရှိသော IT နည်းပညာခေတ်ဖြစ်သည်။ အရွယ်ရောက်ပြီးသော လူသားတိုင်းနီးပါးတွင် လက်ကိုင်ဖုန်းတစ်လုံးစီ ပိုင်ဆိုင်ထားကြပြီဖြစ်သည်။ ကြားခံဆက်သွယ်ရေးမီဒီယာနည်းစနစ်များစွာဖြင့် လည်ပတ်နေသော အင်တာနက်နယ်ပယ်တွင် သတင်းစကားများကို နေ့တိုင်းကြားမြင်သိရှိနေကြပြီဖြစ်သည်။ ထိုသို့သိမြင်ပြီးဖြစ်သော်လည်း ထိုနယ်ပယ်များမှတစ်ဆင့် လူကုန်ကူးမှုကို မသိမသာလုပ်ဆောင်တတ်သည်ကိုလည်း လေ့လာထားကြရမည်။ မိမိသိရှိထားသော အချက်အလက်များကို မိမိ၏မိသားစုသာမက မိမိပတ်ဝန်းကျင်တွင်လည်း သတင်းစကား အမှန်တရားများကို ပြန်လည်မျှဝေကြရမည်။ ဤအချက်ကို နိုင်ငံသူ၊နိုင်ငံသားတိုင်း လိုက်နာဖြန့်ဝေနိုင်မည်ဆိုပါက လူကုန်ကူးမှုအန္တရာယ်မှ များစွာကာကွယ်နိုင်မည်ဖြစ်သည်။

လူကုန်ကူးမှုပပျောက်ရေးအတွက် လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများတွင် ပြည်သူတစ်ရပ်လုံးက အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ရန်လိုအပ်သည်။ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ချိတ်ဆက်၍ ပြည်သူတစ်ရပ်လုံးအနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်မည်ဆိုပါက မကြာသောအချိန်ကာလအတွင်း လူကုန်ကူးမှုအန္တရာယ်သည် လျော့ပါးပျောက်ကွယ်သွားမည်ဖြစ်သည်။ ထို့ကြောင့် လူကုန်ကူးမှုပပျောက်စေဖို့ ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းကာကွယ်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပေသည်။

**ကိုးကား**

– **နိုင်ငံတော်၏ လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်နှင့်ရည်ရွယ်ချက်များ**

# တေးတစ္ဆေ ရုပ်သံဇာတ်လမ်းတွဲ ရန်ကုန်တိုင်းဒေသကြီးတွင် ဇာတ်အိမ်တည်ကာ ရိုက်ကူးနေ



**ရန်ကုန် စက်တင်ဘာ ၁၂**

Hey Play Application က ထုတ်လွှင့်ပြသမည့် တေးတစ္ဆေ ရုပ်သံဇာတ်လမ်းတွဲကို ရန်ကုန်တိုင်းဒေသကြီးတွင် ဇာတ်အိမ်တည်ကာ ယနေ့စတင်ရိုက်ကူးနေပြီဖြစ်ကြောင်း အဆိုပါရုပ်သံဇာတ်လမ်းတွဲကို ပုံဖော်ရိုက်ကူးသူ ဒါရိုက်တာ သားညီက ပြောပြ၍ သိရသည်။

တေးတစ္ဆေ ရုပ်သံဇာတ်လမ်းတွဲတွင် တေးသံရှင်အများစု ပါဝင်သရုပ်ဆောင်မည့် အလွမ်း၊ အဆွေး၊ ဒရာမာပုံစံ Musical Series အဖြစ် မြင်တွေ့ရမည်ဖြစ်ပြီး ဇာတ်လမ်းတွဲတွင် အပိုင်း ၁၆ ပိုင်းပါဝင်မည်ဖြစ်ကြောင်း၊ တေးတစ္ဆေ ရုပ်သံဇာတ်လမ်းတွဲ၏ ဇာတ်လမ်း၊ ဇာတ်ညွှန်းကို ဒါရိုက်တာ ညီမင်းလွင်က ရေးသားပြီး ဒါရိုက်တာ သားညီက Hey Play Application အတွက် ရိုက်ကူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံမှာ ဒီလိုဇာတ်မျိုးက လက်ချိုးရေတွက်လို့ရတယ်။ ကြိုတင်ပြင်ဆင်မှုတွေလဲ အများကြီးလုပ်ထားပါတယ်။ သီချင်းတွေကြိုသွင်းထားပါတယ်။ မြူးမြူးကြွကြွ ဘက်ထက် လွမ်းလွမ်းဆွေးဆွေးဘက်ကို ပိုသွားတဲ့ဒရာမာဇာတ်လေးပါ။ အဓိကကတော့ ကိုဝေမင်းမောင်က ဒီလိုဇာတ်မျိုး ရိုက်ဖို့ပြောထားတာကြာပြီ။ ဇာတ်လမ်းဦးဆောင်သူကတော့ ကိုညီမင်းလွင် ရေးထားတဲ့ဇာတ်လေးပါ"ဟု ဒါရိုက်တာ သားညီက ပြောပြသည်။

အဆိုပါ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ထက်ယံ၊ အုပ်စိုးခန့်၊ နေထွဋ်၊ Jason Ace၊ Aladin၊ အဆိုတော် အေးမြဖြူ၊ မေလသံစဉ်၊ အမရာဘုန်း၊ ယွန်း၊ ဆုလှိုင် စသည့်အနုပညာရှင်များ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ASH

# Barbie ဇာတ်ကား ကမ္ဘာ့တစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံကျော်လွန်ခဲ့

**နယူးယောက် စက်တင်ဘာ ၁၂**

ဝါနာဘရားသားကုမ္ပဏီ၏ Barbie ဇာတ်ကားသည် ကမ္ဘာတစ်ဝန်း ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံ ကျော်လွန်ခဲ့ပြီဖြစ်ကြောင်း Movieweb သတင်းဝက်ဘ်ဆိုက်က စက်တင်ဘာ ၁၁ ရက်တွင် ရေးသားတင်ပြထားသည်။

Barbie ဇာတ်ကားသည် ကမ္ဘာ့ရုပ်ရှင်သမိုင်းတစ်လျှောက် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံကျော်လွန်ခဲ့သည့် ၁၄ ကားမြောက် ရုပ်ရှင်ဇာတ်ကားဖြစ်ကြောင်း၊ အဆိုပါဇာတ်ကား၏ ကမ္ဘာတစ်ဝန်းဝင်ငွေသည် စတင်ရုံတင်ပြီး အဌမမြောက် သီတင်းပတ်ကုန်ချိန်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၀၃ ဘီလီယံ ထိရှိလာခဲ့ကြောင်း သိရသည်။

လက်ရှိအနေအထားအရ Barbie ဇာတ်ကား၏ ကမ္ဘာတစ်ဝန်းဝင်ငွေသည် Top Gun: Maverick ၏ ကမ္ဘာတစ်ဝန်းဝင်ငွေစုစုပေါင်းကို မကြာမီကာလအတွင်း ဖြတ်ကျော်နိုင်ဖွယ်ရှိကြောင်း သိရသည်။

Barbie ဇာတ်ကားကို အမျိုးသမီးဒါရိုက်တာ ဂရီတာဂျားဝစ်က တာဝန်ယူရိုက်ကူးပေးခဲ့ပြီး မင်းသားရိုင်ယန်ဂိုးစလင်းနှင့် မင်းသမီး မားဂေါ့ရော့ဘီတို့ ပါဝင်သရုပ်ဆောင်ထားသည်။

ဝါနာဘရားသားကုမ္ပဏီသည် Barbie ဇာတ်ကားကို ယခုနှစ် ဇူလိုင် ၂၁ ရက်တွင် စတင်ရုံတင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

KKO




# ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ ရင်းတိုက်သားဖြင့် ထုလုပ်ထားသည့် အလှမွေးခွေးရုပ်ကလေးများ ဝင်ရောက်လာ

**ရန်ကုန် စက်တင်ဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ ရင်းတိုက်သားဖြင့် ထုလုပ်ထားသည့် အလှမွေးခွေးရုပ်ကလေးများ စက်တင်ဘာလ ဒုတိယပတ်အတွင်း ဝင်ရောက်လာကြောင်း ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ တော်ဝင်မြန်မာအမှတ်တရ လက်ဆောင်ပစ္စည်း အရောင်းစင်တာမှ မန်နေးဂျင်းဒါရိုက်တာ ဒေါ်ခင်မြင့်ခိုင်က ပြောပြ၍ သိရသည်။

အဆိုပါ အလှမွေးခွေးရုပ်ကလေးများမှာ ဒီဇိုင်းသုံးမျိုးဖြင့် ဈေးကွက်သို့ ဝင်ရောက်လာခြင်းဖြစ်ပြီး လက်ရှိ လူကြိုက်များကာ မွေးမြူမှုများနေသည့် အလှမွေးနိုင်ငံခြားခွေးအမျိုးအစားများကို ရင်းတိုက်သားဖြင့် ထုလုပ်ထားခြင်းဖြစ်ကာ ပဲခူးတိုင်းဒေသကြီး ရွှေမော်ဓောဘုရား ပန်းပုတန်းမှ ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်း ဈေးကွက်သို့ ဝင်ရောက်လာကြောင်း သိရသည်။



"ဒီလထဲမှာ အသစ်ဝင်လာတော့ အိမ်တွေမှာ အမွေးများတဲ့ နိုင်ငံခြားခွေးပုကလေးတွေပုံကို ထုလုပ်ထားတာဖြစ်ပါတယ်။ ဒီဇိုင်းကတော့ သုံးမျိုးလာပါတယ်။ အရွယ်အစားကတော့ နှစ်မျိုးရှိပါတယ်။ လက်ဆောင်ပေးဖို့နဲ့ အိမ်မှာအလှထားဖို့ အဝယ်များကြပါတယ်။ ပဲခူးကနေ ရန်ကုန်ဈေးကွက်ထဲကို ဝင်လာတာဖြစ်ပါတယ်။ ခွေးရုပ်ကလေးတွေက ချစ်စရာကောင်းတဲ့အတွက် ဝယ်ယူသူများပါတယ်။ အရောင်းလဲ သွက်ပါတယ်"ဟု ဒေါ်ခင်မြင့်ခိုင်က ပြောပြသည်။

အဆိုပါ ခွေးရုပ်ကလေးမှာ (၆×၉) လက်မနှင့် (၆×၃) လက်မ အရွယ်အစားရှိပြီး ခွေးရုပ်တစ်ရုပ်လျှင် ငွေကျပ် ၇၀၀၀၀ ခန့်ဖြစ်ကာ ယခုလအတွင်း ဈေးကွက်သို့ အရုပ်တစ်မျိုးလျှင် အခုရေ ၃၀ ခန့် ဝင်ရောက်ထားပြီး အရုပ်မျိုးစုံ အခုရေ ၂၀ ခန့်ရောင်းချထားရကြောင်း သိရသည်။

ASH

# The Astronaut သိပ္ပံဇာတ်ကား၌ ဂါဘရီယက်လူနာနှင့် ကိတ်မာရာတို့ ပါဝင်မည်

**နယူးယောက် စက်တင်ဘာ ၁၂**

The Astronaut အမည်ရှိ သိပ္ပံလျှို့ဝှက်သည်းဖို ဇာတ်ကား၌ မင်းသား ဂါဘရီယက်လူနာနှင့် မင်းသမီး ကိတ်မာရာတို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Movieweb သတင်းဝက်ဘ်ဆိုက်က စက်တင်ဘာ ၁၁ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါ ဇာတ်ကားတွင် ကိတ်မာရာနှင့် ဂါဘရီယက်လူနာတို့သည် မင်းသားကြီး လောရင့်ဖစ်ဘန်းနှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

The Astronaut ဇာတ်ကားသည် ကမ္ဘာမြေသို့အပြန်တွင် ၎င်းနှင့်အတူ အာကာသသက်ရှိတစ်ကောင်လည်း အတူကပ်ပါလာကြောင်း ယုံကြည်နေသည့် အာကာသယာဉ်မှူးတစ်ဦး၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

The Astronaut ဇာတ်ကားကို အမေရိကန်အမျိုးသမီးဒါရိုက်တာ ဂျက်စ်ဗာလေက ကိုယ်တိုင် ဇာတ်ညွှန်းရေး၍ ကိုယ်တိုင် ရိုက်ကူးမည်ဖြစ်ပြီး အဆိုပါဇာတ်ကား ရိုက်ကူးရေးလုပ်ငန်းကို လာမည့်လအတွင်း စတင်ရန် ဒါရိုက်တာ ဂျက်ဗာလေက စီစဉ်ထားကြောင်း သိရသည်။

KKO




# Tourism & Green Investment ဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိသူများကို ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အခမ်းအနားတွင် ဆုချီးမြှင့်မည်

**ရန်ကုန် စက်တင်ဘာ ၁၂**

၂၀၂၃ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ် Tourism & Green Investment ဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိသူများကို ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန(ရန်ကုန်တိုင်းဒေသကြီး)မှ သိရသည်။

အဆိုပါ Tourism & Green Investment အမည်ဖြင့် ပြုလုပ်သည့် ဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိသူများကို စက်တင်ဘာ ၂၇ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အခမ်းအနားတွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပြီး လက်ရှိတွင် ဆုရရှိသူများ၏ အမည်စာရင်းကို ထုတ်ပြန်ထားပြီးဖြစ်ကြောင်း သိရသည်။

"၂၀၂၃ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ်အနေနဲ့ Tourism & Green Investment ဓာတ်ပုံပြိုင်ပွဲမှာ ဆုရရှိတဲ့ဓာတ်ပုံဆုရှင် ၁၅ ကို ဓာတ်ပုံပညာရှင်ကြီးတွေက စိစစ်ရွေးချယ်ပေးပြီးဖြစ်ပါတယ်။ သူတို့ကို စက်တင်ဘာ ၂၇ ရက် နေပြည်တော်မှာ ကျင်းပမဲ့ ၂၀၂၃ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အခမ်းအနားမှာ ဆုချီးမြှင့်ပေးမှာ ဖြစ်ပါတယ်"ဟု ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီး) ညွှန်ကြားရေးမှူး ဦးနန္ဒအောင်က ပြောပြသည်။

Tourism & Green Invest-ment ဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိသူများမှာ ပထမဆုကို ဦးအောင်မြတ်မင်းက မာရဝိဇယရုပ်ပွားတော်ကြီး ပုံတော်ဖြင့်လည်းကောင်း၊ ဒုတိယဆုကို ဦးမြင့်သန်းက ဓာတ်တော်တောင်အတွင်း ဆွမ်းလောင်းလှူခြင်းဓာတ်ပုံဖြင့်လည်းကောင်း၊ တတိယဆုကို ဦးကျော်ဇာမင်းတောင်သမန်တံတားကြီး၏ နံနက်ခင်းနေထွက်ချိန် အလှပုံဖြင့်လည်းကောင်း ဆုများရရှိခဲ့ကြောင်း သိရသည်။

ASH

# Muse trade zone scores top in trading among border trade camps along Myanmar-China border within five months




**The gate of Muse (105th Mile) Border Trade Zone.**

**Nay Pyi Taw September 12**

The Ministry of Commerce stated that Muse border trade zone among other border camps along Myanmar-China border handled the largest trade value from April to August 2023.

Myanmar operates border trade camps in Muse, Lweje, Chinshwehaw, Kampaiti and Kengtung to trade with China.

During the period, these camps managed US$950.577 million worth of export and US$755.596 million worth of import, totalling more than US$1.706 billion.

Among them, Muse camp tickled US$746.733 million worth of export and US$325.770 million worth of import, totalling more than US$1.072 billion.

Muse camp handles export of onion, frozen dried shrimp, eel, areca nut shell, rubber, crab, hair, aluminum, minerals, white jute and cotton and import of vehicles, machinery, slippers, iron rods, plastic bags, fertilizers, diesel engines, solar accessories, porcelain and PVC plastic bags.

At the same time, Chinshwehaw handled export value worth US$140.436 million and import, US$399.655 million, totalling US$540.091 million.

Likewise, Kampaiti camp secured US$47.741 million worth of export products and US$9.708 million worth of import, totalling US$57.449 million.

Lweje camp stood the fourth position with export of US$13.936 million and import of US$18.844 million totalling US$32.78 million whereas Kengtung camp took the fifth position with export of US$1.731 million and import of US$1.619 million, totalling US$3.35 million.

336

# Pyapon Township sent 67,000 viss of cuttle-fish to Yangon in August alone

**Pyapon September 12**

Daw Tin Tin Win, owner of marine product trading brokerage in Pyapon, said that local fishermen from Pyapon Township sent 67,000 viss of cuttle-fish to Yangon market within a month of August this year.

They sent 41,000 viss of cuttle-fish to Yangon in July, compared with 67,000 viss in August.

"We sell cuttle-fish more than the past. The total weight of cuttle-fish sent to Yangon in August was some 26,000 viss than the last year. But, prices of cuttle-fish remains unchanged," she added.

At present, fishermen processed cuttle-fish and then sent them to Yangon market. Merchants export such cuttle-fish to China and Thailand via Yangon. Whatever it may be, local fishermen and businesspersons in Pyapon Township are happy for earning increased incomes.



**Cuttle-fish seen at a market.**

Kyaw Kyaw Lin

# Myanmar businesspersons invited to attend The 2nd International Smart AGTECH Expo in Jeju of South Korea

**Yangon September 12**

The Trade Development Branch of the Myanmar Trade Promotion Organization stated that Myanmar businesspersons were invited to join the 2nd International Smart AGTECH Expo to be held in Jeju of South Korea.

It will be organized by Global e-Mobility Association Network of South Korea at Seogwipo Agricultural Technology Center in Jeju of Korea from 1 to 3 November.

It aims to reduce carbon emission for global weather and establish an effective economic network in the transforming the agricultural machinery to the electronic system.

The expo will showcase AI applied vehicles, agricultural used drones, agricultural used EV cars, batteries, charging accessories, agricultural machinery and infrastructures by 150 companies at 250 booths.

Moreover, the expo will organize the online showrooms, business matching, seminars for farmers to join the technology applied agricultural sectors and accommodation.

ASH

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Trade value at Chinshwehaw border trade zone increases fivefold against target in August

**Nay Pyi Taw September 12**

Chinshwehaw border trade zone managed to increase the trade value five times against the target, said sources from the Ministry of Commerce.

Among the five border trade zones operating border trade activities with China, Chinswehaw trade zone is the second largest operator. It handled a total trade value of US$139.888 million—US$41.202 million in exports and US$98.686 million in imports—in August.

Therefore, the total trade value increased five times against the target, causing a lion in that month of the current 2023-2024 fiscal year.

In August, more items were imported including maize, various beans and pulses, sesame, raw rubber, elephant foot yam tuber, onions, rice husk, charcoal pulp paper and CMP products.

Such an increased trade volume has resulted from smoother and better transportation and commodity flow.

Transport charges for the route from Mandalay to Chinshwehaw are K80 per viss and for the route from Chinshwehaw K170 or K185 per viss depending on weight.

336



**Cargo trucks seen near Chinshwehaw Border Trade Zone.**

# Traditional medicine practitioner ID holders can apply for licence for general healthcare service


Traditional medicines and herbs on display.

**Nay Pyi Taw September 12**

Those who hold ID of traditional medicine practitioners can apply for licence of healthcare services, according to the Myanmar Traditional Medicine Council on 10 September.

As part Section 37 of the Myanmar Traditional Medicine Council Law, the traditional medicine practitioner ID holders must apply for the GP licence.

They can apply for the licence in person or those entrusted with general power to the council office in Nay Pyi Taw. The applicants have to pledge not to break the Myanmar Traditional Medicine Council Law and ethics of those practitioners.

They have to submit qualified certificate for traditional medicine education, degree or diploma certificate of the Myanmar Traditional Medicine, certificate of one-year course for traditional medicine, ID and six passport-sized photos.

Currently, the government is striving for improvement of Myanmar traditional medicine with potent therapies.

According to the decisions of the meeting No 2 and 3 of the Central Traditional Medicine Supervisory Committee, a total of 57 registration for traditional medicines were allowed from 1 to 15 August 2-23.

336

# Mount Taranaki: Climber survives 600m fall with minor injuries

**Wellington September 12**

A climber in New Zealand "miraculously" survived a fall of 600m (1,968ft) with only minor injuries after tumbling down the side of a mountain.

Police said the man fell from Mount Taranaki on the North Island and was saved by spring weather which softened the ice and meant he landed in snow.

The police said the climber is "exceptionally lucky to be alive".

The distance he fell equals the Makkah Clock Royal Tower in Saudi Arabia, one of the world's tallest buildings.

It is also nearly twice the height of the Shard in London which stretches 309m into the sky.

The climber was part of a group scaling Mount Taranaki when he fell from the summit about midday local time (midnight GMT) on Saturday 9 September.

"Having watched their fellow climber slide down the mountain and out of view, another member of the group climbed down to try and locate them," said the police.

A member of the Taranaki Alpine Rescue also happened to be climbing that day and helped locate the fallen man.

Mount Taranaki has a reputation as one of the deadliest mountains in New Zealand, according to the country's Mountain Safety Council.

BBC

# Myanmar pockets more than US$0.9 million in export of tobacco to Laos

**Nay Pyi Taw September 12**

After opening Myanmar-Lao friendship bridge, Myanmar-Lao border trade rose, and Myanmar has secured more than US$900,000 from export of goods including tobacco to Laos from April to July this financial year, according to the Trade Department of the Ministry of Commerce.

"After opening the friendship bridge, bilateral border trade increased. Now, Myanmar tobacco is high demand of Laos, and in the first week of September, Myanmar has sent 22 tons of tobacco to Laos through Kenglat border camp for earning US$35,000. From April to July this financial year, Myanmar exported agricultural produce and marine products to Laos," said deputy director Daw Cho Thet Mu of the Trade Police Branch of the Trade Department.

During the period from April to July 2023-24 financial year, export of prawn dust earned more than US$900,000 and rice, more than US$14,000, and tobacco more than US$35,000.


Cargo trucks passing through a bridge.

In coming financial year, Kenglat camp will handle export of maize to Laos.

Kenglat border trade camp was opened on 26 August 2023 through the Mekong-Lancang cooperation special fund.

ASH

# Libya declares emergency as Storm Daniel kills 150

**Misrata September 12**

At least 150 people have died after a powerful storm caused severe flooding in eastern Libya, an official has said.

Storm Daniel made landfall in the North African nation over the weekend, prompting authorities to declare a state of extreme emergency. Last week, it killed a dozen people in Europe.

Seven Libyan army personnel have gone missing during ongoing rescue efforts.

Officials in eastern Libya have imposed a curfew, while schools and shops have been ordered to close.

"At least 150 people were killed as a result of flooding and torrential rains left by storm Daniel in Derna, the Jabal al-Akhdar region and the suburbs of Al-Marj," Mohamed Massoud, a spokesman for the Benghazi-based administration in Libya, told French news agency AFP.

Storm Daniel has affected the eastern cities of Benghazi and Sousse, as well as Derna and Al-Marj.

The western city of Misrata was also among those hit by the floods.

Unverified videos of the storm have been circulating online, including a clip showing torrents of floodwater sweeping a man away. Other footage shows drivers trapped on their car roofs.

BBC


The city of Misrata, in the west, was among those hit by heavy rains. GETTY IMAGES

# e-Commerce guidelines issued for online services, online shopping

**Nay Pyi Taw September 12**

The Ministry of Commerce issued e-Commerce guidelines for all forms of online services and shopping.

According to the guidelines, those operating all forms of online shopping and services have to take registration at prescribed registration systems by the Ministry of Commerce and follow relevant laws.

Moreover, those applicants have to mention registration data, address and contact numbers on websites or social networks with ways of resolutions for solving any complaints related to their services and shopping.

The online shopping and services have to insert the ways of agreements for consumers to solve some problems anyhow.

The guidelines comprise a chapter for consumer protection. As such, online shopping and service providers have to mention their commodities and services clearly with prices and tax, transporting routes and refunding. If provides fail to deliver the commodities more than 15 days later, customers have rights to stop trading, and provides have to refund a full amount of money for commodities under the agreements.

Moreover, e-commerce providers have to keep payment data for at least three years, and if buyers demand it, they have to release the data free of charge. If courts or authorities demand the data, they have to release them.

E-commerce guidelines are available at www.commerce.gov.mm of the Ministry of Commerce.

ASH

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ယူကရိန်းတွင် Challenger 2 ပင်မတိုက်ပွဲဝင်တင့်ကား ဒုတိယမြောက်တစ်စီးကို ရုရှားတပ်ဖွဲ့များဖျက်ဆီးနိုင်ခဲ့



ရုရှားတပ်ဖွဲ့များသည် ယူကရိန်းနိုင်ငံတွင် ဗြိတိန်နိုင်ငံထုတ် Challenger 2 ပင်မတိုက်ပွဲဝင်တင့်ကား ၁၄ စီးအနက် ဒုတိယမြောက်တစ်စီးကို တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့ကြောင်း RIA Novosti မှ Zaporozhye ဒေသမှ ဒေသခံလူထုခေါင်းဆောင် Vladimir Rogov ၏ ပြောကြားချက်ကို ကိုးကား၍ စက်တင်ဘာ ၉ ရက်က သတင်းထုတ်ပြန်ခဲ့သည်။

ရုရှားနိုင်ငံထုတ် Kornet တင့်ဖျက်ဒုံးကျည်တစ်စင်းဖြင့် တစ်ကြိမ်သာထိမှန်ပေါက်ကွဲခဲ့ပြီးနောက် ဒုတိယမြောက်တင့်ကားသည် အသုံးပြုနိုင်ခြင်းမရှိတော့ဟု ဒေသခံလူထုခေါင်းဆောင် Vladimir Rogov က သတင်းအေဂျင်စီသို့ ပြောကြားခဲ့ခြင်းလည်းဖြစ်သည်။

ဗြိတိန်ထုတ် တင့်ကားများ၏ တိုက်စွမ်းရည်အပေါ် ဝေဖန်မေးခွန်းထုတ်စရာဖြစ်သည်။ ဒုတိယမြောက် တင့်ကားတစ်စီးကို ရုရှားလေကြောင်းတပ်ဖွဲ့များက တိုက်ခိုက်ဖျက်ဆီးလိုက်ကြောင်းဟု Rogov က ပြောကြားခဲ့သည်။

ဗြိတိန်နိုင်ငံက ပံ့ပိုးပေးသော စစ်လက်နက်ပစ္စည်းများသည် အနောက်တိုင်းထုတ် လက်နက်စနစ်များကဲ့သို့ပင် မီးလောင်ပျက်စီးနေပြီဟု Rogov က ပြောကြားကြောင်း၊ အဆိုပါသတင်းအတွက် သတင်းရင်းမြစ် အမည်နာမတို့ကို ထုတ်ဖော် ပြောကြားသွားခြင်းမရှိပေ။

ယူကရိန်းနှင့် ရုရှားနိုင်ငံဘက်က ယခုသတင်းနှင့်ပတ်သက်၍ တရားဝင်မှတ်ချက်ပေးထားခြင်းမရှိသေးပေ။ ယခုသီတင်းပတ်အစောပိုင်းတွင် ယူကရိန်းတွင်ပထမဆုံး Challenger 2 ပင်မတိုက်ပွဲဝင်တင့်ကားတစ်စီးကို တိုက်ခိုက်ဖျက်ဆီးခံရကြောင်း ဗြိတိန်နိုင်ငံဘက်က တရားဝင်အတည်ပြုခဲ့သော်လည်း ယခု ဒုတိယမြောက်တစ်စီးဖျက်ဆီးခံခဲ့ရမှုအပေါ် မည်သည့်မှတ်ချက်မျှ ပြောကြားထားခြင်းမရှိသေးပေ။

ဗြိတိန်ထုတ် ပထမဆုံးတင့်ကားတစ်စီးကို ရုရှားထုတ် Kornet တင့်ဖျက် ဒုံးကျည်ဖြင့်ပင် တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့ကြောင်း သိရသည်။

Kornet တင့်ဖျက်ဒုံးကျည်စနစ်သည် လူတစ်ကိုယ်စာ သယ်ဆောင်နိုင်သော ပခုံးထမ်းတင့်ဖျက် ပဲ့ထိန်းဒုံးကျည်ဖြစ်ပြီး ယာဉ်ပေါ်တွင်လည်း တပ်ဆင်အသုံးပြုနိုင်ကြောင်း၊ ပြုပြင်မွမ်းမံထားသော ဒုံးကျည်တားရှင်းအချို့တွင် ပင်မတိုက်ပွဲဝင်တင့်ကားများနှင့် ပေါက်ကွဲစေတတ်သော ဓာတ်ပြုသံချပ်ကာသုံး သံချပ်ကာတိုက်ယာဉ်များကို ၁၀ ကီလိုမီတာ အကွာအဝေးထိ တိုက်ခိုက်ဖျက်ဆီးနိုင်စွမ်းရှိကြောင်း သိရသည်။

ပြီးခဲ့သည့်သီတင်းပတ် စက်တင်ဘာ ၆ ရက်တွင် ပထမဆုံး Challenger 2 တင့်ကားကို Kornet ဒုံးကျည်ဖြင့် ထိမှန်ပျက်စီးခဲ့သည်ဟုယူဆရသည့် ဗီဒီယိုဖိုင်တစ်ခု လူမှုကွန်ရက်ပေါ်တွင် ပျံ့နှံ့ခဲ့သည်။ တိုက်ခိုက်ခံရမှုကြောင့် တင့်ကားမှာ လုံးဝမီးလောင်ပျက်စီးသွားကြောင်း ဗီဒီယိုဖိုင်တွင် တွေ့မြင်ခဲ့ရသည်။

တစ်ချိန်တည်းမှာပင် ဗြိတိန်နိုင်ငံကာကွယ်ရေးဝန်ကြီး Grant Shapps က ပဋိပက္ခဇုန်တွင် စက်ပစ္စည်းများဆုံးရှုံးမှုရှိနိုင်သည်ဟုဆိုကာ ဆုံးရှုံးမှုအပေါ် လက်ခံအတည်ပြုပေးခဲ့သည်။ ထို့ပြင် ဗြိတိန်နိုင်ငံအနေဖြင့် ဆုံးရှုံးမှုများကို အစားထိုးရန်အတွက် ယူကရိန်းသို့ နောက်ထပ်တင့်ကားများစေလွှတ်ရန် အစီအစဉ်မရှိကြောင်း ၎င်းက သတင်းထောက်များကို ထည့်သွင်းပြောကြားခဲ့သည်။

ဗြိတိန်နိုင်ငံသည် ဂျာမနီထုတ် Leopard 2 တင့်ကားများ အများစုပါဝင်သော အနောက်နိုင်ငံများ၏ ကြီးမားသောအကူအညီပေးရေးကြိုးပမ်းမှု တစ်စိတ်တစ်ပိုင်းအဖြစ် ယခုနှစ်အစောပိုင်းတွင် ယူကရိန်းသို့ Challenger 2 တင့်ကား ၁၄ စီး ပေးပို့ခဲ့သည်။ ထောက်ပံ့ရေးပစ္စည်းများသည် ဇွန်လအစောပိုင်းတွင် စတင်ခဲ့သော ယူကရိန်းတန်ပြန်ထိုးစစ်အတွက် ရည်ရွယ်ခြင်းဖြစ်သည်။

ထိုအချိန်မှစ၍ ယူကရိန်းတပ်များသည် ရှေ့တန်းတစ်လျှောက် သိသာထင်ရှားသော စစ်ဆင်ရေးအမြတ်အစွန်းများ မရရှိခဲ့ဘဲ တပ်ဖွဲ့ဝင်များနှင့် စစ်လက်နက်စက်ပစ္စည်းကိရိယာများ ဆုံးရှုံးမှုကြုံတွေ့ခဲ့ရသည်။

၂၀၂၃ ခုနှစ် စက်တင်ဘာ ၅ ရက်ထိ ယူကရိန်းနိုင်ငံသည် နွေရာသီ တန်ပြန်စစ်ဆင်ရေးတွင် တပ်ဖွဲ့ဝင်ဦးရေ ၆၆၀၀၀ နှင့် စစ်လက်နက်ပစ္စည်း ၇၆၀၀ ကျော် အမြောက်အမြား ဆုံးရှုံးခဲ့ရကြောင်း ရုရှားကာကွယ်ရေးဝန်ကြီး Sergey Shoigu က တရားဝင် ထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ်သည်။

**Second British-made Challenger 2 tank destroyed in Ukraine – RIA ကို ဘာသာပြန်ဆိုထားပါသည်။**

## ဘောလ်တစ်ပင်လယ်မြောက်ပိုင်းကမ်းရိုးတန်း၌ စစ်ရေးလေ့ကျင့်မှုများပြုလုပ်ခဲ့ကြောင်း NATO ပြောကြား



ဘောလ်တစ်ပင်လယ်တွင် နှစ်စဉ်ပြုလုပ်မြဲဖြစ်သော မြောက်ပိုင်းကမ်းရိုးတန်းကာကွယ်ရေးစစ်ရေးလေ့ကျင့်မှုကို ပြုလုပ်ခဲ့ကြောင်း၊ စစ်ရေးလေ့ကျင့်မှုတွင် နိုင်ငံပေါင်း ၁၄ နိုင်ငံမှ စစ်သင်္ဘော ၃၀ ခန့်နှင့် တပ်ဖွဲ့ဝင်အင်အား ၃၂၀၀ ခန့်ပါဝင်ကြောင်း NATO အဖွဲ့က စက်တင်ဘာ ၉ ရက်တွင် ပြောကြားခဲ့သည်။

အဆိုပါစစ်ရေးလေ့ကျင့်မှုသည် ဒေသတွင်း အကြီးမားဆုံး စစ်ရေးလေ့ကျင့်မှုတစ်ခုဖြစ်ပြီး စွမ်းဆောင်ရည်မြင့်မားသော စစ်ဆင်ရေးနှင့် စုပေါင်းကာကွယ်ရေးအတွက် ပထမဆုံးအကြိမ် အာရုံစိုက်ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း မဟာမိတ်အဖွဲ့က ပြောကြားခဲ့သည်။

နိုင်ငံပေါင်း ၁၄ နိုင်ငံမှ စစ်သင်္ဘော ၃၀ ခန့်နှင့် တပ်ဖွဲ့ဝင်အင်အား ၃၂၀၀ ခန့်သည် အက်စ်တိုးနီးယားနှင့် လတ်ဗီးယားကမ်းလွန်ပင်လယ်ပြင်၌ စက်တင်ဘာ ၉ ရက်က စတင်ခဲ့သည့် နှစ်ပတ်ကြာရေတပ်စစ်ရေးလေ့ကျင့်မှုတွင် ပါဝင်ဆောင်ရွက်ကြမည်ဖြစ်သည်ဟု မဟာမိတ်အဖွဲ့၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယူကရိန်းတွင် ပဋိပက္ခဖြစ်ပွားမှုသည် ဘောလ်တစ်ပင်လယ်၏ လုံခြုံရေးအခြေအနေကို သိသိသာသာပြောင်းလဲစေခဲ့ပြီး NATO က ပင်လယ်၊ ကုန်းပေါ်နှင့်ဝေဟင်တွင် ဒေသတွင်း၌ ၎င်း၏ခံစစ်ပြင်ဆင်ထားရှိမှုကို သိသိသာသာ တိုးမြှင့်ခဲ့သည်။ ထိုကဲ့သို့သော လေ့ကျင့်မှုများသည် NATO အဖွဲ့ဝင်နိုင်ငံတိုင်းကို မဟာမိတ်နယ်မြေ၏ တစ်လက်မမျှမကျန်ကာကွယ်ရန် အသင့်ရှိကြောင်း ပြတ်သားသော သတင်းစကားပေးပို့ခဲ့ခြင်းလည်းဖြစ်သည်ဟု NATO ပြောရေးဆိုခွင့်ရှိသူတာဝန်များကို ခေတ္တတာဝန်ထမ်းဆောင်နေသူ Dylan White က ထုတ်ပြန်ချက်တွင် ပြောကြားခဲ့သည်။

အဆိုပါ စစ်ရေးလေ့ကျင့်မှုအတွင်း နိုင်ငံပေါင်း ၁၄ နိုင်ငံမှ ကုန်းရေနှစ်သွယ်စစ်ဆင်ရေး၊ လေကြောင်းရန်ကာကွယ်ရေး၊ ပင်လယ်မှ မြေပြင်သို့ တိုက်ခိုက်မှုများနှင့် ပင်လယ်ပြင်လမ်းကြောင်းများလုံခြုံစေရန် လေ့ကျင့်ပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

NATO အဖွဲ့သည် ၂၀၂၁ ခုနှစ်နှောင်းပိုင်းမှစ၍ ရုရှားနှင့် ဘီလာရုစ်နိုင်ငံနယ်နိမိတ်တစ်လျှောက် ၎င်း၏အရှေ့ဘက်ခြမ်းနယ်မြေဒေသများကို တိုးချဲ့ကာ တပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်ခဲ့သည်။ ရုရှားသည် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလက ယူကရိန်းတွင် အထူးစစ်ဆင်ရေးဆောင်ရွက်ခဲ့မှုအပေါ် တုံ့ပြန်သည့်အနေဖြင့် NATO က ဒေသတွင်းသို့ စစ်သင်္ဘောများ၊ လေယာဉ်များနှင့် မြေပြင်တပ်များစေလွှတ်ကာ တိုက်ပွဲဝင်အသင့်အဆင့်မြင့်တင်၍ တပ်လှန့်မှုများပြုလုပ်လျက် ၎င်းဒေသတွင် ပုံမှန်စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခြင်းဖြင့် အဖွဲ့ဝင်နိုင်ငံများကို ပိုမိုအားဖြည့်ပေးခဲ့သည်။

**NATO Says Launched Northern Coasts Exercise in Baltic Sea ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၂၀၈၉၈ ဧက စိုက်ပျိုးပြီးစီး




**စစ်ကိုင်း စက်တင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၂၀၈၉၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၃၄၃၃၀ စိုက်ပျိုးရန် လျာထားပြီး မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဟင်းသီးဟင်းရွက် ၂၀၈၉၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"စစ်ကိုင်းခရိုင်မှာ ဒီနှစ် ဟင်းသီးဟင်းရွက်ဧက ၃၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ အခု ဧက ၂၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပါပြီ။ လျာထားချက်ပြည့်မီအောင်စိုက်ပျိုးသွားမှာပါ။ မုန်ညင်း၊ ငရုတ်၊ ဟင်းခတ်အမွှေးအကြိုင်၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း စတဲ့ သီးနှံတွေ စိုက်ပျိုးထားပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAPစနစ်နဲ့ စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးနေပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို တောင်သူတွေကို ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင်စိုက်ပျိုးဖို့ နည်းပညာတွေ ပေးနေပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

စစ်ကိုင်းခရိုင်တွင် မြို့နယ်အလိုက် ဟင်းသီးဟင်းရွက်စိုက်ပျိုးပြီးစီးမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၁၅၆၁၈ ဧက၊ မြင်းမူမြို့နယ်တွင် ၄၁၇၅ ဧကနှင့် မြောင်မြို့နယ်တွင် ၁၁၀၅ ဧက စုစုပေါင်း ၂၀၈၉၈ ဧကဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းခရိုင်အတွင်း ယခုနှစ် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဟင်းသီးဟင်းရွက်များတိုးချဲ့စိုက်ပျိုးရေး၊ GAP နည်းစနစ်ဖြင့်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ ကျန်းမာရေးနှင့် ညီညွတ်သော ဟင်းသီးဟင်းရွက်ရရှိရေး၊ သဘာဝမြေဩဇာ၊ ပိုးသတ်ဆေးများ ပြုလုပ်သုံးစွဲရေးအတွက် အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းခရိုင်တွင် စစ်ကိုင်းမြို့နယ်တွင် ၇၈၂၃ ဧက၊ မြင်းမူမြို့နယ်တွင် ဧက ၅၀၂၀ နှင့် မြောင်မြို့နယ်တွင် ဧက ၃၉၀၀ စုစုပေါင်း ၁၆၇၄၃ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။ (၂၀၆)

# မန်တုံမြို့နယ် ကောင်းဆုံကျေးရွာတွင် ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကို ကွင်းဆင်းစစ်ဆေး

**မန်တုံ စက်တင်ဘာ ၁၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မန်တုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကောင်းဆုံကျေးရွာတွင် ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသဦးစီးမှူး ဦးသိန်းမောင်ထွေး၊ မန်တုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမိုင်းအောင်ကျော်လှိုင်နှင့် တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၁၂၉ သန်းဖြင့် ဆောင်ရွက်သည့် ကောင်းဆုံကျေးရွာ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသဦးစီးမှူးက လုပ်ငန်းများ



သတ်မှတ် စံချိန်စံညွှန်းပြည့်မီစွာ အချိန်မီပြီးစီးအောင်ဆောင်ရွက်ရန် မှာကြားသည်။

မန်တုံမြို့နယ် ကောင်းဆုံကျေးရွာတွင် ဖောက်လုပ်လျက်ရှိသော ကုန်ထုတ်လမ်းသည် အရှည်သုံးမိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မဖြစ်ပြီး မန်တုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုနှစ် ဇူလိုင်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၄၆ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပါက ကောင်းဆုံကျေးရွာမှ ထွက်ရှိသော စိုက်ပျိုးရေးထုတ်ကုန်ပစ္စည်းများကို ကုန်ကျစရိတ်သက်သာစွာ ဈေးကွက်အရောက် တင်ပို့ရောင်းချနိုင်မည်ဖြစ်၍ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# မအူပင်မြို့နယ်တွင် ရှမ်းပြည်နယ်က ဝင်ရောက်လာသည့် ခရမ်းချဉ်သီးများ တစ်ပိဿာလျှင် ငွေကျပ် ၂၈၀၀ ထိ ဈေးကောင်းရရှိနေ

**မအူပင် စက်တင်ဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် ရှမ်းပြည်နယ်က ဝင်ရောက်လာသည့် ခရမ်းချဉ်သီးများ တစ်ပိဿာလျှင် ငွေကျပ် ၂၈၀၀ ထိ ဈေးကောင်းရရှိနေကြောင်း မအူပင်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းရှင် ဒေါ်သူဇာဝင်းက ပြောပြ၍ သိရသည်။

မအူပင်မြို့ ဈေးကွက်အတွင်း ရှမ်းပြည်နယ်က ဝင်လာသည့် ခရမ်းချဉ်သီးများ ပြီးခဲ့သည့် ဩဂုတ်လအတွင်းက တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀ သာ ဈေးရှိခဲ့ပြီး စက်တင်ဘာလ ပထမပတ်မှ ယနေ့ထိ တစ်ပိဿာလျှင် ငွေကျပ် ၂၈၀၀ ထိ ဈေးရရှိလာကြောင်း သိရသည်။

"မအူပင်မြို့ ဈေးကွက်ထဲကို ရှမ်းပြည်နယ်က ထွက်ရှိတဲ့ခရမ်းချဉ်သီးတွေ ပုံမှန်ဝင်ရောက်နေပါတယ်။ တိုက်ရိုက်ဝင်ရောက်နေတာတော့ မဟုတ်ပါဘူး။ ရန်ကုန်ကနေတစ်ဆင့် ဝင်ရောက်နေတာပါ။ ပြီးခဲ့တဲ့ ဩဂုတ်လအတွင်းကထက် ခရမ်းချဉ်သီး ဈေးကောင်းနေပါတယ်။ တစ်ပိဿာချင်းဈေးက ငွေကျပ် ၂၈၀၀ လောက်ထိ ဈေးရှိလာပါတယ်"ဟု ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းရှင် ဒေါ်သူဇာဝင်းက ပြောပြသည်။

မအူပင်မြို့နယ် စားသောက်ကုန်ရောင်းဝယ်ရေးနှင့် ကုန်စိမ်းရောင်းဝယ်ရေး လုပ်ငန်းရှင်များသည် ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ကုန်သည်များနှင့်ချိတ်ဆက်ကာ ရန်ကုန်မြို့မှတစ်ဆင့် မှာယူတင်သွင်းရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ရှမ်းပြည်နယ်က ဝင်ရောက်လာသည့် ခရမ်းချဉ်သီးများ ဈေးကောင်းရရှိလာသည့်အတွက် ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ စိုက်ပျိုးရေးတောင်သူများ၊ ပွဲရုံလုပ်ငန်းရှင်များ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၂-၉-၂၀၂၃

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်း (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ဧည့်မထ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၅၈၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၆၆၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၃၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၃၅၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၄၇၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့ခိုင်ကောင်းအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး လက်တွေ့သရုပ်ပြ မဲပေးစမ်းသပ်ခြင်းများ ဆောင်ရွက်



**နေပြည်တော် စက်တင်ဘာ ၁၂**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့် စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မြင့်နိုင်နှင့် ဒေါက်တာလင်းအောင်၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး တာဝန်ရှိသူများက မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး အရာထမ်း၊ အမှုထမ်း ၁၂၉ ဦးက မဲပေးစက်ဖြင့် လက်တွေ့သရုပ်ပြ ဆန္ဒမဲပေးခဲ့ကြသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် Myanmar Electronic Voting Machine (MEVM) စက်အား ဝန်ကြီးဌာန၊ အဖွဲ့အစည်းအသီးသီးသို့ လိုက်လံရှင်းလင်း စမ်းသပ်မဲပေးစေခြင်းဖြင့် MEVM အသုံးပြု မဲပေးခြင်းလုပ်ငန်းစဉ်များကို မဲဆန္ဒရှင်ပြည်သူများ ပွင့်လင်းမြင်သာစွာ လက်တွေ့ကျကျ သိရှိနားလည်ပြီး ပြည်သူအများ လက်ခံယုံကြည်သည့် ရွေးကောက်ပွဲများ ဖော်ဆောင်သွားနိုင်မည်ဖြစ်သည်။ ယနေ့ထိ ဝန်ကြီးဌာနအဖွဲ့အစည်း ၃၆ ခု၌ အရာထမ်း၊ အမှုထမ်း စုစုပေါင်း ၇၅၂၄ ဦးတို့က လက်တွေ့စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

❑ **ရွှေဖုံးမှအဆက်**

ရုရှား-မြန်မာ နှစ်နိုင်ငံဗိုလ်လောင်းများ ရေကူးပြိုင်ပွဲ (Russia- Myanmar Cadets Swimming Competition)သို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ ရေကူးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် မြန်မာ့တပ်မတော်မှ အသင်းအုပ်ချုပ်သူ နည်းပြအရာရှိကြီးနှင့် ပြိုင်ပွဲဝင်ဗိုလ်လောင်းများသည် စက်တင်ဘာ ၅ ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့သို့ ရောက်ရှိကြရာ ရုရှားတပ်မတော်မှ တာဝန်ရှိသူများက ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။ ရုရှား-မြန်မာ နှစ်နိုင်ငံဗိုလ်လောင်းများ ရေကူးပြိုင်ပွဲကို စက်တင်ဘာ ၅ ရက်မှ ၁၀ ရက်ထိ ပြိုင်ပွဲအမျိုးအစား ၁၅ မျိုးဖြင့် ကျင်းပယှဉ်ပြိုင်ခဲ့ကြပြီး မြန်မာ့တပ်မတော်မှ ပြိုင်ပွဲဝင်ဗိုလ်လောင်းများအနေဖြင့် ရွှေတံဆိပ် တစ်ခု၊ ငွေတံဆိပ် သုံးခု၊ ကြေးတံဆိပ် ၁၂ ခုရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကာ တာဝန်ရှိသူများက ဆုတံဆိပ်များ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထို့ပြင် မြန်မာ့တပ်မတော်မှ အသင်းအုပ်ချုပ်သူ နည်းပြအရာရှိကြီးနှင့် ပြိုင်ပွဲဝင်ဗိုလ်လောင်းများသည် စိန့်ပီတာစဘတ်မြို့ရှိ ရုရှားတပ်မတော် အားကစားတက္ကသိုလ်၊ အမြောက်သမိုင်းပြတိုက်၊ AVRORA စစ်သင်္ဘောပြတိုက်နှင့် အထင်ကရနေရာများသို့ သွားရောက်လေ့လာခဲ့ခြင်း၊ ရုရှားတပ်မတော်မှ ပြိုင်ပွဲဝင်ဗိုလ်လောင်းများနှင့်အတူ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ခြင်းနှင့် လက်ဆောင်ပစ္စည်း အပြန်အလှန်လဲလှယ်ခြင်းများကို ဆောင်ရွက်ခဲ့ကြပြီး တပ်မတော်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုများကို တိုးမြှင့်နိုင်ခဲ့ကြသည်။

အဆိုပါ မြန်မာ့တပ်မတော်မှ အသင်းအုပ်ချုပ်သူ နည်းပြအရာရှိကြီးနှင့် ပြိုင်ပွဲဝင်ဗိုလ်လောင်းများသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုကြသည်။

မြန်မာ့တပ်မတော်အနေဖြင့် အရာရှိ၊ စစ်သည်များနှင့် ဗိုလ်လောင်းများကို နိုင်ငံတကာအတွေ့အကြုံများ ရရှိစေရေး၊ စစ်ဘက်အဖွဲ့အစည်းများ၏ ပြိုင်ပွဲယှဉ်ပြိုင်မှုအတွေ့အကြုံများနှင့် ချစ်ကြည်ရင်းနှီးမှု အချင်းချင်း အပြန်အလှန် လေ့လာရေးခရီးများရရှိစေရေးအတွက် တပ်မတော် စဉ်များစေလွှတ်ခြင်းနှင့် နိုင်ငံတကာတပ်မတော် အားကစားပြိုင်ပွဲများသို့ ပါဝင်ယှဉ်ပြိုင်ခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။



မြန်မာ့တပ်မတော်ဗိုလ်လောင်းများအား ရုရှားတပ်မတော်မှ တာဝန်ရှိသူများက ကြိုဆိုကြစဉ်။




ရုရှား-မြန်မာ နှစ်နိုင်ငံရေကူးပြိုင်ပွဲတွင် ဆုရရှိသည့် ပြိုင်ပွဲဝင်ဗိုလ်လောင်းများအား တွေ့ရစဉ်။




ရေကူးပြိုင်ပွဲဝင် ရုရှား-မြန်မာ နှစ်နိုင်ငံဗိုလ်လောင်းများ လက်ဆောင်ပစ္စည်း အပြန်အလှန်ပေးအပ်စဉ်။



မြန်မာ့တပ်မတော်ဗိုလ်လောင်းများ AVRORA စစ်သင်္ဘောပြတိုက်သို့ သွားရောက်လေ့လာပြီး စုပေါင်းဓာတ်ပုံရိုက်စဉ်။



မြန်မာ့တပ်မတော်ဗိုလ်လောင်းများ ရုရှားတပ်မတော်အားကစားတက္ကသိုလ်သို့ သွားရောက်လေ့လာစဉ်။



ပြိုင်ပွဲဝင်ဗိုလ်လောင်းများ ယှဉ်ပြိုင်ကူးခတ်နေမှုကို တွေ့ရစဉ်။

၂။ **သဝဏ်လွှာမှအဆက်**

ကုလသမဂ္ဂကွန်ဗင်းရှင်း (United Nations Convention against Transnational Organized Crime) (UNCTOC)နှင့် နောက်ဆက်တွဲ စာချုပ်ဖြစ်သည့် အမျိုးသမီးနှင့် ကလေးသူငယ်များအပေါ် အထူးပြုသော လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးနှင့် ပြစ်ဒဏ်ပေးရေးဆိုင်ရာစာချုပ် (Protocol to Prevent, Suppress and Punish Trafficking in Persons, especially Women and Children)၊ ကုန်းလမ်း၊ ရေလမ်းနှင့် လေကြောင်းအသုံးပြု၍ ရွှေ့ပြောင်းသွားလာသူများကို မှောင်ခိုပို့ဆောင်မှုဆိုင်ရာစာချုပ် (Protocol against the Smuggling Of Migrants by Land, Sea and Air)တို့ကို ၂၀၀၄ ခုနှစ် မတ် ၃၀ ရက်တွင်လည်းကောင်း၊ လူကုန်ကူးခြင်း အထူးသဖြင့် အမျိုးသမီးနှင့် ကလေးသူငယ်များအပေါ် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံကွန်ဗင်းရှင်း (ASEAN Convention Against Trafficking in Persons Especially Women and Children-ACTIP)ကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၆ ရက်တွင်လည်းကောင်း အတည်ပြုလက်မှတ်ရေးထိုးခဲ့ပါသည်။

၄။ ထို့ပြင် မဲခေါင်ဒေသတွင်းနိုင်ငံများဖြစ်သော ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ် ခြောက်နိုင်ငံပါဝင်သော မဲခေါင်မြစ်ဝှမ်းဒေသအတွင်း လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ(Memorandum of Understanding on Cooperation against Trafficking in the Greater Mekong Sub-Region (COMMIT MoU)ကို ၃၀-၁၀-၂၀၀၄ ရက်တွင်လည်းကောင်း၊ တရုတ်၊ ထိုင်း၊ လာအို၊ အိန္ဒိယနိုင်ငံတို့နှင့် နှစ်နိုင်ငံအကြား လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများကိုလည်းကောင်း လက်မှတ်ရေးထိုးခဲ့ပြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုယန္တရားများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံဝန်ကြီးအဆင့်အစည်းအဝေး (ASEAN Ministerial Meeting on Transnational Crime -AMMTC)၊ နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးအဆင့် အစည်းအဝေး (Senior Officials Meeting on Transnational Crime -SOMTC)နှင့် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ဘာလီလုပ်ငန်းစဉ် (Bali Process)စသည့် ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေးယန္တရားများတွင်လည်း တက်ကြွစွာပူးပေါင်းပါဝင်လျက်ရှိပြီး အဆိုပါယန္တရားများ၏ Policy Guideline များနှင့်အညီ နိုင်ငံအဆင့်၊ ဒေသအဆင့် ဦးစားပေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၅။ မြန်မာနိုင်ငံတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ဦးဆောင်၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် လူကုန်ကူးမှုကြိုတင်ကာကွယ်ရေး၊ လူကုန်ကူးခံရသူများကို ကာကွယ်စောင့်ရှောက်ရေးနှင့် လူကုန်ကူးမှု မှုခင်းများအား တရားစွဲဆိုရေးလုပ်ငန်းများကို ငါးနှစ်စီမံကိန်းများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ စတုတ္ထငါးနှစ်စီမံကိန်း(၂၀၂၂-၂၀၂၆)ကို ဟန်ချက်ညီညီအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၆။ မြန်မာနိုင်ငံသားများသည် အစမ္မလုပ်အားခိုင်းစေမှု၊ လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှု၊ အဓမ္မလက်ထပ်ထိမ်းမြားမှု စသည့် လူကုန်ကူးမှုပုံစံများဖြင့် ပြည်တွင်းအပါအဝင် အိမ်နီးချင်းနိုင်ငံများနှင့် အခြားနိုင်ငံများသို့ နှစ်စဉ် လူကုန်ကူးခြင်းခံနေရပါသည်။ ပြည်တွင်းအလုပ်အကိုင်ရှားပါးမှု၊ လုပ်ခလစာနည်းပါးမှုအပါအဝင် ဘဝရပ်တည်ရန်ခက်ခဲသည့်အခြေအနေများကြောင့် ပြည်ပနိုင်ငံအသီးသီးသို့ တရားဝင်၊ တရားမဝင်ရွှေ့ပြောင်းသွားလာလုပ်ကိုင်ကြရာမှ ပွဲစားများ၏ မက်လုံးပေးစည်းရုံးမှုကြောင့်လည်းကောင်း၊ တရားဝင်အလုပ်သမားစေလွှတ်ရန် သဘောတူညီချက်လက်မှတ်ရေးထိုးထားခြင်းမရှိသောနိုင်ငံများသို့ တရားမဝင်ပို့ဆောင်ခံရခြင်းကြောင့်လည်းကောင်း လုပ်အားခေါင်းပုံဖြတ်မှုနှင့် လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်အမြတ်ထုတ်မှုတို့ကို ခံနေကြရပါသည်။ မြန်မာနိုင်ငံသည် Online ကို အသုံးပြု၍ လိမ်လည်မှုကျူးလွန်ရန်အလို့ငှာ အဓမ္မစေခိုင်းမှုများကို လတ်တလောရင်ဆိုင်ကြုံတွေ့နေရပြီး အခြားနိုင်ငံများမှ နိုင်ငံသားများလည်း အဆိုပါဖြစ်စဉ်များတွင် ပါဝင်လာသည့်အတွက် တားဆီးထိန်းချုပ်နိုင်ရန် အလေးအနက်ထားဆောင်ရွက်လျက်ရှိပါသည်။

၇။ လူကုန်ကူးမှုနှင့်စပ်လျဉ်းပြီး ပြည်သူလူထုအကြားကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန် လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ Billboard နှင့် ပိုစတာများစိုက်ထူခြင်း၊ Talk Show များပြုလုပ်ခြင်း၊ နိုင်ငံပိုင်သတင်းမီဒီယာများက အသိပညာပေးဇာတ်လမ်းတိုများ ထုတ်လွှင့်ပြသခြင်း၊ အဝေးပြေးကားဂိတ်များ၊ ခရီးသည်တင်မော်တော်ယာဉ်များတွင် လူကုန်ကူးမှု အသိပညာပေး Sticker များကပ်ခြင်း၊ တယ်လီဖုန်းအော်ပရေတာများမှတစ်ဆင့် အများပြည်သူသိရှိနိုင်ရေး SMS များပေးပို့ခြင်း စသည့်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

၈။ လူကုန်ကူးမှုများ၊ လူကုန်ကူးခံရသူများနှင့်စပ်လျဉ်း၍ ၂၄ နာရီ သတင်းပေးတိုင်ကြားနိုင်သည့် Hot Line ဖုန်းများကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မူဆယ်တို့တွင်တပ်ဆင်ခဲ့ပြီး လူကုန်ကူးမှုများကို အချိန်နှင့်တစ်ပြေးညီ ဖော်ထုတ်ခြင်း၊ အရေးယူခြင်းနှင့် ကယ်တင်ခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် ရွှေ့ပြောင်းသွားလာမည့်အလုပ်သမားများနှင့် ၎င်းတို့၏မိသားစုဝင်များကို သတင်းအချက်အလက်များမျှဝေနိုင်ရန်နှင့် အသိပညာပေးနိုင်ရန် ရွှေ့ပြောင်းလုပ်သားများကို ထောက်ပံ့ကူညီပေးရေးဆိုင်ရာ ဗဟိုဌာနများဖွင့်လှစ်ပြီး အသိပညာများမျှဝေဖလှယ်ပေးလျက်ရှိပါသည်။

၉။ ကာကွယ်စောင့်ရှောက်ရေးအနေဖြင့် **"လူကုန်ကူးခံရသူများကို ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အမျိုးသားအဆင့် စံလုပ်ငန်းအစီအစဉ်"**နှင့်အညီ လူကုန်ကူးခံရသူများကို ခရီးစရိတ်၊ ဆေးကုသစရိတ်နှင့် ကျွေးမွေးစရိတ်များထောက်ပံ့ပေးခြင်း၊ ဘဝပြန်လည်ထူထောင်နိုင်ရန်နှင့် ရပ်တည်နိုင်ရန်တို့အတွက် တစ်ဦးချင်းလိုအပ်ချက်များကို ထောက်ပံ့ပေးခြင်း စသည်တို့ကိုဆောင်ရွက်လျက်ရှိပါသည်။ လူကုန်ကူးခံရသူများကို မြဝတီ၊ မူဆယ်၊ ကော့သောင်း၊ မန္တလေး၊ ရန်ကုန် စသည့်မြို့များရှိ ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာများတွင် ယာယီလက်ခံစောင့်ရှောက်ထားစဉ် အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းထောက်ပံ့ပေးခြင်း၊ ကျန်းမာရေးဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ စောင့်ရှောက်မှုပေးခြင်းတို့တွင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၁၀။ မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စတုတ္ထငါးနှစ်စီမံကိန်း (၂၀၂၂-၂၀၂၆)၏ လုပ်ငန်းကဏ္ဍ လေးရပ်ဖြစ်သော မူဝါဒနှင့်ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ (Policy and Cooperation)ပါ အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ် ၂၃ ခု၊ ကြိုတင်ကာကွယ်ရေးကဏ္ဍ (Prevention)ပါ အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ် ၁၆ ခု၊ တရားစွဲဆိုရေးကဏ္ဍ (Prosecution)ပါ အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ်အခု ၂၀၊ ကာကွယ်စောင့်ရှောက်ရေးကဏ္ဍ (Protection)ပါ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ် ၂၅ ခုတို့ကိုလည်း ထိရောက်အောင်မြင်စေရန်အတွက် ဟန်ချက်ညီညီ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

၁၁။ ယခု၂၀၂၃ ခုနှစ် ကေဒသမအကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ ဆောင်ပုဒ်ဖြစ်သော **"လူကုန်ကူးခံရသူတိုင်းကို ဖော်ထုတ်သတ်မှတ်ပြီး ကာကွယ်စောင့်ရှောက်မှုရရှိဖို့ ဆောင်ရွက်ကြပါစို့"** ဆိုသည့်အတိုင်း လူကုန်ကူးခံရသူဟုပြုသည့် စုံစမ်းစစ်ဆေးခြင်းနှင့် လူကုန်ကူးခံရသူ ဟုတ်၊မဟုတ်စိစစ်ခြင်း၊ လူကုန်ကူးခံရသူများကို အပြည့်အဝကာကွယ်စောင့်ရှောက်မှုပေးခြင်းတို့ဖြင့် လူကုန်ကူးမှုများလျော့နည်းကျဆင်းစေရန် ထိန်းချုပ်နိုင်မည်ဟုယုံကြည်ပါကြောင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

☆ **ကျောဖုံးမှအဆက်**

မခိုင်သဇင်အောင်(ရောဝတီ)က တတိယနှင့် အမျိုးသား ၅၅ ကီလိုပြိုင်ပွဲတွင် မောင်ထက်အာကာဖြိုး(မကွေး)က ပထမ၊ မောင်ပြည့်စုံဦး(ရောဝတီ)က ဒုတိယနှင့် မောင်မျိုးမင်းထက်(ရောဝတီ)က တတိယရရှိကြပြီး မောင်ထက်အာကာဖြိုး(မကွေး)သည် ပြည်နယ်နှင့် တိုင်းဒေသကြီးပြိုင်ပွဲသတ်မှတ်စံချိန် ၉၅ ကီလိုကို ၉၆ ကီလိုဖြင့် အမြန်စံချိန်သစ်တင်နိုင်ခဲ့သည်။

အဆိုပါပြိုင်ပွဲသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဥက္ကါအေးနှင့် တာဝန်ရှိသူများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီတွင် ပြည်နယ်နှင့် တိုင်းဒေသကြီး အလေးမပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသမီး ၄၉ ကီလိုပြိုင်ပွဲ၊ အမျိုးသား ၆၁ ကီလိုပြိုင်ပွဲနှင့် အမျိုးသမီး ၅၅ ကီလိုပြိုင်ပွဲများကိုဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အလေးမပြိုင်ပွဲကို စက်တင်ဘာ ၁၂ ရက်မှ ၁၆ ရက်ထိ ကျင်းပသွားမည်ဖြစ်ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၃ သင်း၊ အမျိုးသမီးအသင်း ၁၁ သင်း၊ ပြိုင်ပွဲဝင်စုစုပေါင်း ၁၇၂ ဦး ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်၍ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"အကြမ်းဖက်သမားများ၏ Internet ပေါ်ကစာမျက်နှာများ"** ခေါင်းစဉ်ဖြင့် ၁၃-၉-၂၀၂၃ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အကြမ်းဖက်အားပေးများအား ထိရောက်စွာ ဖော်ထုတ်အရေးယူနိုင်မှုနှင့်ပတ်သက်၍ ဆွေးနွေးခြင်း"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ



**နေပြည်တော် စက်တင်ဘာ ၁၂**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Myanmar Arr Thit Man Motor Co.,Ltd.က တင်သွင်းလာသော AIMA အမျိုးအစား လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါ လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များ တင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လားရှိုးမြို့၊ နမ့်လန်မြို့နှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၂**

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ မြို့နယ်များမှ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဒေသခံပြည်သူများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ နယ်မြေခံဆေးကုသရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ ဟော်တော်ကျောင်းတိုက်နှင့် နမ့်လန်မြို့ရှိ ထမ်းဟိုစန့် ဘုန်းတော်ကြီးကျောင်းတို့မှ သံဃာတော် ၂၂ ပါး၊ သာသနာ့နွယ်ဝင် သီလရှင် ၁၆ ပါးနှင့် ဒေသခံပြည်သူ ၁၈ ဦးတို့ကို အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက် အသီးသီး၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် အမှတ် (၆၁)ရပ်ကွက်ရှိ ဓမ္မာစရိယ တက္ကသိုလ် အလိုတော်ပြည့်ကျောင်းတိုက်မှ စာချစာသင် သံဃာတော်အပါး ၁၆၀၊ ရှင်သာမဏေအပါး ၂၀၀ နှင့် ဒေသခံပြည်သူ ၁၀ ဦးတို့ကို ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်၌လည်းကောင်း ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခြင်း၊ ECG၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေ စမ်းသပ်ခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ သံဃာတော်များအား ဆွမ်းဆန်တော်၊ ဆီ၊ စားသောက်ဖွယ်ရာများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။



သံဃာတော်များအား နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းဆောင်ရွက်ပေးနေမှုကို ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း ကြည့်ရှုအားပေးစဉ်။

# မန္တလေးတိုင်းဒေသကြီး အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်



**မန္တလေး စက်တင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး နှစ်ထပ်ဆောင် အစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး အခမ်းအနား ကျင်းပရေးဦးစီး ကော်မတီနှင့် လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများက လုပ်ငန်းတာဝန်အလိုက် ဆောင်ရွက်နေမှုများ၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြချက်များနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၏ ဖြည့်စွက်ဆွေးနွေးချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသိုနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## သဇင်(FM) အသံလွှင့်အစီအစဉ်

**၁၃-၉-၂၀၂၃ (ဗုဒ္ဓဟူးနေ့)**

| | | |
|---|---|---|
| ၁။ | ၀၈း၀၀ | ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင် |
| ၂။ | ၁၂း၁၅ | Special Music Time |
| ၃။ | ၁၃း၀၀ | ပြည်သူကြားက ပြည်သူ့စကား |
| ၄။ | ၁၆း၂၀ | K Pop |
| ၅။ | ၂၁း၄၀ | ချောက်ချောက်ချားချားဖြစ်ရပ်များ |

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၁၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စက်တင်ဘာ ၁၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "Zar Chi Myo Myint" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် နွားကန်ကျေးရွာနေ ဇာခြည်မျိုးမြင့်ကိုမွန်းလွဲ ၁၂ နာရီခွဲတွင် လည်းကောင်း၊ "Naing Soe" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ကန်ဖျားရပ်ကွက်နေ နိုင်စိုး(ခ)ရာဂျေးကို ညနေ ၄ နာရီ မိနစ် ၄၀ တွင် လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# သပိတ်ကျင်းမြို့ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက် ဆေးကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး



အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင် ဆေးကုသမှု ခံယူနေသူ တစ်ဦးကို အာဟာရဖြည့် စားသောက် ဖွယ်ရာများ ပေးအပ်စဉ်။

**နေပြည်တော် ဇက်တင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက် ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့နေ့လယ်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကား ပြောကြားပြီး ဆေးရုံတက်လူနာများကို အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# ၂၀၂၃ ခုနှစ် (၂၄)ကြိမ်မြောက် ခရိုင်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲအမျိုးအစားအလိုက်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဇက်တင်ဘာ ၁၂**

၂၀၂၃ ခုနှစ် (၂၄)ကြိမ်မြောက် ခရိုင်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လုံမြို့ရှိ ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)၌ ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တက္ကသိုလ် ပါမောက္ခချုပ်နှင့် ဆရာ၊ဆရာမများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင် အဖွဲ့ဝင်များ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးကြသည့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာတိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၃ ခုနှစ် (၂၄)ကြိမ်မြောက် ခရိုင်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲအမျိုးအစားအလိုက် ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက အဆိုပါ ပြိုင်ပွဲကျင်းပနိုင်ရေးအတွက် ချီးမြှင့်ထောက်ပံ့ငွေများကို အသီးသီးပေးအပ်ကြသည်။

အဆိုပါ (၂၄)ကြိမ်မြောက် ခရိုင်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ပြိုင်ပွဲအမျိုးအစား ခုနစ်မျိုးဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင်အတွင်းရှိ မြို့နယ် သုံးမြို့နယ်မှ ပြိုင်ပွဲဝင် ၈၆ ဦးဖြင့် ယနေ့မှ ဇက်တင်ဘာ ၁၃ ရက်ထိ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ရေကူးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် ဇက်တင်ဘာ ၁၂**



ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား ပုသိမ်လေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီးရဲမျိုးသန့် ဒိုင်းဆုရရှိသည့်အသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

၂၀၂၃ ခုနှစ် ကာကွယ်ရေးဦးစီးချုပ် (လေ) တံခွန်စိုက်ဒိုင်း ရေကူးပြိုင်ပွဲဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ကန်သာယာရေကူးကန်၌ ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ် (လေ) ကိုယ်စား ပုသိမ်လေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီးရဲမျိုးသန့်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊စစ်သည်၊ မိသားစုများ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် ဒိုင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ဆုချီးမြှင့်ပွဲကို ပြုလုပ်ရာပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦးချင်းဆုရရှိသူများ၊ အသင်းလိုက်ဆုရရှိသူများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဒိုင်းဆုရရှိသော မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် အသင်းတို့ကို ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား ပုသိမ်လေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့်ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ရေကူးပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကွပ်ကဲမှုအောက်ရှိ လေတပ်စခန်းဌာနချုပ်နှင့် လေတပ်စခန်းများမှ လူသစ်တန်းနှင့် အကြီးတန်းအပါအဝင် ပြိုင်ပွဲဝင်အသင်း ၁၀ သင်း၊ ပြိုင်ပွဲအမျိုးအစား လေးမျိုးဖြင့် ဇက်တင်ဘာ ၆ ရက်မှ ယနေ့ထိ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

## ဇက်တင်ဘာ ၁၂ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် နှစ်ဦးတွေ့ရှိ

**နေပြည်တော် ဇက်တင်ဘာ ၁၂**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိရာ ဇက်တင်ဘာ ၁၁ ရက် ည ၈ နာရီမှ ယနေ့ ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၅၆၁၁ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲ အတည်ပြုလူနာသစ် နှစ်ဦးတွေ့ရှိရသည်။

ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ဝ၄ ရာခိုင်နှုန်းဖြစ်သည်။ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့်သေဆုံးသူမရှိပါ။ ကိုဗစ်-၁၉ ရောဂါဆိုင်ရာသတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဇက်တင်ဘာ ၁၂**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့်ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူများကိုလည်းကောင်း၊ တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေး ကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မှုစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူးစသည့် စားသောက်ကုန်များကိုလည်းကောင်း၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အရောင်းဆိုင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို လည်းကောင်း ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက ဝမ်းသာအားရ ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

မုန်တိုင်းဒဏ်သင့် ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးစဉ်။



# လစ်ဗျားနိုင်ငံအရှေ့ဘက်ပိုင်းတွင် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုကြောင့် လူဦးရေ ၂၀၀၀ သေဆုံး



**ထရီပိုလီ စက်တင်ဘာ ၁၂**

လစ်ဗျားနိုင်ငံ အရှေ့ဘက်ပိုင်းတွင် ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုများကြောင့် ဒေသခံလူဦးရေ ၂၀၀၀ သေဆုံးပြီး ပျောက်ဆုံးနေသူ ထောင်နှင့်ချီ၍ရှိနေကြောင်း လစ်ဗျားအစိုးရက ထုတ်ပြန်ခဲ့သည်ဟု The Globe and Mail သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ရေကြီးရေလျှံမှုသည် ဒါနာမြို့တွင် အဓိကဖြစ်ပေါ်နေပြီး ဒါနာမြို့အဝင်လမ်းနှင့်အထွက်လမ်းများလည်းပျက်စီးကာ လမ်းပန်းဆက်သွယ်ရေး ခက်ခဲလျက်ရှိကြောင်း၊ ထို့ပြင် ဒါနာမြို့အနီးဝန်းကျင်မှမြို့များတွင်လည်း ဆိုးရွားသည့်ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရပြီး ကယ်ဆယ်ရေးဝန်ထမ်းများအပြင် လစ်ဗျားအမျိုးသားတပ်မတော်မှ တပ်မတော်သားများကလည်း ကယ်ဆယ်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီပေးလျက်ရှိသည်ဟု လစ်ဗျားအမျိုးသားတပ်မတော်မှ ပြောရေးဆိုခွင့်ရှိသူ အာမတ်မစ်မာရီက ပြောကြားခဲ့ကြောင်း သိရသည်။

ရေဘေးအန္တရာယ်ကြောင့် ပျောက်ဆုံးနေသူ ၅၀၀၀ မှ ၆၀၀၀ ကြားရှိနေသည်ဟု လစ်ဗျားအမျိုးသားတပ်မတော်က ထုတ်ပြန်ခဲ့ကြောင်း၊ ပျောက်ဆုံးနေသူအများစုမှာ ရေကြီးရေလျှံမှုကြောင့် ရေစီးနှင့်အတူ မျောပါသွားခဲ့ခြင်းဖြစ်ပြီး ရေဘေးအန္တရာယ်ကြောင့် ဒါနာမြို့တစ်မြို့တည်း၌ သေဆုံးသူ ဦးရေ ၁၅၀ မှ ၂၅၀ ထိ ရှိနေကြောင်း လစ်ဗျားအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**နိုင်းဆက်**

# အိန္ဒိယနိုင်ငံတွင် လေထုညစ်ညမ်းမှုတိုက်ဖျက်ရေးအတွက် မီးရှူးမီးပန်းများဖောက်ခြင်းကို တရားဝင်တားမြစ်

**နယူးဒေလီ စက်တင်ဘာ ၁၂**

အိန္ဒိယနိုင်ငံအစိုးရသည် လေထုညစ်ညမ်းမှုတိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်မြှင့်တင်သွားရန်အတွက် လေထုညစ်ညမ်းမှုဖြစ်ပေါ်စေသည့်လုပ်ရပ်များကို တားမြစ်ပိတ်ပင်မှုများ ပြုလုပ်လျက်ရှိနေပြီး ဓလေ့ရိုးရာအရ မီးရှူးမီးပန်းများဖောက်ခြင်းကို တရားဝင်တားမြစ်လိုက်ပြီဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု TOE သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

အိန္ဒိယနိုင်ငံတွင် ဒေဝါလီပွဲတော် နီးကပ်လာပြီဖြစ်သကဲ့သို့ ဆောင်းရာသီရောက်တိုင်းလည်း လေထုညစ်ညမ်းမှုများ ဖြစ်ပေါ်လေ့ရှိကြောင်း၊ ဒေဝါလီပွဲတော်တွင် မီးရှူးမီးပန်းများ ဖောက်ခြင်းကို နေရာအနှံ့တွင်လုပ်ဆောင်နေခြင်းကြောင့် လေထုညစ်ညမ်းမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့ကြောင့် အိန္ဒိယအာဏာပိုင်အဖွဲ့အစည်းက လေထုညစ်ညမ်းမှုဖြစ်ပေါ်စေသော မီးရှူးမီးပန်းများ ဖောက်ခြင်းကို တားမြစ်ရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်ဟု ထုတ်ပြန်ခဲ့ကြောင်း သိရသည်။



"အိန္ဒိယနိုင်ငံမှာ ဒေဝါလီပွဲတော်နီးလာပြီဖြစ်သလို ဆောင်းရာသီကာလလဲ ရောက်တော့မှာဖြစ်တဲ့အတွက် လေထုညစ်ညမ်းမှုလျှော့ချရေးစီမံချက်အရ မီးရှူးမီးပန်းဖောက်တာကို တားမြစ်ပါတယ်။ ဒါ့ပြင် မီးရှူးမီးပန်းတွေ သိုလှောင်ထားတာ၊ ရောင်းချတာ၊ အွန်လိုင်းကနေတစ်ဆင့် ရောင်းချတာတွေကိုလဲတားမြစ်ပါတယ်"ဟု အိန္ဒိယသဘာဝပတ်ဝန်းကျင်၊ သစ်တောနှင့် တောရိုင်းတိရစ္ဆာန် ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး ဂိုပယ်ရိုင်က ပြောကြားသည်။

ဒေဝါလီပွဲတော်တွင် မီးရှူးမီးပန်းထောင်ပေါင်းများစွာကို ဖောက်သည့်အတွက် မီးခိုးမှိုင်းများလွှမ်းခြုံလျက်ရှိသကဲ့သို့ လေထုအတွင်း ဖုန်မှုန့်များ၊ မော်တော်ကားများမှ ထွက်သော ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့များကြောင့် လေထုညစ်ညမ်းမှုပမာဏ မြင့်တက်လျက်ရှိကြောင်း သိရသည်။

**နိုင်းဆက်**

# နော်ဝေနိုင်ငံတွင် လေအားလျှပ်စစ်ထုတ်လုပ်ရေးအတွက် တာဘိုင်များစိုက်ထူမှုကို ဌာနေတိုင်းရင်းသားများက ဆန္ဒထုတ်ဖော်

**အော့စ်လို စက်တင်ဘာ ၁၂**

နော်ဝေနိုင်ငံတွင် လေအားလျှပ်စစ် ထုတ်လုပ်ရေးအတွက် တာဘိုင်များစိုက်ထူမှုကို ဌာနေတိုင်းရင်းသားများက အော့စ်လိုမြို့ရှိ နော်ဝေလွှတ်တော်ရုံးရှေ့သို့သွားရောက်ကာ ဆန္ဒထုတ်ဖော်မှုများပြုလုပ်နေကြောင်း အော့စ်လိုအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု WIVB သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

နော်ဝေနိုင်ငံတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖော်ဆောင်ရေးအတွက် နော်ဝေနိုင်ငံအလယ်ပိုင်း ဖိုဆန်နယ်မြေတွင် လေအားလျှပ်စစ်ထုတ်လုပ်ရေးအတွက် တာဘိုင်များစိုက်ထူထားပြီး ဖိုဆန်နယ်မြေသည် ဆမ်မီဌာနေတိုင်းရင်းသားများ၏ အရေးပါသည့်နယ်မြေဖြစ်သည့်အတွက် တာဘိုင်များကို အခြားသောနေရာများတွင် စိုက်ထူရန် ၎င်းတို့က နော်ဝေအာဏာပိုင်အဖွဲ့အစည်းကို တောင်းဆိုမှုများ ပြုလုပ်ခဲ့ကြောင်း၊ သို့သော်နော်ဝေအစိုးရက တစ်စုံတစ်ရာတုံ့ပြန်ခြင်းမရှိသည့်အတွက် ယခုကဲ့သို့ ဆန္ဒထုတ်ဖော်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖိုဆန်နယ်မြေတွင် ဆောင်ရွက်နေသည့် လေအားလျှပ်စစ်သည် ဥရောပတိုက်တွင် အကြီးဆုံး လေအားလျှပ်စစ် ထုတ်လုပ်မှုအဖြစ် မှတ်တမ်းဝင်ထားပြီး ၎င်းလေအားလျှပ်စစ်ကြောင့် နော်ဝေနိုင်ငံတွင် ချပ်ကြွင်းလောင်စာသုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကဏ္ဍကို လျှော့ချနိုင်တော့မည်ဖြစ်ကြောင်း၊ သို့သော် လေအားလျှပ်စစ်ထုတ်လုပ်မှုအတွက် စိုက်ထူထားသည့်တာဘိုင်များသည် ဆမ်မီဌာနေ တိုင်းရင်းသားများအတွက် အခက်အခဲဖြစ်စေသည့်အတွက် ၎င်းတို့က တာဘိုင်များ အခြားနေရာတွင် စိုက်ထူပေးရန် အလိုရှိနေကြကြောင်း သိရသည်။

"ဖိုဆန်နယ်မြေမှာတာဘိုင်တွေ စိုက်ထူတာဟာ ဒေသခံတွေရဲ့ဆန္ဒနဲ့ မကိုက်ညီပါဘူး။ ဒါပေမဲ့ အစိုးရက ဒေသခံတွေရဲ့ဆန္ဒကို လျစ်လျူရှုထားတယ်။ ဒေသခံတွေဟာ လူ့အခွင့်အရေး ချိုးဖောက်ခံရတာ ရက်ပေါင်း ၇၀၀ ကျော်နေပါပြီ။ ဒါကြောင့်လူ့အခွင့်အရေးချိုးဖောက်တာကို ရပ်ဆိုင်းပေးဖို့အတွက် ဆန္ဒထုတ်ဖော်နေတာဖြစ်ပါတယ်"ဟု ဆမ်မီဌာနေတိုင်းရင်းသားအုပ်စုမှ ပြောရေးဆိုခွင့်ရှိသူ မီကဲလ်ဟက်တာက ပြောကြားသည်။

နော်ဝေအစိုးရအနေဖြင့် ဆမ်မီဌာနေတိုင်းရင်းသားများ၏တောင်းဆိုမှုကို မဖြစ်မနေဖြေရှင်းပေးသွားရမည့်အခြေအနေဖြင့် ရင်ဆိုင်နေရကြောင်း သိရသည်။

**နိုင်းဆက်**

## ရေဘေးအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။ မိမိအိမ်ပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့်အိမ်၏ ကြံ့ခိုင်မှုကို စစ်ဆေးပါ။




၂။ မိသားစုများ အရေးပေါ် ပြောင်းရွှေ့နိုင်ရန်နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။

(ဥပမာ- အသက်ကယ်ကုန်းမြင့်၊ ရေလွတ်နိုင်သည့်နေရာများ၊ အဆောက်အအုံများ)



၃။ ရေစိုပျက်စီးနိုင်သော ပစ္စည်းများကို ခြောက်သွေ့၍ မြင့်သော နေရာတွင် ထားရှိပါ။








၄။ မိမိပတ်ဝန်းကျင်ရှိ မြစ်ချောင်းများ၏ အန္တရာယ်ရှိနိုင်သော ရေကြီးမှု အမြင့်ပေများကို သိရှိမှတ်သားထားပါ။

၅။ သောက်သုံးရေများ ကြိုတင်စုဆောင်းထားပါ။



၆။ မြေနိမ့်ဒေသ၊ ချိုင့်၊ ရေနုတ်မြောင်း အစရှိသည့်ရေလွှမ်းမိုးပါက အန္တရာယ်ဖြစ်နိုင်သော နေရာများကို မြင်သာသော အမှတ်အသား ထားရှိပါ။




၇။ အရေးပေါ်သုံးပစ္စည်းများနှင့် အရေးပေါ်အသက်ကယ်ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားပါ။



# စာဖတ်ဝိုင်းများမှတစ်ဆင့် စာဖတ်သူများတိုးပွားလာရေး

ကိုယဉ်ချစ်(မန္တလေး)

မြို့နယ်လူထုအခြေပြုဗဟိုဌာန(Community Center) မှာပြုလုပ်မဲ့ စာဖတ်ဝိုင်းကို တက်ရောက်ပေးဖို့နဲ့ ပါဝင်ဆွေးနွေးပေးဖို့ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌက ဖိတ်လာပါတယ်။ မြို့နယ်လူထုအခြေပြုဗဟိုဌာနတွေကို ခရိုင်နဲ့ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွေမှာ ဖွင့်လှစ်ထားပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွေမှာ ဖွင့်လှစ်ထားတဲ့ စာကြည့်တိုက်တွေကို အများပြည်သူတွေဝင်ထွက်သွားလာရာနေရာ၊ ရင်းနှီးကျွမ်းဝင်တဲ့နေရာ၊ လာချင်စရာနေရာတစ်ခုအဖြစ်နဲ့ လူထုအခြေပြုဗဟိုဌာန (Community Center)တွေအဖြစ် ပြောင်းလဲဆောင်ရွက်နေပါတယ်။

မြို့နယ်အလိုက် Book Club, Youth Club, Women Club တွေကိုဖွဲ့စည်းထားပြီး သက်ဆိုင်ရာအဖွဲ့အစည်းက အဖွဲ့ဝင်တွေ၊ ကျောင်းသားလူငယ်တွေ၊ စိတ်ပါဝင်စားသူတွေ၊ ဝါသနာရှင်တွေ၊ ဌာနဆိုင်ရာတွေနဲ့ ပြည်သူတွေ ပူးပေါင်းပါဝင်ဆောင်ရွက်နေတာဖြစ်ပါတယ်။ စာပေရေးရာချစ်သူများအသင်း(Book Club)အနေနဲ့ စာဖတ်ဝိုင်းတွေ၊ စာပေရေးရာနှီးနှောဖလှယ်ပွဲတွေ၊ စာအုပ်မိတ်ဆက်ပွဲတွေ၊ စာပေရေးရာဆွေးနွေးပွဲတွေကို ပြုလုပ်ကြပါတယ်။ မြန်မာနိုင်ငံ စာရေးဆရာအသင်းဝင်တစ်ယောက်အနေနဲ့ရော Book Club အဖွဲ့ဝင်တစ်ယောက်အနေနဲ့ပါ စာဖတ်ဝိုင်းကို တက်ရောက်ဆွေးနွေးခွင့်ရခဲ့ပါတယ်။

စာဖတ်ဝိုင်းမှာ ဆရာမောင်ခင်မင်(ဓနုဖြူ) ရေးသားတဲ့ အမွေခံတစ်ယောက်၊ အမွေပေးသူတစ်ရာ စာအုပ်ကိုဆွေးနွေးကြပါတယ်။ ဒီစာအုပ်ဟာ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန (စာပေဗိမာန်)က ၂၀၁၃ ခုနှစ် ဇွန်လမှာ တတိယအကြိမ် ထုတ်ဝေခဲ့တာဖြစ်ပြီး မဂ္ဂဇင်း၊ ဂျာနယ်တွေမှာ ဆရာမောင်ခင်မင်(ဓနုဖြူ) ရေးသားခဲ့တဲ့ လူငယ်နဲ့ ပညာဆိုင်ရာဆောင်းပါးစာစုတွေကို ဖော်ပြထားပါတယ်။ ပါဝင်တဲ့ဆောင်းပါး ၄၅ ပုဒ်ဟာ ဆရာမောင်ခင်မင်(ဓနုဖြူ) ကိုယ်တိုင်ရေးသားပြုစုထားတာမို့ ဆောင်းပါးတိုင်းမှာ မှတ်သားစရာအကြောင်းအချက်တွေချည်းပါပဲ။

စာဖတ်ဝိုင်းမှာ တက်ရောက်လာကြတဲ့ စာရေးဆရာ၊ ဆရာမကြီးတွေက တက်တက်ကြွကြွနဲ့ ပါဝင်ဆွေးနွေးကြပါတယ်။ မြန်မာစာပေပညာရှင်ကြီးတစ်ယောက် ရေးထားတဲ့ဆောင်းပါးတွေဟာ ဝေဖန်ဖို့၊ အကြံပြုဖို့၊ ထောက်ပြဖို့မလိုအောင် ပြည့်စုံပါတယ်။ စာလုံးပေါင်းသတ်ပုံ၊ စာကြောင်းတစ်ကြောင်းရဲ့ ဝါကျတည်ဆောက်ပုံ၊ စာပိုဒ်ဖွဲ့စည်းပုံ၊ စာပိုဒ်တစ်ပိုဒ်ရဲ့ အစ၊ အလယ်၊ အဆုံးတည်ဆောက်ပုံ၊ ရေးသားထားတဲ့ အကြောင်းအရာအဆက်အစပ်တွေဟာ အတုယူစရာကောင်းပါတယ်။ ဆောင်းပါးတွေမှာ ပါတဲ့အကြောင်းအရာတွေဟာ သင်ယူလေ့လာစရာ၊ ထပ်ဆင့်မျှဝေစရာတွေဖြစ်ပါတယ်။ ဒီအကြောင်းအချက်တွေကို တက်ရောက်လာသူတွေက စာပေအမြင်တွေနဲ့ ဆွေးနွေးကြပါတယ်။

ဆွေးနွေးကြမဲ့ စာအုပ်ထဲက ဆောင်းပါးစာစုပေါင်း ၄၅ ပုဒ်ထဲမှာ မှတ်သားစရာတွေ၊ အသိပညာဗဟုသုတတွေ အများကြီးပါဝင်ပါတယ်။ ဆောင်းပါးတွေထဲက အသိပညာဗဟုသုတတွေကို ကိုယ့်အသိပညာတိုးတက်ဖို့ ဝမ်းစာတွေအဖြစ်နဲ့ ဖြည့်နိုင်ခဲ့ပါတယ်။ အဲဒီဆောင်းပါးတချို့ကိုလဲ ကောက်နုတ်မျှဝေပေးလိုပါတယ်။

ပထမဆုံးဆောင်းပါးဖြစ်တဲ့ လူငယ်တွေအတွက် လူကြီးတွေပြင်ဆင်သင့်တဲ့ အရာများဆိုတဲ့ စာစုမှာ လူငယ်တွေမှာ ယေဘုယျတွေ့ရတဲ့ စိတ်ဓာတ်အရည်အသွေးတွေ၊ စိတ်ဓာတ်အခြေခံကောင်းတွေကို နိုင်ငံအတွက်အသုံးပြုနိုင်ဖို့က တကယ်ပညာတတ်သောပညာတတ်တွေဖြစ်လာအောင် လူကြီးတွေက ပြင်ဆင်ပေးဖို့ဖြစ်တဲ့အကြောင်း၊ အတွေ့အကြုံများတဲ့ လူကြီးတွေက မိမိတို့တွေ့ကြုံခဲ့ရတဲ့အတိမ်းအချော်၊ အားနည်းချက်၊ သင်ခန်းစာယူစရာတွေကိုပြန်လည်ဆင်ခြင်ပြီး လူငယ်တွေကို ထိန်းသိမ်းတည့်မတ်ပေးဖို့လိုအပ်တဲ့အကြောင်းရေးသားထားပါတယ်။ ဆရာကြီး ဦးဖေမောင်တင် မိန့်ဆိုခဲ့တဲ့ တပည့်ဟာ ဆရာထက်တော်ရမယ်ဆိုတဲ့ အဆိုအမိန့်လို တပည့်လူငယ်တွေကို မိမိထက်တော်တဲ့လူငယ်တွေဖြစ်လာအောင် စိတ်ရင်းမှန်မှန်၊ သဘောထားပြည့်ပြည့်နဲ့ လမ်းပြပေးဖို့လိုပြီး လူငယ်တွေရဲ့တိုးတက်မှုကို မုဒိတာစိတ်နဲ့ရှုမြင်ဖို့ လိုကြောင်းရေးသားထားပါတယ်။ လူငယ်တွေအတွက် ပညာရေးမှာ တာဝန်ရှိသူတွေသာမကဘဲ မိဘတွေနဲ့ သူတို့ပတ်ဝန်းကျင်တွေကပါ ပညာသင်ရမဲ့အရွယ်မှာ ပညာတွေ တကယ်တတ်မြောက်အောင် သင်ယူဖို့၊ တည့်မတ်ထိန်းကျောင်းပေးဖို့ လိုအပ်တယ်ဆိုတာ ပေါ်လွင်ထင်ရှားစေပါတယ်။

❖ နိုင်ငံဖွံ့ဖြိုးတိုးတက်စေဖို့၊ ပညာတတ်တွေပေါ်များလာပြီး အကျိုးပြုနိုင်ဖို့ လူကြီးလူငယ်တွေ စာဖတ်ကြရပါမယ်။ စာဖတ်အားကောင်းလာစေမဲ့ နည်းလမ်းတွေရှာဖွေပြီး စာမဖတ်သူပပျောက်အောင် လုပ်ကြရပါမယ်။ အကြောင်းအမျိုးမျိုးကြောင့် စာမဖတ်ဖြစ်တဲ့သူတွေအတွက်လဲ စာဖတ်ဖြစ်အောင် မျက်မှောက်ခေတ်နည်းပညာတွေ တိုးတက်နေပါပြီ။ ဖတ်ချင်စိတ်ရှိဖို့သာအဓိကပါ။ စာဖတ်တော့မသိသေးတာတွေသိရ၊ သိချင်တာတွေသိရ၊ သိထားတဲ့အသိတွေထက်ပိုပြီးသိရပါတယ်။ စာဖတ်တဲ့အတွက် ကိုယ်သိထား၊ ကိုယ်တတ်ထားတာတွေထက် ပိုကျယ်ပြန့်ကောင်းမွန်တဲ့ အသိအမြင်တွေကိုရလာပါတယ်။ ❖

ကံရာဇာငယ်၏ အလှူမဏ္ဍပ်ဆောင်းပါးမှာ မူလတန်းကျောင်းသားဘဝက အတန်းပိုင်ဆရာက မင်းတို့အသက်ကြီးလာရင် ဘာအလုပ်ပဲလုပ်လုပ် ကံရာဇာငယ်မဏ္ဍပ်ဆောက်တာမျိုးတော့မလုပ်ကြနဲ့ဆိုပြီး ဆုံးမဖူးခဲ့တာလေးကိုရေးသားထားပါတယ်။ တကောင်းခေတ်မင်းဆက် အဘိရာဇာမင်းကြီးနတ်ရွာစံတော့ သားတော်ကံရာဇာကြီးနဲ့ ကံရာဇာငယ်တို့က ထီးနန်းလုကြတဲ့အခါ မှူးမတ်တွေက ရန်စစ်မထိုးဘဲ ကုသိုလ်စစ်ထိုးကြဖို့အကြံပေးတယ်။ ကုသိုလ်စစ်မှာ အလှူမဏ္ဍပ်ကြီးတစ်ဆောင်စီကို ညတွင်းချင်းဆောက်ရမယ်၊ အရင်ဆောက်ပြီးတဲ့သူက မင်းပြုရမယ်တဲ့။ ကံရာဇာကြီးကတော့ သစ်ကြီးဝါးကြီးတွေနဲ့ အခိုင်အမာတည်ဆောက်တော့ ညတွင်းချင်းမပြီးဘူး၊ ကံရာဇာငယ်ကတော့ သစ်ငယ်ဝါးငယ်တွေနဲ့ပြီးအောင်ဆောက်လိုက်တော့အရင်ပြီးသွားပြီး နန်းရသွားတယ်။ ကံရာဇာငယ်ကို ဉာဏ်ရှိတယ်လို့ ချီးမွမ်းစရာဖြစ်ပေမဲ့ သူ့မဏ္ဍပ်က လေပြင်းပြင်းတိုက်ရင် ပြိုကျမဲ့မဏ္ဍပ်။ ပစ္စည်းကောင်းကောင်းဖန်တီးချင်ရင် အချိန်လုံလုံလောက်လောက်နဲ့ ပစ္စည်းကောင်းရဖို့လိုကြောင်းနဲ့ မြန်မြန်ပြီးအောင် ကမန်းကတန်းလုပ်ရင်တော့ ကံရာဇာငယ်ရဲ့မဏ္ဍပ်လိုပဲဖြစ်မှာလို့ ဆုံးမဖူးတဲ့အကြောင်းလေးကိုအခြေခံပြီးရေးသားထားပါတယ်။ အဲဒီအတွေ့အကြုံလေးနဲ့ဆက်စပ်ပြီး ဆရာကြီးရဲ့ ဘဝအတွေ့အကြုံတွေရေးသားထားတာ မှတ်သားစရာပါပဲ။

စာအုပ်အမည်ပေးထားတဲ့ အမွေခံတစ်ယောက်၊ အမွေပေးသူတစ်ရာဆိုတဲ့ဆောင်းပါးကတော့ ၂၀၁၂ ခုနှစ် ဇန်နဝါရီလထုတ် ပညာတန်ဆောင်မဂ္ဂဇင်းမှာ ရေးသားခဲ့တဲ့ဆောင်းပါးပါ။ စာရေးသူဆရာကြီးကိုယ်တိုင်အတွေ့အကြုံတွေကို ဖော်ပြထားပါတယ်။ စာရေးတတ်၊ စာဖတ်တတ်အောင် သင်ပေးတဲ့သူရဲ့ လက်ဦးဆရာဖြစ်တဲ့ သူ့မိခင်ရဲ့အဖေ(သူ့ရဲ့အဘိုး)ကို ဘဘလို့ခေါ်ပါတယ်။ ဘဘဦးသိဟကစပြီး မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ် မဟာဝိဇ္ဇာတန်းနောက်ဆုံးနှစ်ထိ ပညာသင်ပေးခဲ့တဲ့ဆရာ၊ ဆရာမတွေရဲ့နာမည်ကိုချရေးကြည့်တာ ၁၀ တန်းအောင်တဲ့ထိ သင်ပေးခဲ့တာ ၄၈ ဦး၊ တက္ကသိုလ်မှာ သင်ပေးခဲ့တာ ၅၁ ဦး စုစုပေါင်း ၉၉ ဦးတဲ့။ ၁၀၀ ပြည့်ဖို့ တစ်ဦးသာလိုပေမဲ့ မှတ်ဉာဏ်ထဲမေ့တာရှိနိုင်တာမို့ အမွေပေးသူတစ်ရာလို့ သုံးနှုန်းခဲ့ကြောင်း ဖော်ပြထားပါတယ်။ မူလတန်း၊ အလယ်တန်းနဲ့အထက်တန်းကျောင်းသားဘဝတွေမှာ ပညာသင်ကြားပေးခဲ့ကြတဲ့ ဆရာ၊ ဆရာမတွေ၊ သူတို့က သွန်သင်ဆုံးမပညာသင်ကြားပေးခဲ့ပုံတွေ၊ အဲဒီခေတ်က သင်ရိုးညွှန်းတမ်းတွေကို ဗဟုသုတဖြစ်ဖွယ်မှတ်သားရပါတယ်။ ၁၀ တန်းအောင်လို့ တက္ကသိုလ်ပညာသင်ယူတဲ့ကာလအတွေ့အကြုံတွေကလဲ မှတ်သားစရာတွေပါပဲ။ ကျောင်းသားဘဝ လူငယ်တစ်ဦးချင်းရဲ့ ဘဝခရီးမှာ တင့်တင့်တယ်တယ်လျှောက်လှမ်းနိုင်အောင် ပညာအမွေ၊ စိတ်ဓာတ်အမွေတွေ လက်ဆင့်ကမ်းရုံမကဘဲ တစ်ကိုယ်ရေကျန်းမာဖို့ကနေ ပတ်ဝန်းကျင်နဲ့ သဟဇာတဖြစ်အောင် နေထိုင်ဆက်ဆံတတ်အောင်ဘက်စုံပျိုးထောင်ပေးခဲ့တဲ့ ဆရာ၊ ဆရာမတွေကို အမွေပေးသူတစ်ရာ၊ သင်ယူခဲ့တဲ့သူကိုအမွေခံတစ်ယောက်လို့ တင်စားရေးသားခဲ့တဲ့ ဆောင်းပါးလေးကလဲ မှတ်သားဖွယ်ရာဖြစ်ပါတယ်။

ဆရာမတိုက်ကျွေးသော အားဆေးစကားဆိုတဲ့ ဆောင်းပါးမှာတော့ သတ္တမတန်းကျောင်းသားဘဝမှာ အင်္ဂလိပ်ဘာသာသင်ပေးတဲ့ ဆရာမဒေါ်သန်းသန်းနွယ်ဟာ အသက် ၂၀ ကျော် အလုပ်ဝင်စအချိန်၊ သတ္တမတန်းကျောင်းသားကြီးတချို့က ဆရာမထက်တောင်အသက်ကြီးပုံရတယ်။ ဆရာမက အသက်ငယ်ပေမဲ့ တည်ကြည်တယ်၊ စာကြိုးစားသင်တယ်၊ ဆရာမကိုတပည့်တွေက ခင်လဲခင်တယ်၊ ကြောက်လဲကြောက်ကြတယ်တဲ့။ တစ်ခါကကျောင်းသားတွေက ဆရာမရဲ့စာကို ကျက်မှတ်မလာလို့ စိတ်တိုသွားပုံရတယ်။ ဆရာမကမှတ်စုခေါ်ပေးရင်း ကျောင်းသားတွေကို ကြိမ်းမောင်းတယ်။ စာရေးသူဆရာကြီးကတော့ ကျက်မှတ်ထားတဲ့အတွက် ပြဿနာမရှိ။ ဆရာမက စာခေါ်ပေးတာကို လိုက်ရေးရင်း ဆရာမကို မော့ကြည့်လိုက်တော့ ဆရာမက မင်းမပါဘူးလို့ဆိုတဲ့ သဘောနဲ့ Except Maung လို့နာမည်ကို ဖော်ညွှန်းပြီးပြောခဲ့တယ်။ စာရသူနဲ့ စာမရသူတွေကိုကော မဆူဘဲ ကွဲကွဲပြားပြားသဘောထားတဲ့ဆရာမကို လေးစားမိကြောင်းနဲ့ အဲဒီသတ္တမတန်းမှာ စကောလားရှစ်ရတဲ့အကြောင်း ဆရာမကို သတိတရရေးသားထားတာဖြစ်ပါတယ်။

စာအုပ်ရဲ့နောက်ပိုင်း ဆောင်းပါးတွေထဲမှာ သိင်္ဂါလောဝါဒသုတ်လာ မိဘဝတ်၊ သားသမီးဝတ်၊ ဆရာဝတ်၊ တပည့်ဝတ်၊ မိတ်ဆွေဝတ်၊ လင်ဝတ်၊ မယားဝတ်၊ ဒါကာနဲ့ ဆရာဝတ်တွေကို တစ်ခုချင်း အသေးစိတ်ရှင်းလင်းရေးသားထားတဲ့ ဆောင်းပါးတွေ ပါဝင်ပါတယ်။ သိင်္ဂါလောဝါဒသုတ်ဆိုတာ ဘုရားရှင်က သိင်္ဂါလလုလင်ကိုအကြောင်းပြုပြီး အိမ်ရာတည်ထောင် လူ့ဘောင်နေသူလူတွေရဲ့ လောကီအကျိုးစီးပွားအတွက် ဟောကြားခဲ့တာဖြစ်ပါတယ်။ အရပ်ခြောက်ပါး၊ ညစ်ညူးသောကံလေးပါး၊ အကြောင်းလေးပါး၊ စည်းစိမ်ပျက်ကြောင်းခြောက်ပါး၊ အခါမဲ့(ညအခါ၌)သွားလာခြင်း အပြစ်ခြောက်ပါး၊ ပွဲလမ်းသဘင်ကြည့်ရှုခြင်း အပြစ်ခြောက်ပါး၊ လောင်းကစားခြင်းအပြစ်ခြောက်ပါး၊ ခင်ပွန်းယုတ်အပြစ်ခြောက်ပါး၊ ပျင်းရိခြင်းအပြစ်ခြောက်ပါး၊ မိတ်ဆွေတုလေးယောက်၊ စိတ်နှလုံးကောင်းရှိသော မိတ်ဆွေလေးယောက်၊ အရပ်ခြောက်ပါးကို လုံခြုံစေခြင်းဆိုတာတွေကို သုတ်ရဲ့ အစပိုင်းမှာပါဝင်ပါတယ်။ ဒီအကြောင်းအရာတွေကိုမှတ်သားရလွယ်ကူအောင် တစ်ခုချင်းစီကို ဆရာတော် ဦးဇဝနက ဆောင်ပုဒ်တွေရေးသားခဲ့ပါတယ်။

ဒီသိင်္ဂါလောဝါဒသုတ်မှာပါတဲ့ အကြောင်းအရာတွေဟာ ဆယ်ကျော်သက်လူငယ်တွေအတွက် မြန်မာစာပေ၊ မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းတွေအကြောင်းကို ကောင်းနိုးရာရာပြောပြဖို့ ရည်ရွယ်ကြောင်း ရေးသားထားပါတယ်။

စာဖတ်ဝိုင်းမှာပါဝင်ဆွေးနွေးကြတဲ့ စာရေးဆရာ၊ ဆရာမကြီးတွေရဲ့ ဆွေးနွေးချက်တွေကလဲ ဗဟုသုတတွေ၊ အသိပညာတွေရသလို တက်ရောက်လာကြသူတွေအချင်းချင်း ခင်မင်ရင်းနှီးမှုတွေလဲရခဲ့ကြပါတယ်။

ဖတ်ရှုတဲ့စာအုပ်ကို ဆွေးနွေးကြတဲ့အခါ တစ်ယောက်နဲ့တစ်ယောက် အမြင်တစ်မျိုးစီနဲ့ ရှုထောင့်အမျိုးမျိုးက ဆွေးနွေးကြပါတယ်။ စာအုပ်ထဲကနဲ့ ဆက်စပ်တဲ့အကြောင်းအရာတွေကို အတွေ့အကြုံအကိုးအထောက်တွေနဲ့ ဆွေးနွေးကြလို့ အသိပညာဗဟုသုတတွေလဲ တိုးပွားကြပါတယ်။


နိုင်ငံဖွံ့ဖြိုးတိုးတက်စေဖို့၊ ပညာတတ်တွေ ပေါ်များလာပြီး အကျိုးပြုနိုင်ဖို့ လူကြီးလူငယ်တွေ စာဖတ်ကြရပါမယ်။ စာဖတ်အားကောင်းလာစေမဲ့ နည်းလမ်းတွေရှာဖွေပြီး စာမဖတ်သူပပျောက်အောင် လုပ်ကြရပါမယ်။ အကြောင်းအမျိုးမျိုးကြောင့် စာမဖတ်ဖြစ်တဲ့ သူတွေအတွက်လဲ စာဖတ်ဖြစ်အောင် မျက်မှောက်ခေတ်နည်းပညာတွေ တိုးတက်နေပါပြီ။ ဖတ်ချင်စိတ်ရှိဖို့သာအဓိကပါ။ စာဖတ်တော့မသိသေးတာတွေသိရ၊ သိချင်တာတွေသိရ၊ သိထားတဲ့အသိတွေထက်ပိုပြီးသိရပါတယ်။ စာဖတ်တဲ့အတွက် ကိုယ်သိထား၊ ကိုယ်တတ်ထားတာတွေထက် ပိုကျယ်ပြန့်ကောင်းမွန်တဲ့ အသိအမြင်တွေကိုရလာပါတယ်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနဲ့ ကျန်းမာရေးတွေအတွက် ကောင်းမွန်တဲ့ အထောက်အကူတွေအများကြီးရလာပါတယ်။ အသိတွေတိုးပွားလာပါတယ်။ ရှိရင်းစွဲအသိတွေထက် တိုးတက်သိလာရတဲ့ အသိတွေကြောင့် အမှန်နဲ့အမှား၊ အကောင်းနဲ့အဆိုးတွေကို မှန်မှန်ကန်ကန်ခွေးချယ်နိုင်ပြီး ဘဝလမ်းခရီးမှာအောင်မြင်အောင် လျှောက်လှမ်းနိုင်မှာဖြစ်ပါတယ်။

ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတွေက လူတွေဟာ စာအများကြီးဖတ်ကြပါတယ်။ စာပေဖတ်ရှုလေ့လာသူတွေများလာအောင် ကိုယ်ကိုယ်တိုင်ကော၊ ကိုယ့်မိသားစုနဲ့ လက်လှမ်းမီသမျှပတ်ဝန်းကျင်တွေကို စာဖတ်ကြဖို့ နည်းလမ်းမျိုးစုံနဲ့ဆောင်ရွက်ကြရပါမယ်။ အထူးသဖြင့် လူငယ်တွေကို စာဖတ်ချင်စိတ်တွေရှိလာအောင်၊ စာဖတ်လာအောင် ဝိုင်းဝန်းလုပ်ဆောင်ကြဖို့လိုပါတယ်။ အခုလိုစာဖတ်ဝိုင်းတွေကို ကျယ်ကျယ်ပြန့်ပြန့်နဲ့ထိထိရောက်ရောက်ကျင်းပပြီး စာဖတ်ဝိုင်းတွေကတစ်ဆင့် စာဖတ်သူတွေတိုးပွားလာအောင် ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

0 w Kv d @

# ကြက်ဥကြော်နှင့်မနက်ဖြန်များ

လွန်းနှင်းဆီခိုင်




(၁)

ဘေးတွဲဆိုင်ကယ်ကို ခြံရှေ့ရပ်ပြီး အိမ်ပေါ်မှ ဆူဆူညံညံအသံတချို့ကို ဦးမြမောင်နားစွင့်လိုက်သည်။

“အေး. . . နင်အဲဒီတုန်းက တစ်ခါတည်းပြန်ပြောခဲ့ပါလား။ ဘာလို့အခုမှ အိမ်ပြန်လာပြီး ငါ့ကိုစိတ်တိုအောင် လာပြောပြနေတာလဲ ကိုဦးရယ်။ ငါနော် လှရီတဲ့ တစ်ရီတည်းရှိတယ်။ ငါ့ကိုလဲ ဘယ်သူမှလာမစော်ကားနဲ့။ ငါ့သားသမီးကိုလဲ ထိကပါးရိကပါးလာမလုပ်နဲ့။ လှရီဆိုတဲ့မိန်းမက အလဲထူပစ်လိုက်မယ် ဘာမှတ်နေလဲ”

ဦးမြမောင် ယနေ့အော်ဒါတစ်ကြောင်း ခပ်ဝေးဝေးကိုသွားခဲ့၍ အနည်းငယ်နောက်ကျပြီးမှ ပြန်လာရခြင်းဖြစ်သည်။ နေ့လယ်က ထမင်းစားမကောင်း၍ သိပ်မစားဖြစ်ခဲ့ပေ။ စားမကောင်းတာလည်းမပြောနှင့် ထမင်းပြန်စားတော့ ဦးမြမောင်အတွက်ဆိုပြီး ထမင်းအုပ်ဆောင်းအောက်တွင် ကြက်ဥကြော်သာရှိသည်။ ငါးပိရည် တို့စရာကမရှိ။ ပင်ပင်ပန်းပန်း နေပူမိုးရွာ ဆိုင်ကယ်ဘေးတွဲမောင်းရသူဖြစ်ပြီး ဦးမြမောင်၏ အသက်က ၅၀ ကိုကျော်လွန်ခဲ့ပြီမို့ ငယ်စဉ်ကပင်ပန်းခဲ့သည့်ဒဏ်များနှင့်ပိကာ ကျန်းမာရေးချို့ယွင်းစပြုလာပြီဖြစ်သည်။ လူက တရှောင်ရှောင်ဖြစ်နေသော်လည်း ဆင်းရဲသည့်မိသားစုအခြေအနေကြောင့် အားတင်းပြီး အိမ်ထောင်ဦးစီးတစ်ယောက်၏တာဝန်ကို ကျေပွန်အောင်ကြိုးစားနေခြင်းဖြစ်သည်။ နေ့လယ်က ကြက်ဥကြော်ဖြင့် စားမကောင်းခဲ့သော ဦးမြမောင်မှာ ညစာလေးတော့ လှရီတစ်ယောက် ဘာလေးများချက်ပြုတ်ထားလေမလဲဆိုပြီး ပြန်လာခဲ့ခြင်းဖြစ်သည်။

“လှရီရယ် ပင်ပင်ပန်းပန်းပြန်လာတဲ့သူ အမောဆို့တယ်ဟာ။ မင်းတို့သားအမိတွေ ဘာဖြစ်နေကြတာလဲ။ မင်းတို့အသံတွေက ခြံဝကတည်းကကြားနေရတယ်”

“ဒီမယ် ကိုမြမောင် ရှင်ဟာလေ တစ်နေ့မှ ဈေးဖိုးလေး ၇၀၀၀၊ ၈၀၀၀ လောက်ပေးပြီး ပြန်လာရင် ကျွန်မတို့ကို အပြစ်ပြောမယ်ဆိုတာချည်းပဲ။ ဟိုဘက်လမ်းက အောင်ငွေကလေ။ လမ်းထိပ်က နာရေးဖဲဝိုင်းမှာ ကျွန်မသားကိုဦးကို နှိမ်လို့ရင့် နှိမ်လို့။ အဲဒီကိစ္စကို သားအမိတွေပြောနေတာ”

“ဘာတွေများ နှိမ်တာလဲ ပြောပါအုံး”

ဦးမြမောင်လည်း မိန်းမဖြစ်သူလှရီ ဘာပြောလာမလဲကို သိလို၍မေးလိုက်သည်။

“ကိုဦးက သူ့ဖုန်းကို ငွေ ၃၀၀၀၀ နဲ့ ခဏယူထားပါ။ ညကျရင်ပြန်ရွေးပါ့မယ် ပြောတာကို မင်းတို့က ယုံရသူတွေမဟုတ်ဘူး။ မင်းတို့ဖုန်းကလဲ အစုတ်ကြီးမို့ ခဏလဲမယူနိုင်ဘူး။ အခြားလူကိုသာ သွားပေါင်လို့ပြောသတဲ့။ တကယ်ဆို အောင်ငွေဆိုတဲ့ကောင်ကကော ဘာအဆင့်ရှိလို့လဲ။ ကျွန်မ တော်တော်ဒေါသထွက်နေတာ သိလား”

ပြဿနာ၏ဇာစ်မြစ်ကို ဦးမြမောင်ချက်ချင်းသိသွားသည်။ ကိုဦးက ဦးမြမောင်၏သားအကြီးကောင်ပါ။ ကိုထွေးဆိုသည့်သားအငယ်တစ်ယောက်ရှိသေးသည်။ သူများကိုရိုက်နှက်မှုဖြင့် ထောင်ကျနေသည်မှာ ယခုဆို ငါးလခန့်ရှိပြီ။ အရိုက်ခံရသူကို ဆေးဖိုးဝါးခများ ကျေနပ်အောင်ပေးလျော်ခဲ့ရသော်လည်း လှရီ၏ အပြောအဆိုမတတ်မှုကြောင့် အမှုက မကျေအေးခံရဘဲ ထောင်ကျခဲ့ရခြင်းဖြစ်သည်။ သားလေးနှစ်ယောက် မွေးထား၍ အရွယ်ရောက်သောအခါ ဦးမြမောင် အားကိုးအားထားရချင်မိသည်။ အားကိုးချင်သည်ဆို၍ သူတို့လုပ်စာကို မှီခိုစားသောက်လိုခြင်းမျိုးမဟုတ်။ မိသားစုမှာ နိုင်ရာတာဝန်ထမ်းစေချင်သည်။ ဘေးတွဲဆိုင်ကယ်များ ခေတ်မရှိမီက ခွန်အားကိုအသုံးပြု၍ ပင်ပင်ပန်းပန်း ဆိုက်ကားနင်းခဲ့ရသည်။ ဇနီးဖြစ်သူ လှရီက ရံဖန်ရံခါ ခေါင်းရွက်ဗျပ်ထိုးဈေးသည်လုပ်သည်။ ဈေးသည်ပီပီ နှုတ်သွက်အာသွက် ဈေးသည် မလှရီအဖြစ်မှ အာကြမ်းလျှာကြမ်းဈေးသည် မလှရီ ဖြစ်လာခဲ့သည်။ ဦးမြမောင်လည်း ရှာနိုင်သရွေ့၊ ရှာရသရွေ့ လှရီလက်ထဲထည့်ခဲ့သည်။ ဦးမြမောင်အရက်သေစာမသောက်ခဲ့။ လောင်းကစားအလုပ်များဖြစ်သော နှစ်လုံး၊ သုံးလုံး၊ ဖဲကစားခြင်းများ မပြုလုပ်ခဲ့ပေ။ အသက် ၃၀ ကျော်မှအိမ်ထောင်ကျပြီး သားနှစ်ယောက် ထွန်းကားခဲ့၍ တစ်ခါတစ်ရံ ပင်ပန်းသည့်အခါ သားဖြစ်သူများအရွယ်ရောက်ချိန်ကို မျှော်လင့်မိသည်။ လှရီဈေးရောင်း၍ ဦးမြမောင်တို့မိသားစုအဆင်ပြေချောင်လည်လိမ့်မည်ဟု မထင်လိုက်လေနှင့်။ လှရီ၏ ဈေးရင်းသည် မကြာခဏစိုက်ထည့်၍မဆုံးဘဲ အရင်းပြုတ်ပြုတ်နေခဲ့သည်။ အကြောင်းမူကား လှရီ တစ်ယောက် နှစ်လုံး၊ သုံးလုံးချဲထိုးသည်။ ရပ်ကွက်ထဲနာရေးရှိလျှင် ထိုင်ရာမထ ဖဲရိုက်သေးသည်။ ထိုသို့သောလောင်းကစားအမှုလုပ်ခြင်းကို ဦးမြမောင် မနှစ်မြို့ပေ။ တိုးတိုးတိတ်တိတ် ဆိုဆုံးမခြင်းကို ရပ်သိရွာသိ အာခေါင်ခြစ်ပြီး တစ်ခွန်းမခံ တုံ့ပြန်ရန်လုပ်တတ်သည်။ ဦးမြမောင်က ရန်ဖြစ်ရခြင်းကိုလည်း ရှက်သည်။ ယောက်ျားသားတစ်ယောက်အနေဖြင့် မိမိ၏ဇနီးမယားက ရိုင်းပျစွာခွန်းတုံ့ပြန်နေမှုမျိုးကို ပို၍မနှစ်မြို့ပေ။ ပြောဆိုဆုံးမ၍မရသည့်ဇနီးကို ထပ်မပြောတော့ဘဲ ဦးမြမောင် နေသာသလိုသာနေခဲ့လိုက်သည်။ ဇနီးမယားကို ပြောဆိုမကောင်း၍လွှတ်ထားသော်လည်း သားနှစ်ယောက်ကိုတော့ လိမ္မာရေးခြားရှိစေချင်သည်။ သို့သော် ဦးမြမောင် ဆုတောင်းမပြည့်ခဲ့ပေ။ မိခင်၏အမူအကျင့်များနည်းတူ ဆိုဆုံးမ၍လည်း နာခံမှုကင်းသော သားနှစ်ယောက်သည် ဖခင်ဖြစ်သူ ဦးမြမောင်ကိုပင် တစ်ခါတစ်ရံ ရိုင်းရိုင်းပျပျဆက်ဆံတတ်သည်ထိ ဖြစ်လာခဲ့သည်။ ယခုလည်း ကြည့်လေ။ သားဖြစ်သူ ကိုဦးတစ်ယောက် သူဖဲရှုံး၍ နာရေးအိမ်တွင် ဖုန်းပေါင်ခဲ့ရသည်ကို တစ်ဖက်လှည့်ဖြင့် အိမ်တွင် အသိပေးခြင်းဖြစ်သည်။ ဒါကို မိခင်ဖြစ်သူလှရီက သားဖြစ်သူကို လောင်းကစားလုပ်သည့်အပေါ် အပြစ်မမြင်၊ ဖုန်းပေါင်ပြီး လောင်းကစားလုပ်ခဲ့ခြင်းကို ဆိုဆုံးမမှုမပြုဘဲ မရောင်ရာဆီလူး၍ ပတ်ဝန်းကျင်ကို နားဒုက္ခပေးကာ အိမ်ဆူနေခြင်းဖြစ်သည်။ သားအမိနှစ်ယောက် အတိုင်အဖောက်ညီညီ ပြောနေသောစကားများကို မကြားဟန်ပြု၍ ကိုယ်လက်သန့်စင်ပြီး ထမင်းစားရန် အုပ်ဆောင်းဖွင့်လိုက်ရာ နံနက်ကကဲ့သို့ပင် စားပွဲပေါ်၌ ကြက်ဥတစ်လုံးကြော်ထားသည်ကို တွေ့လိုက်ရတော့သည်။

(၂)

ဦးမြမောင် နံနက်ကတည်းက ခရီးတိုနှစ်ကြောင်းသာရသေးသည်။ ဆီက မနေ့ညနေက ၂၀၀၀ ဖိုးထည့်ထားသည်မို့ တော်သေးသည်။ ထမင်းစားချိန်ရောက်နေသော်လည်း လက်ထဲတွင် ငွေ ၁၀၀၀ သာရသေးသည့်အတွက် အိမ်ကိုပြန်ချင်စိတ်ပင်မရှိတော့ပေ။ ဆိုင်ကယ်ဘေးတွဲမောင်းရသည့်ဘဝကလည်း တစ်နေ့ရှာ တစ်နေ့ငွေဖြစ်နေသည်။ ယခုရက်ပိုင်း လှရီက ဟင်းကိုလည်း ဖွယ်ဖွယ်ရာရာမချက်ပေ။ ကြက်ဥကြော်တောင် ကြက်သွန်လေး ဘာလေးထည့်ကြော်ဖို့မအားရှာပေ။ မနေ့က နံနက်ပိုင်းလမ်းကြောင်းလေးများသည်မို့ ၁၁ နာရီလောက် အိမ်ကိုပြန်မိသည်။ သားအမိနှစ်ယောက် ဆိုင်ဝယ်ဝက်သားဟင်းများနှင့် ထမင်းစားနေကြသည်။ မိမိကိုမြင်သောအခါ မလုံမလဲ ပျာယာခတ်နေကြသည်။

“ကိုမြမောင် ရှင်အစောကြီး ပြန်လာတာလား။ ကျွန်မတောင် ကြက်ဥမကြော်ရသေးဘူး”

ဦးမြမောင် စိတ်ထဲကပြုံးမိသည်။ မိမိရှာဖွေပေးသောငွေပမာဏသည် မိသားစုဝင်သုံးယောက်အတွက် ကြက်ဥမကသော ဟင်းတစ်မည်မည်တော့ ကောင်းစွာချက်ပြုတ်နိုင်သည်ကို သိသည်။ သို့သော် ဦးမြမောင် မပြောလိုတော့ပါ။ ဇနီးဖြစ်သူ လှရီနှင့်အိမ်ထောင်ကျခါစက ဇနီးဖြစ်သူ၏ နှုတ်ကြမ်း၊ လျှာကြမ်းမှုများကို ခင်ပွန်းတစ်ယောက်အနေဖြင့် ထိန်းကျောင်းပြုပြင်ပေးမိသေးသည်။ လှရီက မနာခံပေ။ လင်သားဖြစ်သူကိုပင် ပြန်လည်စကားနာထိုးနေ၍ စကားနည်းရန်စဲခဲ့ရသည်။ သားလေးနှစ်ယောက် မွေးဖွားလာတော့လည်း နုနယ်သော ဦးနှောက်ကလေးများကို မလျော်ကန်သော အသိတရားများဖြင့် ယဉ်ပါးစေပြန်သည်။

“ဘာ နင့်ကိုလက်သီးနဲ့အရင်လာထိုးလို့ နင်က ပြန်လုပ်တာကို ဆရာမက နှစ်ယောက်လုံးမှာ အပြစ်ရှိတယ်ဆိုပြီး ရိုက်တယ်ဟုတ်လားကိုထွေး။ အေးကောင်းပြီ။ နင်တို့အတန်းပိုင်ဆရာမ ငါနဲ့တွေ့မယ်”

“ဟိုကလုပ်လိုက်လို့ နင်ခံလာရတာမဟုတ်လား။ မရဘူး နောက်ရက်ကျရင် နင်အဲဒီကောင်လေးကို နှစ်ဆ ပြန်လုပ်ခဲ့စမ်းကိုဦး။ သူ့မိဘတွေလာပြောရင် ငါ ကိုယ်တိုင်ရှင်းမယ်။ ဘာလာပြီးလူပါးဝတာလဲ”

အစရှိသောစကားတို့သည် လှရီနှင့်သားနှစ်ယောက်၏ကြားတွင် အမြဲပြည့်နှက်နေသောအကြောင်းအရာများဖြစ်ခဲ့သည်။ မိမိက မသင့်တော်၍ဝင်ဟန့်လျှင် လှရီက သားသမီးများရှေ့မှာပင် မိမိကိုခွန်းတုံ့ပြန်ပြီး ကလန်ကဆန်လုပ်နေခဲ့သည်။ သားနှစ်ယောက်ကို လှရီစိတ်ထဲမတွေ့ရင် ရိုက်နှက်တတ်သော်လည်း ဦးမြမောင်ကတော့ ရိုက်ခွင့်မရှိပေ။ သားသမီးကို ငယ်စဉ်ကတည်းက ချော့တစ်ခါ ခြောက်တစ်လှည့်ဖြင့် လိမ္မာယဉ်ကျေးအောင် သွန်သင်ပေးချင်သော်လည်း လှရီကြောင့်ပင် မဆုံးမနိုင်ခဲ့ပေ။ ထို့ကြောင့် လူလားမြောက်လာသောအခါ သားနှစ်ယောက်စလုံးမှာ မလိမ္မာ၊ မယဉ်ကျေးကြသလို ဂါရဝတရားအသိ စိုးစဉ်းမျှ မရှိကြပေ။ အတန်းပညာကိုလည်း ကောင်းစွာသင်ကြားမှုမရှိကြဘဲ အလယ်တန်းအဆင့်နှင့် ကျောင်းပြင်ပသို့ရောက်ခဲ့ရသည်။ ထို့ကြောင့်ပင် သားအငယ်ကိုထွေးမှာ မိုက်ရူးရဲတဇောက်ကန်းစိတ်ဖြင့် ဘာမှမဟုတ်သော အကြောင်းတရားလေးကို ပုံကြီးချဲ့၍ တစ်ဖက်လူကို ကိုယ်ထိလက်ရောက် ထိုးကြိတ်ရိုက်နှက်မှုနှင့် ထောင်နန်းစံခဲ့ရသည်။

သားအကြီးဖြစ်သူ ကိုဦးသည်လည်း အလုပ်ကို မည်မည်ရရမလုပ်။ လူမိုက်လိုလို၊ လူစွာလိုလိုလုပ်ပြီး အိမ်မှာလည်း အထောက်အပံ့မဖြစ်ဘဲ လောင်းကစားကို သာအာရုံကျနေပြန်သည်။

> ❖ ယခုလည်း ကြည့်လေ။ သားဖြစ်သူ ကိုဦးတစ်ယောက် သူဖဲရှုံး၍ နာရေးအိမ်တွင် ဖုန်းပေါင်ခဲ့ရသည်ကို တစ်ဖက်လှည့်ဖြင့် အိမ်တွင်အသိပေးခြင်းဖြစ်သည်။ ဒါကို မိခင်ဖြစ်သူလှရီက သားဖြစ်သူကို လောင်းကစားလုပ်သည့်အပေါ် အပြစ်မမြင်၊ ဖုန်းပေါင်ပြီး လောင်းကစားလုပ်ခဲ့ခြင်းကို ဆိုဆုံးမမှုမပြုဘဲ မရောင်ရာဆီလူး၍ ပတ်ဝန်းကျင်ကို နားဒုက္ခပေးကာ အိမ်ဆူနေခြင်းဖြစ်သည်။ ❖

စာမျက်နှာ ၂၅ သို့ ➤

# ကျောက်မြောင်းမြို့နယ်(ခွဲ)တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးဧက ၄၀၅၀ စိုက်ပျိုးပြီးစီး



ယခင်နှစ်က စိုက်ပျိုးခဲ့သည့် မိုးစပါးစိုက်ခင်းကို တွေ့ရစဉ်။

**ကျောက်မြောင်း စက်တင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်(ခွဲ)တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးဧက ၄၀၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်(ခွဲ) စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြ၍ သိရသည်။

ကျောက်မြောင်းမြို့နယ်(ခွဲ)တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးဧက ၄၀၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၄၀၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျောက်မြောင်းမြို့နယ်(ခွဲ)မှာ မိုးစပါးဧက ၄၀၀၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ မိုးစပါးဧက ၄၀၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မိုးစပါးစိုက်ပျိုးမှုက လက်ရှိအချိန်မှာ လျာထားဧကထက် ပိုစိုက်ပျိုးနိုင်ပါတယ်။ မိုးစပါးစိုက်ပျိုးရာမှာ အချိန်မီစိုက်ပျိုးကြဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးဖို့၊ စိုက်နည်းစနစ်တွေမှန်ကန်ဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် ကာကွယ်နည်းလမ်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ကျောက်မြောင်းမြို့နယ်(ခွဲ)စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြသည်။

ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက ကျောက်မြောင်းမြို့နယ်(ခွဲ)တွင် မိုးစပါးစိုက်ပျိုးမှုကို ၂၀၂၂ ခုနှစ် ဇွန်လမှစ၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ မိုးစပါးဧက ၄၀၀၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ကျောက်မြောင်းမြို့နယ်(ခွဲ)တွင် ယခုနှစ် မိုးစပါးစိုက်တောင်သူများအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရန်၊ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနိုင်ရန်၊ မိုးသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်၊ စီးပွားဖြစ်မျိုးများ စိုက်ပျိုးကြရန်အတွက် နည်းပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# မကွေးမြို့နယ် ထုံးပေါက်တောတောင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**မကွေး စက်တင်ဘာ ၁၂**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သောက်သုံးရေ ရရှိရေးအတွက် ထုံးပေါက်တောတောင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်မြသက်ထွေးနှင့် မကွေးမြို့နယ်မှ အင်ဂျင်နီယာဝန်ထမ်းများက ထုံးပေါက်တောတောင်ကျေးရွာ၌ သောက်သုံးရေ ရရှိရေး ကော်မတီဝင်များနှင့်အတူ အကျယ် လေးလက်မ၊ အနက် ပေ ၄၀၀ စက်ရေတွင်းတူးဖော်ခြင်းနှင့်ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လက်ထောက်ညွှန်ကြားရေးမှူးက တင်ဒါအောင်မြင်သည့် ကုမ္ပဏီမှ တာဝန်ခံကို ဆောင်ရွက်ရန်ကျန်ရှိသော လုပ်ငန်းများ သတ်မှတ်အတိုင်းအတာ၊ သတ်မှတ်စံနှုန်းများအတိုင်း အချိန်မီပြီးစီးအောင်ဆောင်ရွက်ရန် မှာကြားသည်။

မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၆ ဒသမ ၅၀၉ သန်းဖြင့် ထုံးပေါက်တောတောင်ကျေးရွာ၌ အကျယ် လေးလက်မ၊ အနက် ပေ ၄၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ပါဝါမီတာတပ်ဆင်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်း၊ အလျား ငါးပေ၊ အနံ ငါးပေ၊ အမြင့် ခုနစ်ပေရှိ ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများကို Chin-dwin Strategy ကုမ္ပဏီကတာဝန်ယူ၍ ယခုနှစ် ဇွန်လတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်ပြီးစီးပါက ထုံးပေါက်တောတောင်ကျေးရွာရှိ အိမ်ခြေ ၁၃၁ အိမ်၊ လူ ၆၄၁ ဦးနှင့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိမည်ဖြစ်ကြောင်း သိရသည်။

**အိပိုးပိုး**



➤ **စာမျက်နှာ ၂၄ မှအဆက်**

မိခင်ဖြစ်သူကလည်း နည်းမှန် လမ်းမှန်မဆုံးမ၊ ဦးမြမောင်ကဆုံးမလို၍ အနည်းငယ် အစချီသည်နှင့် ရန်စောင်ပြီးဝင်ပါနေသဖြင့် လိုရင်းဆီလည်းမရောက်ခဲ့ပေ။ စီးပွားရှာရသူက ကြက်ဥကြော်နှင့် နှစ်ပါးသွားရပြီး သူတို့သားအမိကတော့ မစားနိုင်ရှာ၍လားမသိ၊ ဆိုင်က ဝက်သားဟင်းကို ဝယ်စားနေကြပြန်သည်။

"ကိုမြမောင် ရှင်သွေးတိုးနေမှာစိုးလို့ ရှင့်အတွက် မဝယ်ထားတာနော်။ မနက်ဖြန်တော့ ဈေးသွားပြီး ကောင်းကောင်းချက်ပါ့မယ်။ ကျွန်မလဲ ခုနကမှဖဲဝိုင်းကပြန်လာလို့ပါ။ ဪ. . . ဒါနဲ့ ငွေလေးရသလောက် ပေးခဲ့ပါလား"

တစ်မနက်လုံးမှ ငွေ ၁၀၀၀ ရသေးသော်လည်း စကားအပိုတွေမများလို၍ စုထားသောငွေတချို့မှ ငွေ ၅၀၀၀ ကိုပေးလိုက်သည်။ မနက်ဖြန်တော့ ဦးမြမောင် ကြက်ဥကြော်နှင့် လွတ်လောက်ပါပြီလေဟု တွေးလိုက်မိသည်။ ဦးမြမောင်သည် မိမိ၏မိခင်ကြီးရှိစဉ်က မကြာခဏ ဆိုဆုံးမပြောပြဖူးသော စကားတချို့ကို ပြန်လည်ကြားယောင်နေမိတော့သည်။

"မိဘကျေးဇူးဆပ်နည်းခြောက်နည်းရှိတယ် ငါ့သားရဲ့။ အစားအစာကျွေးပြီး(လုပ်ကိုင်ကျွေးမွေး) ကျေးဇူးဆပ်နည်း၊ ဥစ္စာပေးပြီးကျေးဇူးဆပ်နည်း၊ ဝေယျာဝစ္စပြုစုလုပ်ကျွေးပြီး ကျေးဇူးဆပ်နည်း၊ မိမိကိုယ်တိုင်အတွက်ရော မိဘများအတွက်ပါ ကုသိုလ်ပြုပြီး ကျေးဇူးဆပ်နည်း၊ တရားရိပ်သာဝင်ခိုင်းပြီး ကျေးဇူးဆပ်နည်း၊ အမျှပေးဝေပြီးကျေးဇူးဆပ်နည်းဆိုပြီးရှိတယ်။ အဲဒီလိုကျေးဇူးအဆပ်ခံခွင့်ကို မိဘတိုင်းလဲ မရကြသလို မလိမ္မာတဲ့သားသမီးဆီကလဲ မရနိုင်ပါဘူး။ ကိုယ်က မိဘအရာကနေ သားသမီးကို မှားနေတယ်ထင်ရင် တည့်မတ်ပေးနိုင်ရမယ်။ တည့်မတ်ပေးဖို့ဆိုတာကလဲ အမိကော၊ အဖကော စိတ်ညီရမယ်။ သားသမီးရဲ့အမြင်မှာ အမိကိုပဲဖြစ်ဖြစ်၊ အဖကိုပဲဖြစ်ဖြစ် အမြင်ကြည်လင်တဲ့စိတ်ရှိနေရမယ်။ အဲဒီလိုမဟုတ်ရင် သားသမီးဆီက ကျေးဇူးအဆပ်ခံရဖို့ နေနေသာသာ အစော်ကားမခံရရင်ကို အကုသိုလ်နည်းလေပြီလို့ သဘောပိုက်ပါသားရေ"

အမေ့စကားတို့သည် ဦးမြမောင်၏အနာဂတ်ကိုလှမ်းကြည့်ပြီးပြောခဲ့လေသလားဟုပင် တွေးထင်မိသည်။ ဇနီးသည်လှရီကို အပြစ်အလုံးစုံမဖို့လိုသော်လည်း သားသမီးကောင်းဖို့ မိဘများ အဓိကကျကြောင်းကိုတော့ ရှင်းပြမပေးနိုင်ခဲ့သော မိမိသည်လည်းအပြစ်မကင်းပေ။ ဦးမြမောင်က လူသားများအဖြစ် သားနှစ်ယောက်ကို ဖြစ်တည်စေလိုသည်။ လမ်းမှားနေသောသားများကို ပြုပြင်ပေးလိုပါသော်လည်း ဇနီးဖြစ်သူ၏ အသိခေါက်ခက်အဝင်နက်လှသော အသိမကြွယ်မှုတို့က ကာဆီး၍ထားနေပြီ။ ဦးမြမောင် သက်ပြင်းရှည်ကြီးကိုသာချ၍ မနက်ဖြန်ပေါင်းများစွာမှာ ကြက်ဥကြော်တွေ ဘယ်လောက်ထိ ထပ်စားရပါအုံးမလဲဟု ကြိတ်တွေးနေမိတော့သည်။

# မုဒိတာ အပြုံး

\- ပွဲထိန်းစေ ဘဝအရေး
ကြိုးစားပေး နေ့စဉ်မှာ၊
မုဒိတာ အပြုံးပန်းဖြင့်
ရွှင်လန်းဝမ်းသာ၊
စိတ်ဓာတ်က အဓိကပါ
ရှင်သန်စွာ နေထိုင်သွား၊
စိတ်ယုတ်သော် တန်ဖိုးကျသမို့
တွေးဆစေသား။

\- ကူညီပါ နိုင်သောအားနဲ့
အသိတရား ရှေ့တန်းတင်၊
အပြစ်မြင် ကဲ့ရဲ့ခြင်းလည်း
ကင်းဝေးစေချင်၊
အတ္တများ အမြဲရှောင်ကြဉ်
စိတ်ဖြူစင် အသိမွေး၊
ကိုယ်ချင်းစာ အတွေးအကျင့်က
ဂုဏ်မြင့်ရဲ့လေး။

\- ရိုးသားလေ စီးပွားရေး
စဉ်းစားတွေး ရှာဖွေကြံ၊
ဘဝဝယ် တိုးတက်လမ်းကိုလ
လျှောက်လှမ်းမွမ်းမံ၊
စာရိတ္တ ကောင်းစေရန်
လမ်းအမှန်ကို ချီတက်၊
အမှားတွေ အယူမမှားစေဖို့
လှုပ်ရှားရှေ့ဆက်။ ။

**ဖြိုးထက်(ရေစကြို)**

# လဲချားမြို့နယ် ဟိုပိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**လဲချား စက်တင်ဘာ ၁၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ ဟိုပိုင်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ နဝမအကြိမ် ထုတ်ချေးခြင်းကို စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းစန္ဒာဝင်း၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်အကျိုးကျေးဇူးများ၊ စီမံကိန်းဝိသေသများ၊ စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး ဟိုပိုင်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၅ ဒသမ ၆ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ဟိုပိုင်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၃ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦး၊ စုစုပေါင်းအသင်းသား၊ အသင်းသူ ဦးရေ ၇၀ ကို ရန်ပုံငွေကျပ် ၄၅ ဒသမ ၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အေးသူ**

**ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့**

# ဒဏ်ငွေမဆောင်၍ ထောင်ဒဏ်ကျခံခြင်း၏နောက်တွင်

**စိန်လှိုင်ပိုလ်**

ရာဇဝတ်မှုများတွင် အပြီးသတ်စီရင်ချက်ချမှတ်ရာ၌ တရားခံအပေါ် ပြစ်မှုထင်ရှားပါက ထောင်ဒဏ်၊ ငွေဒဏ်များ ချမှတ်ပါသည်။ ထိုသို့ချမှတ်ရာတွင် ငွေဒဏ်မဆောင်နိုင်ပါက ထောင်ဒဏ်ကျခံစေရန် ချမှတ်သည့်အမိန့်မျိုးလည်းရှိပါသည်။ အမှုတစ်ခုတွင် တရားခံက ငွေဒဏ်မဆောင်နိုင်သဖြင့် ထောင်ဒဏ်ကျခံခဲ့ပါသည်။ ထောင်ဒဏ်ကျခံပြီးနောက် တရားလိုက ထပ်မံ၍ ရာဇဝတ်ကျင့်ထုံးဥပဒေအရ ဒဏ်ငွေများပေးဆောင်ရန် လျှောက်ထားသောအမှုတစ်ခုရှိခဲ့ဖူးပါသည်။ ထိုအမှုတွင် တရားခံက အမှုတွဲချေဖျက်ပေးရန် လျှောက်ထားရာမှ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ထိ ရောက်ရှိစစ်ဆေးစီရင်ထုံးဖွဲ့ခဲ့သော အမှုတစ်ခုအကြောင်းကို ရေးသားတင်ပြပါမည်။

**အမှုဖြစ်စဉ်အကျဉ်း**

အမှုမှာ ဦးနိုင်ဝင်းသည် အုတ်တွင်းမြို့နယ် ညောင်ခြေထောက် သုသာန်မြေဟောင်းနေရာတွင် ကျူးကျော်ပြီး နေအိမ်ဆောက်လုပ်နေထိုင်သဖြင့် အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အုတ်တွင်းမြို့နယ်တရားရုံး ၂၀၁၆ ခုနှစ် ရာဇဝတ်ကြီးမှုအမှတ်-၁၀၈၂၊ ၂၀၁၄ ခုနှစ် ပဲခူးတိုင်းစည်ပင်သာယာရေးဥပဒေပုဒ်မ-၇၅ ဖြင့် တရားစွဲဆိုမှုတွင် ငွေဒဏ် ၅၀၀၀၀ ကျပ်ပေးဆောင်စေရန် မဆောင်ထောင်သုံးလကျခံစေရန် အမိန့်ချမှတ်ရာ ငွေဒဏ် ၅၀၀၀၀ ကျပ် ပေးဆောင်ခဲ့သည်။

သို့ပါ၍ ဦးနိုင်ဝင်းက အချင်းဖြစ်နေရာမှ ဖယ်ရှားထွက်ခွာပေးခြင်းမရှိသဖြင့် အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အုတ်တွင်းမြို့နယ်တရားရုံး ၂၀၁၈ ခုနှစ် ရာဇဝတ်ကြီးမှုအမှတ်-၁၂၀၁၊ ၂၀၁၄ ခုနှစ် ပဲခူးတိုင်းစည်ပင်သာယာရေးဥပဒေပုဒ်မ-၇၉ ဖြင့် တရားစွဲဆိုသည်။ ထိုအမှုတွင် ယခင်ပြစ်မှုထင်ရှားစီရင်ခြင်းခံရသော ၂၀၁၇ ခုနှစ် မေ ၁၃ ရက်မှ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၂၈ ရက်ထိ ရက်ပေါင်း ၄၉၅ ရက်အတွက် တစ်ရက်လျှင် ငွေဒဏ် ၁၀၀၀၀ ကျပ်ဖြင့် စုစုပေါင်းငွေဒဏ် ၄၉၅၀၀၀၀ ကျပ် ပေးဆောင်စေ၊ မဆောင်လျှင် အလုပ်မဲ့ထောင်ဒဏ်လေးလ ကျခံစေရန် အမိန့်ချမှတ်ရာ ဦးနိုင်ဝင်းက ငွေဒဏ်မဆောင်ဘဲ ထောင်ဒဏ်လေးလ ကျခံခဲ့ပါသည်။

အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၃၈၆(၁) အရ ငွေဒဏ်ဆောင်ရန် ပျက်ကွက်မှုအပေါ် ထပ်မံ၍ ဦးနိုင်ဝင်းအပေါ် တရားစွဲဆိုပါသည်။ အဆိုပါအမှုကို ဦးနိုင်ဝင်းက ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်သို့ ၂၀၂၀ ပြည့်နှစ် ရာဇဝတ်အထွေထွေမှုအမှတ်-၇ ဖြင့် အမှုတွဲချေဖျက်ပေးရန် လျှောက်ထားရာ ပယ်ကြောင်းအမိန့်ချမှတ်ခံရသဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ရာဇဝတ်ပြင်ဆင်မှုကို တင်သွင်းခဲ့သည်။

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က လျှောက်ထားသူ ဦးနိုင်ဝင်းသည် အချင်းဖြစ်မြေနေရာမှ ဖယ်ရှားခြင်းမရှိဘဲ ဆက်လက်ကျူးကျော်သည့်အပြင် ၂၀၁၆ ခုနှစ် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေပုဒ်မ-၆၅(က) ကို ဖောက်ဖျက်ကျူးလွန်ကြောင်း၊ အုတ်တွင်းမြို့နယ်တရားရုံး ၂၀၁၈ ခုနှစ် ရာဇဝတ်ကြီးမှုအမှတ်-၁၂၀၁ မှ တပ်ရိုက်ထားသည့် ငွေဒဏ် ၄၉၅၀၀၀၀ ကျပ် ပေးဆောင်ရန် ပျက်ကွက်သဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၃၈၆(၁) အရ အရေးယူဆောင်ရွက်ပေးရန် လျှောက်ထားသဖြင့် အုတ်တွင်းမြို့နယ်တရားရုံး ၂၀၂၀ ပြည့်နှစ် ရာဇဝတ်အထွေထွေမှုအမှတ်-၅ ဖြင့် လက်ခံစစ်ဆေးသည်ကို တရားလွှတ်တော်ချုပ်က စိစစ်ခဲ့ပါသည်။



ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၃၈၆(၁) အရ ပြစ်မှုကျူးလွန်သူတစ်ဦးအပေါ် ငွေဒဏ်ပေးဆောင်ရန် စီရင်ချက်ချမှတ်သည့်အခါတိုင်း ထိုသို့ စီရင်ချက်ချမှတ်သည့်တရားရုံးသည် အောက်ပါနည်းလမ်းများအနက် တစ်နည်းနည်း သို့မဟုတ် နှစ်နည်းစလုံးဖြင့် ငွေဒဏ်ကို အရတောင်းခံနိုင်ရန်အတွက် အရေးယူဆောင်ရွက်နိုင်သည်။ ဆိုလိုသည်မှာ ၎င်းတရားရုံးသည်-

(က) ပြစ်မှုကျူးလွန်သူပိုင် ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းတစ်စုံတစ်ရာကို ဝရမ်းစွဲကပ်ရောင်းချခြင်းဖြင့် ငွေကိုကောက်ခံရန်အတွက် ဝရမ်းထုတ်ဆင့်နိုင်သည်။

(ခ) ငွေဒဏ်မပေးမဆောင် ပျက်ကွက်သူပိုင် ရွှေ့ပြောင်းနိုင်သောပစ္စည်း သို့မဟုတ် မရွှေ့ပြောင်းနိုင်သောပစ္စည်း သို့မဟုတ် ပစ္စည်းနှစ်မျိုးစလုံးအပေါ် တရားမကြောင်းလုပ်ငန်းစဉ်အတိုင်း အတည်ပြုခြင်းအားဖြင့် ၎င်းဥပဒေကို ရယူရန် မြို့နယ်ကော်လိတ္တော်အရာရှိအား အခွင့်အာဏာအပ်နှင်းသည့် ဝရမ်းထုတ်ဆင့်နိုင်သည်။

**သို့ရာတွင် ၎င်းငွေဒဏ်ကို ပေးဆောင်ရန်ပျက်ကွက်ပါက ပြစ်မှုကျူးလွန်သူအား အကျဉ်းထောင်တွင် အကျဉ်းချထားရန် စီရင်ချက်၌ ညွှန်ကြားထားလျှင် ထိုပြင် ၎င်းမှာလည်း ငွေဒဏ်ပေးဆောင်ရန် ပျက်ကွက်သည့်အတွက် ထောင်ဒဏ်အပြည့်ကို ကျခံခဲ့ပြီးဖြစ်သည့်အခါ ပြစ်မှုကျူးလွန်သူသည် ငွေဒဏ်အားလုံးကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ ပေးဆောင်နိုင်ခြင်းရှိသည်ဟု တရားရုံးက ရေးမှတ်ထားရမည်ဖြစ်ကြောင်း** ပြဋ္ဌာန်းထားသည်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စိစစ်ဖော်ထုတ်ခဲ့ပါသည်။

အဆိုပါပြဋ္ဌာန်းချက်အရ ဦးနိုင်ဝင်းသည် ငွေဒဏ် ၄၉၅၀၀၀၀ ကျပ်ကို ပေးဆောင်နိုင်ခြင်းမရှိဟု ဆိုကာ ထောင်ဒဏ်လေးလကျခံခဲ့သော်လည်း စည်ပင်သာယာရေးအဖွဲ့က ပေးဆောင်ရန် ဒဏ်ကြေးငွေများကို အရကောက်ခံနိုင်ရန်အတွက် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၃၈၆(၁) အရ အရေးယူဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၃၈၆(၁) အရ အရေးယူဆောင်ရွက်မှုမှာ **ယခင်အမှုမှ ဒဏ်ငွေကိုပေးဆောင်မှုမရှိသဖြင့် ဒဏ်ငွေအရကောက်ခံရန် စွဲဆိုမှုဖြစ်ကြောင်း၊ ယခုလျှောက်ထားသောအမှုအတွက် တရားခံအပေါ် တရားရုံးက ပြစ်မှုထင်ရှားစီရင်ထားခြင်း သို့မဟုတ် တရားသေလွှတ်ခြင်းမဟုတ်သဖြင့် ယခုအမှုဖြင့် စွဲဆိုခြင်းကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၄၀၃ ပါ ပြဋ္ဌာန်းချက်များက ပိတ်ပင်မှုမရှိကြောင်း** ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဝေဖန်ထောက်ရှုစိစစ်ခဲ့ပါသည်။

ထို့နောက် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၅၆၁ အရ အမှုချေဖျက်ခြင်းကို ဆက်လက်စိစစ်သုံးသပ်ခဲ့ပါသည်။ မူလရုံး၌ စစ်ဆေးလျက်ရှိသော ပြစ်မှုဆိုင်ရာမှုခင်းတစ်ခုခုကို ချေဖျက်ပေးရန် လျှောက်ထားလာလျှင် **“မူလရုံး၌ အဆိုပါအမှုကို ဆက်လက်စစ်ဆေးပါက တရားလမ်းကြောင်းကို ဆန့်ကျင်ရန်အကြောင်းများ ပေါ်ပေါက်လာလျှင်ဖြစ်စေ၊ တရားလိုဘက်မှ စွပ်စွဲပြောဆိုချက်များ မှန်ကန်သည့်တိုင်အောင် ပြစ်မှုအင်္ဂါရပ်နှင့် အကျုံးဝင်ခြင်းမရှိကြောင်း သိသာထင်ရှားနေလျှင်ဖြစ်စေ မူလရုံးအမှုတွဲကို ချေဖျက်ပေးရန်ဖြစ်သည်။ တစ်နည်းအားဖြင့် တရားလိုဘက်က စွပ်စွဲချက်သည် မှန်ကန်သည်ဟု လက်ခံသည့်တိုင်အောင် တရားခံအနေဖြင့် ပြစ်မှုတစ်ရပ်ရပ် ကျူးလွန်ကြောင်း ပေါ်ပေါက်ခြင်းမရှိလျှင် အမှုတွဲကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၅၆၁ အရ ချေဖျက်ပေးနိုင်ကြောင်း** စိစစ်ဖော်ထုတ်ခဲ့ပါသည်။

မူလရုံးတွင် ဦးနိုင်ဝင်း ဒဏ်ကြေးငွေမပေးဆောင်သည့်အပေါ် သက်သေအထောက်အထား စာရွက်စာတမ်းအထောက်အထားဖြင့် ထုချေတင်ပြရန် အခွင့်အရေးရှိပေသည်။ အမှုကို ဆက်လက်ဆောင်ရွက်ပါက တရားဥပဒေလမ်းကြောင်း ဆန့်ကျင်နိုင်သည့်အကြောင်းများ ပေါ်ပေါက်ရန်လည်းမရှိကြောင်း ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၅၆၁-က အရ အာဏာကို မလွှဲမရှောင်နိုင်မှသာ အသုံးပြုရမည်ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် သက်သာခွင့်ရရှိရန် အကြောင်းရှိလျှင် ဤအာဏာကို အသုံးမပြုရကြောင်း ဦးဝိလာသနှင့် ဦးပညာလောကပါ ၂ အမှု ၁၉၆၇ ခုနှစ်၊ မတစ-၇၃ အမှုကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ရည်ညွှန်းကိုးကားခဲ့ပါသည်။

**လျှောက်ထားသူ ဦးနိုင်ဝင်းသည် မူလရုံးအမှုတွင် အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့် သက်သာခွင့်တောင်းခံနိုင်သည့် အခွင့်အရေးရှိကြောင်း ပေါ်ပေါက်သဖြင့် အမှုကို ချေဖျက်ပေးရန် လျှောက်ထားမှုကို ပယ်ခဲ့သော ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်၏ အမိန့်သည် ဥပဒေနှင့်ညီညွတ်မှန်ကန်သည့်အတွက် ဤရုံးမှ ဝင်ရောက်စွက်ဖက်ရန်မလိုကြောင်း** သုံးသပ်ပြီးနောက် ရာဇဝတ်ပြင်ဆင်မှုကို ပလပ်လိုက်ပါသည်။

ဤအမှုတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ဦးနိုင်ဝင်းက ၎င်းအပေါ် စွဲဆိုထားသောအမှုကို ချေဖျက်ပေးရန် လျှောက်ထားခြင်းအပေါ် ပလပ်ခဲ့ခြင်းသာဖြစ်ပါသည်။ **အုတ်တွင်းမြို့နယ်တရားရုံးက ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၃၈၆(၁) အရ အရေးယူဆောင်ရွက်မှုအပေါ် ဦးနိုင်ဝင်းအနေဖြင့် ဒဏ်ကြေးမပေးဆောင်နိုင်သည့်အပေါ် သက်သေအထောက်အထား စာရွက်စာတမ်းအထောက်အထားများဖြင့် ထုချေတင်ပြနိုင်ရန် အခွင့်အရေးရှိသည့်အပြင် အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့်လည်း သက်သာခွင့်တောင်းနိုင်သည့် အခွင့်အရေးရှိကြောင်း** ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏အမိန့်တွင် ရှင်းလင်းဖော်ပြထားသည်ကို တွေ့မြင်ရပါသည်။

ဦးနိုင်ဝင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပါ-၂ ၂၀၂၀ ပြည့်နှစ် ရာဇဝတ်ပြင်ဆင်မှုအမှတ်-၇၅၃(ခ) အမှုကို ရည်ညွှန်းကိုးကားရေးသားတင်ပြလိုက်ရပါသည်။

## မလှိုင်မြို့နယ် ဩဇာခြံကျေးရွာတွင် VDP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် စက်တင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယာကြီးကုန်းကျေးရွာအုပ်စု ဩဇာခြံကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) လုပ်ငန်းများ ဆောင်ရွက်နေမှုကို စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ ဦးစီးအရာရှိ (နည်းပညာ) ဒေါ်ခင်မာလွင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ယာကြီးကုန်းကျေးရွာအုပ်စု ဩဇာခြံကျေးရွာတွင် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများ အရည်အသွေးပြည့်မီအောင်နှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဩဇာခြံကျေးရွာတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နိုင်ငံတော်ပံ့ပိုးငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၅၃၉၇၀၀၀ အသုံးပြု၍ အရှည်ပေ ၈၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များက ဦးဆောင်ကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဩဂုတ်လ ဒုတိယပတ်မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၄၅ ရာခိုင်နှုန်း အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံမှ သိရသည်။

**ဟိန်းထက်ဖိုး(မလှိုင်)**

# ဓနုဖြူမြို့နယ်တွင် ချင်း ၁၀ ပိဿာလျှင် ငွေကျပ် ၇၅၀၀၀ ထိ ဈေးကောင်းရရှိ



**ဓနုဖြူ အောက်တိုဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် ချင်း ၁၀ ပိဿာလျှင် ငွေကျပ် ၇၅၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း ဓနုဖြူမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ဌေးက ပြောပြ၍ သိရသည်။

ဓနုဖြူမြို့နယ်တွင် ပြီးခဲ့သည့် ဇူလိုင်လနှင့် ဩဂုတ်လအတွင်းက ချင်း ၁၀ ပိဿာလျှင် ငွေကျပ် ၄၅၀၀၀ ထိသာဈေးရှိခဲ့ပြီး စက်တင်ဘာ ၁ ရက်မှ ယနေ့ထိ ချင်း ၁၀ ပိဿာလျှင် ငွေကျပ် ၇၅၀၀၀ ထိ ဈေးကောင်းရရှိလာကြောင်း၊ အဆိုပါချင်းများ ဈေးကောင်းရရှိလာသည့်အတွက် ချင်းစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများ အဆင်ပြေနေကြောင်း သိရသည်။

"လက်ရှိ ချင်း ၁၀ ပိဿာကို ငွေကျပ် ၇၅၀၀၀ ထိ ဈေးကောင်းရရှိလာပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းလုပ်တဲ့သူတွေက အဓိက အဆင်ပြေတာတွေ့ရပါတယ်။ အခုလို ချင်းဈေးကောင်းလာတာကလဲ ပြည်တွင်းဈေးကွက်မှာကို ချင်းက အဝယ်ကောင်းနေလို့ ဖြစ်ပါတယ်။ ဒေသထွက်ချင်းတွေကို ဒေသဈေးအပြင် ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်။ ဒေသမှာက ချင်းကို တစ်နိုင်တစ်ပိုင်စိုက်ပျိုးတဲ့သူတွေများတယ်။ အခြားဒေသတွေလောက် အများကြီးမထွက်ပေမဲ့ ပုံမှန်ထွက်ရှိနေပါတယ်"ဟု ဓနုဖြူမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ဌေးက ပြောပြသည်။

ဓနုဖြူမြို့နယ်တွင် ဒေသခံတောင်သူများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့် ယှဉ်တွဲပြီး ချင်းစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်လျက်ရှိကြောင်း၊ အဆိုပါချင်းများ ဈေးကောင်းရရှိလာသည့်အတွက် ချင်းစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများ အဆင်ပြေနေကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# အမရပူရမြို့နယ် ယက္ကန်းတော်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မန္တလေး အောက်တိုဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယက္ကန်းတော်ကျေးရွာတွင် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)ရန်ပုံငွေ စတုတ္ထအကြိမ် ထုတ်ချေးခြင်းကို စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းဦးက ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကူစားပေးနိုင်ရန်၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေရန်ရည်ရွယ်၍ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီဝင်များထံ ရန်ပုံငွေကျပ် ၁၀၆ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာကော်မတီဝင်များက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း စတုတ္ထအကြိမ်အဖြစ် ယက္ကန်းတော်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၆ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၁၀၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သုသု**

# ထီးချိုင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနှံစုံဧက ၁၁၁၉၃၀ စိုက်ပျိုးပြီးစီး

**ထီးချိုင့် အောက်တိုဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနှံစုံဧက ၁၁၁၉၃၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြ၍ သိရသည်။

ထီးချိုင့်မြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနှံစုံ ၁၁၇၀၂၄ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၁၁၁၉၃၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ထီးချိုင့်မြို့နယ်မှာ မိုးသီးနှံစုံဧက ၁၁၇၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိဧက ၁၁၁၀၀၀ ကျော် စိုက်ပြီးနေပြီ။ မိုးသီးနှံစုံဧက လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ နည်းပညာပေးတာတွေလဲ ဆောင်ရွက်နေပါတယ်"ဟု ထီးချိုင့်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

မိုးသီးနှံစုံစိုက်ပျိုးပြီးစီးမှုအနေဖြင့် မိုးစပါး ၃၄၆၈၃ ဧက၊ ဆီထွက်သီးနှံ ၃၆၂ ဧက၊ ပဲမျိုးစုံ ၉၁ ဧက၊ ကြံဧက ၆၅၈၅၀ နှင့် အခြားသီးနှံ ၁၀၉၄၄ ဧက စုစုပေါင်းဧက ၁၁၁၉၃၀ ဖြစ်ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ထီးချိုင့်မြို့နယ်တွင် မိုးသီးနှံစုံစိုက်ပျိုးရန်အတွက် လျာထားမှုအနေဖြင့် မိုးစပါး ၄၀၂၇၁ ဧက၊ ပဲမျိုးစုံဧက ၃၀၀၊ ဆီထွက်သီးနှံ ၃၄၂ ဧက၊ ကြံ ၆၅၂၂၃ ဧက၊ အခြားသီးနှံ ၁၀၈၈၈ ဧက စုစုပေါင်း ၁၁၇၀၂၄ ဧက ဖြစ်ကြောင်း သိရသည်။



ယခင်နှစ်က မြေပဲရိုက်ခင်းကို တွေ့ရစဉ်။

ယခုနှစ် ထီးချိုင့်မြို့နယ်တွင် မိုးသီးနှံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သဘာဝမြေဆွေးမြေလုပ်သုံးစွဲနည်းလမ်းများ၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက ထီးချိုင့်မြို့နယ်တွင် မိုးစပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ကြံနှင့် အခြားသီးနှံ စုစုပေါင်း ၁၁၆၉၉၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# မြဝတီမြို့နယ် အေးသုခကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မြဝတီ အောက်တိုဘာ ၁၂**

ကရင်ပြည်နယ် မြဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန်ရည်ရွယ်၍ မဲကနယ်ကျေးရွာအုပ်စု အေးသုခကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးနိုင်ဝင်း၊ မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ အေးသုခကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် လစဉ်ဖြည့်သွင်းရမည့်စာရင်းဇယားများ ပုံမှန်ဖြည့်သွင်းထားခြင်းရှိ၊ မရှိအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးစိုးနိုင်ဝင်းက စီမံကိန်းရေရှည်အောင်မြင်စေရေးအတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ အေးသုခကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ သတ္တမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၂၀၄ သိန်း ထုတ်ချေးထားကြောင်း မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရထံမှ သိရသည်။

**အိုအို**



# တောင်တွင်းကြီးမြို့နယ် လက်တက်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**တောင်တွင်းကြီး အောက်တိုဘာ ၁၂**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်တွင်းကြီးမြို့နယ် လက်တက်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကြီးနှင့် တာဝန်ရှိသူများက လက်တက်ကျေးရွာသောက်သုံးရေရရှိရေးကော်မတီဝင်များနှင့်အတူ အကျယ် လေးလက်မ၊ အနက်ပေ ၈၀၀ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်းနှင့် ရေပိုက်လိုင်း အရှည်ပေ ၅၀၀၀ သွယ်တန်းခြင်းလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ရွေပန်းအောင်ကုမ္ပဏီမှတာဝန်ရှိသူကို လုပ်ငန်းများအားလုံး သတ်မှတ်စံနှုန်းများအတိုင်း အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင်ဆောင်ရွက်ရန် မှာကြားသည်။

တောင်တွင်းကြီးမြို့နယ် လက်တက်ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းကို ယခုဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေကျပ် ၃၇ ဒသမ ၁၈၆ သန်းဖြင့် ဌာနက တာဝန်ယူ၍လည်းကောင်း၊ ရေပိုက်လိုင်းသွယ်တန်းခြင်း၊ ရေစင်နှင့် ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုရန်ပုံငွေကျပ် ၂၃ ဒသမ ၃၃ သန်းဖြင့် ရွှေပန်းအောင်ကုမ္ပဏီက တာဝန်ယူ၍လည်းကောင်း ဩဂုတ် ၁၁ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ၃၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများပြီးစီးပါက လက်တက်ကျေးရွာရှိ အိမ်ခြေ ၃၂၂ အိမ်၊ လူ ၁၂၄၂ ဦးနှင့် ကျွဲ၊ နွား၊ တိရစ္ဆာန်များအတွက် သောက်သုံးရေ လုံလောက်စွာရရှိမည်ဖြစ်ကြောင်း မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အထွေး**

# အာဆီယံနိုင်ငံများတွင် ကာကွယ်ရေးဆိုင်ရာသံခင်းတမန်ခင်းတိုးချဲ့လာသောအိန္ဒိယ

အိန္ဒိယသည် အာဆီယံနိုင်ငံများကို ၎င်း၏ဖွံ့ဖြိုးစ ကာကွယ်ရေးစက်မှုလုပ်ငန်းအတွက် အလားအလာရှိသော မဟာဗျူဟာမြောက်မိတ်ဖက်နိုင်ငံများနှင့် ဝယ်လက်နိုင်ငံများအဖြစ် ရှုမြင်ထားရှိသည်။ ဇွန်လအတွင်း ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး အန်ရီကွီမာနာလိုသည် အိန္ဒိယသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး အန်ရီကွီမာနာလိုနှင့် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ဂျိုင်ရှာကာတို့သည် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာများစွာကို ဆွေးနွေးပြီးနောက် ပူးတွဲထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

အိန္ဒိယသည် အာဆီယံနိုင်ငံများနှင့်ကာကွယ်ရေးဆိုင်ရာ မိတ်ဖက်ဆက်ဆံရေးပြောင်းလဲလာလျက်ရှိသည်။ အထူးသဖြင့် ဒေသတွင်းနိုင်ငံများကို အဓိကစစ်လက်နက်ပစ္စည်းများပံ့ပိုးခြင်း၊ ပူးတွဲထုတ်လုပ်ပေးခြင်းနှင့် ရေတပ်ဆိုင်ရာစစ်ရေးလေ့ကျင့်မှုများ ပူးတွဲလုပ်ဆောင်ခြင်းတို့ကို တိုးမြှင့်လုပ်ဆောင်လာလျက်ရှိသည်။ အရှေ့တောင်အာရှအပေါ် အိန္ဒိယ၏ရှုမြင်မှုသည် ၎င်း၏ အင်ဒို-ပစိဖိတ် မျှော်မှန်းချက်အတွက် အဓိကဆုံချက်ဖြစ်နေသည့်အပြင် အဓိကကာကွယ်ရေးပစ္စည်းတင်ပို့သူဖြစ်လာစေရန် ရည်မှန်းချက်၏ အရေးပါသော အစိတ်အပိုင်းလည်းဖြစ်နေသည်ဟု ရှုမြင်ထားရှိသည်။

တောင်တရုတ်ပင်လယ်ပြင်တွင် ရုပ်ဝတ္ထုပိုင်းဆိုင်ရာစွမ်းဆောင်ရည်များနှင့် စီးပွားရေးဆိုင်ရာ အရင်းအမြစ်များ မြင့်တက်လာသောကြောင့် အိန္ဒိယနိုင်ငံသည် အဆိုပါဒေသတွင် ထိရောက်သောကာကွယ်ရေးခြေကုပ်ရရှိရေးအတွက် အရှိန်မြှင့်တင်ဆောင်ရွက်သွားဖွယ်ရာရှိနေသည်။ အိန္ဒိယနိုင်ငံသည် ၂၀၂၂ ခုနှစ်အတွင်း၌ ဖိလစ်ပိုင်နိုင်ငံသို့ Brahmos ခရုဇ်ဒုံးကျည်ပံ့ပိုးသွားရန် စာချုပ်လက်မှတ်ရေးထိုးခဲ့ပြီးနောက် အစိုးရနှစ်ရပ်အကြား ကာကွယ်ရေးနှင့်ဆက်နွယ်သည့် သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးခဲ့သည်။ ဖိလစ်ပိုင်အနေဖြင့် Tejasဘက်စုံသုံး တိုက်လေယာဉ်၊ Dhruv အဆင့်မြင့်အပေါ့စားရဟတ်ယာဉ်နှင့် Akash ဒုံးကျည်စနစ်တို့ကို ဝယ်ယူသွားရေးစိတ်ပါဝင်စားကြောင်းကိုလည်း ပြသလျက်ရှိသည်။

၂၀၂၃ ခုနှစ် ဇွန် ၂၇ ရက်မှ ၃၀ ရက်ထိ ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး အန်ရီကွီမာနာလို၏ အိန္ဒိယခရီးစဉ်အတွင်း နှစ်နိုင်ငံစလုံးသည် ဖိလစ်ပိုင်တွင် အိန္ဒိယသံရုံးဖွင့်လှစ်ရန်နှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုများ တိုးမြှင့်လုပ်ဆောင်သွားရန်အပါအဝင် ကာကွယ်ရေးဆိုင်ရာချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရန် စိတ်ပါဝင်စားကြောင်း ထုတ်ဖော်ပြသခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး အန်ရီကွီမာနာလိုသည် တရုတ်နိုင်ငံက ၎င်း၏အထူးစီးပွားရေးဇုန် (EEZ)အတွင်း စစ်အင်အားဖြန့်ကြက်ထားရှိမှုကို အဓိကစိန်ခေါ်မှုအဖြစ်ရှုမြင်ကာ ရေတပ်ဆိုင်ရာ စစ်လက်နက်ပစ္စည်းများအပါအဝင် ဖိလစ်ပိုင်၏ ကာကွယ်ရေးပစ္စည်းများလိုအပ်ချက်ကို အိန္ဒိယနိုင်ငံက ပံ့ပိုးဖြည့်ဆည်းပေးသွားစေလိုကြောင်း ဖော်ပြခဲ့သည်။

အလားတူ ဇွန်လအတွင်း ဗီယက်နမ်ကာကွယ်ရေးဝန်ကြီးဖန်ဗီအန်သည် အိန္ဒိယနိုင်ငံသို့ သွားရောက်လည်ပတ်သည့်ခရီးစဉ်အတွင်း ဗီယက်နမ်နှင့်အိန္ဒိယတို့၏စစ်ရေးဆိုင်ရာဖလှယ်မှုများသည် ပိုမိုသက်ဝင်လှုပ်ရှားလာခဲ့သည်။ အိန္ဒိယကာကွယ်ရေးဝန်ကြီး ရာနတ်ဆင်းက ၎င်း၏ဒုံးကျည်တင်ဆောင်နိုင်သော INS Kirpan အမျိုးအစား ကော်ဗက်စစ်ရေယာဉ်ကို ဖိလစ်ပိုင်အား လက်ဆောင်အဖြစ် ပေးအပ်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ နှစ်ဖက်စလုံးသည် ရေငုပ်သင်္ဘောနှင့် တိုက်လေယာဉ်များမောင်းနှင်ကိုင်တွယ်နိုင်ရေးအတွက် ဗီယက်နမ်စစ်သားများကို လေ့ကျင့်ပေးသွားရန်လည်း ဆွေးနွေးခဲ့ကြသည်။ ၂၀၁၆ ခုနှစ်တွင် ပြီးပြည့်စုံသောမဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးထူထောင်ခဲ့သော နှစ်နိုင်ငံသည် Brahmos ခရုဇ်ဒုံးကျည်ဝယ်ယူရေးနှင့်စပ်လျဉ်း၍လည်း ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ ဗီယက်နမ်သည် ၂၀၂၂ ခုနှစ် ဇူလိုင်လက အိန္ဒိယကာကွယ်ရေးဝန်ကြီး ရာနတ်ဆင်း၏ ဖိလစ်ပိုင် ခရီးစဉ်အတွင်း တောင်တရုတ်ပင်လယ်တွင် အိန္ဒိယ၏ကာကွယ်ရေးဆိုင်ရာခြေလှမ်းပြင်မှုကို ကူညီသွားမည်ဟု ကတိကဝတ်ပြုခဲ့သည်။ အဆိုပါခရီးစဉ်အတွင်း နှစ်နိုင်ငံသည် "အိန္ဒိယ-ဗီယက်နမ် ကာကွယ်ရေးဆိုင်ရာမိတ်ဖက်ဆက်ဆံရေးနှင့်စပ်လျဉ်းသည့် ၂၀၃၀ ပြည့်နှစ် ပူးတွဲမျှော်မှန်းချက်"ကို ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါထုတ်ပြန်ချက်ကြောင့် နှစ်နိုင်ငံစစ်ဘက်များအနေဖြင့် စစ်အခြေစိုက်စခန်းများသို့ သွားရောက်နိုင်မည့်အပြင် ပူးတွဲထုတ်လုပ်မှုစွမ်းဆောင်ရည်ကိုလည်း မြှင့်တင်နိုင်မည်ဖြစ်သည်။




ထို့ပြင် အိန္ဒိယသည် ၂၀၂၂ ခုနှစ်အတွင်းကလည်း အင်ဒိုနီးရှားနိုင်ငံသို့ ၄၀ မီလီမီတာ ရေတပ်သုံးစက်သေနတ်စနစ်များ ရောင်းချပေးသွားရန် ကန်ထရိုက်စာချုပ်တစ်ရပ် လက်မှတ်ရေးထိုးခဲ့သဖြင့် မဟာဗျူဟာမြောက်မိတ်ဖက်နိုင်ငံများအကြား ပထမဆုံးကာကွယ်ရေးစာချုပ်ဖြစ်လာခဲ့သည်။ ထို့ပြင် အဆိုပါ နှစ်နိုင်ငံသည် Brahmos ဒုံးကျည်စနစ် ဝယ်ယူရေးနှင့်စပ်လျဉ်း၍လည်း အပြီးသတ်ဆွေးနွေးနိုင်ခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် နှစ်နိုင်ငံသည် ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ်တစ်ခုနှင့် ရေငုပ်သင်္ဘောတိုက်ဖျက်မှုစစ်ဆင်ရေးအပါအဝင် နှစ်နိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်မှုများပြုလုပ်သွားရန် သဘောတူညီခဲ့ကြသည်။

အိန္ဒိယကာကွယ်ရေးဝန်ကြီး ရာနတ်ဆင်းသည် မလေးရှားခရီးစဉ်အတွင်း ဇူလိုင် ၁၁ ရက်တွင် နိုင်ငံပိုင်ကာကွယ်ရေးကုမ္ပဏီဖြစ်သည့် Hindustan Aeronautics Limited ဒေသရုံးခွဲဖွင့်လှစ်သည့် အခမ်းအနားသို့ တက်ရောက်ခဲ့သည်။ ထိုသို့ဖွင့်လှစ်ခြင်းသည် အရှေ့တောင်အာရှရှိ စစ်လက်နက်ပစ္စည်းဈေးကွက်များတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်ကြိုးပမ်းမှုတစ်ခုပင်ဖြစ်သည်။ အိန္ဒိယကာကွယ်ရေးဝန်ကြီး ရာနတ်ဆင်းနှင့် မလေးရှားကာကွယ်ရေးဝန်ကြီး မိုဟာမက်ဟာဆန်တို့သည် ၁၉၉၃ ခုနှစ်တွင် နှစ်နိုင်ငံလက်မှတ်ရေးထိုးခဲ့သော ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုနှင့်စပ်လျဉ်းသည့် MoU တွင် ပြင်ဆင်မှုများလုပ်ဆောင်ခဲ့သည်။ အဆိုပါပြုပြင်ပြောင်းလဲမှုသည် ကာကွယ်ရေးဆိုင်ရာတိုးချဲ့ပူးပေါင်းဆောင်ရွက်မှုအတွက် သိသာထင်ရှားသော အထောက်အကူတစ်ရပ်ဖြစ်သည့်အပြင် ၂၀၁၅ ခုနှစ်တွင် နှစ်နိုင်ငံထူထောင်ခဲ့သော မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေး အဆင့်မြှင့်တင်မှု အပြည့်အဝအကောင်အထည်ဖော်နိုင်မှု အလားအလာကောင်းတစ်ရပ်လည်းဖြစ်သည်။

ပင်လယ်ရေကြောင်းဆိုင်ရာပူးပေါင်းဆောင်ရွက်မှုတွင် အခြားဖွံ့ဖြိုးတိုးတက်မှုတစ်ရပ်အနေဖြင့် အိန္ဒိယနှင့် အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN)တို့သည် မေလအတွင်း၌ တောင်တရုတ်ပင်လယ်တွင် စစ်ပွဲပုံစံသဏ္ဌာန်တူ စစ်ရေးလေ့ကျင့်မှုတစ်ရပ်ပြုလုပ်ခဲ့သည်။ နိုင်ငံပေါင်းစုံပါဝင်သော စစ်ရေးလေ့ကျင့်မှုတွင် လေယာဉ်နှင့်ရဟတ်ယာဉ်ဆင်းသက်မှုများ၊ စောင့်ကြည့်ထောက်လှမ်းမှုနှင့် ဆက်သွယ်ရေးလေ့ကျင့်မှုများ ပါဝင်သည်။ အိန္ဒိယနှင့် အာဆီယံတို့၏ စစ်ရေယာဉ်များ တပ်ဖြန့်ချထားမှုသည် ဒေသတွင်း၌ လွတ်လပ်စွာရေကြောင်းသွားလာခွင့်ဆက်လက်ထိန်းသိမ်းသွားမည့် ခိုင်မာသောဆုံးဖြတ်ချက်ကို ပြသလျက်ရှိသည်။ ထို့ပြင် ၂၀၂၂ ခုနှစ်အတွင်းက သဘောတူခဲ့သော အိန္ဒိယ-အာဆီယံ ဘက်စုံအကျုံးဝင်သော မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးသည် အိန္ဒိယအနေဖြင့် အာဆီယံနှင့် ပင်လယ်ရေကြောင်းလုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကို အားဖြည့်နိုင်ခဲ့သည်။

အိန္ဒိယနှင့်အာဆီယံအကြား ယဉ်ကျေးမှုနှင့်စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသည် ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကိုလည်း ကျယ်ပြန့်စွာတိုးမြှင့်ဖော်ဆောင်လာစေလျက်ရှိသည်။ အိန္ဒိယ၏ ရုပ်ပိုင်းဆိုင်ရာစွမ်းဆောင်ရည်များ မြင့်တက်လာမှုကြောင့် အာဆီယံသည် အိန္ဒိယ၏အခန်းကဏ္ဍကို ဒေသတွင်းဟန်ချက်ထိန်းညှိရာတွင် အဓိကပလေယာအဖြစ်ရှုမြင်လာသည်။ အခြားတစ်ဖက်က ကြည့်လျှင်လည်း အိန္ဒိယသည် အရှေ့တောင်အာရှနိုင်ငံများ၏ ကာကွယ်ရေးစွမ်းဆောင်ရည်ကို မြှင့်တင်သွားရန်ရည်ရွယ်ထားရှိသည်။

အိန္ဒိယနှင့်တောင်တရုတ်ပင်လယ်တွင် ပိုင်ဆိုင်မှုအရေးဆိုထားသော ဖိလစ်ပိုင်၊ ဗီယက်နမ်၊ တရုတ်(တိုင်ပေ)၊ အင်ဒိုနီးရှား၊ မလေးရှားနှင့်ဘရူနိုင်းတို့သည် ဟန်ချက်ညီသော ရပ်တည်ချက်ချမှတ်ခြင်းနှင့် တိုက်ရိုက်တုံ့ပြန်ဆောင်ရွက်မှုတို့ကို ရှောင်ရှားလျက်ရှိသည်။ ထို့ပြင် အိန္ဒိယသည် အရှေ့တောင်အာရှနိုင်ငံများနှင့်စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်လာခဲ့သည်။ ဗီယက်နမ်နှင့် အင်ဒိုနီးရှားရေတပ်တို့သည် အိန္ဒိယနိုင်ငံသို့ သွားရောက်လည်ပတ်ခဲ့သည်။

ဒေသတွင်းနိုင်ငံများကြား အိန္ဒိယနိုင်ငံကို ယုံကြည်အားထားရသောနိုင်ငံအဖြစ် ရှုမြင်လာသည့်အပြင် အိန္ဒိယ၏စစ်ဘက်ကိုလည်း ကမ္ဘာလုံးဆိုင်ရာလုံခြုံမှုနှင့်ငြိမ်းချမ်းမှုထိန်းသိမ်းရေးအတွက် အရေးပါသော အင်စတီကျူအဖြစ်ရှုမြင်လာခဲ့သည်။ အရှေ့အာရှထိပ်သီးဆွေးနွေးပွဲ(EAS)နှင့် အာဆီယံကာကွယ်ရေးဝန်ကြီးများအပေါင်း(ADMM–Plus) အစည်းအဝေးများအပါအဝင် အာဆီယံဦးဆောင်သောဒေသတွင်းဖိုရမ်များတွင် အိန္ဒိယ၏ပူးပေါင်းပါဝင်လာမှုများသည် အိန္ဒိယ၏ အရှေ့နှင့်ထိတွေ့ဆက်ဆံရေးမူဝါဒအပေါ် ယုံကြည်မှုမြင့်တက်လာစေခဲ့သည်။ မူလက စီးပွားရေးလုပ်ငန်းများလုပ်ဆောင်ရန် ချမှတ်ခဲ့သောမူဝါဒသည် မဟာဗျူဟာမြောက်နယ်ပယ်များထိ ကျယ်ပြန့်လာခဲ့သည်။ မိတ်ဖက်နှစ်ဖွဲ့ကြား ပင်လယ်ရေကြောင်းဆိုင်ရာလုံခြုံရေးတွင် ပူးပေါင်းဆောင်ရွက်မှုသည် အိန္ဒိယ၏ အင်ဒို-ပစိဖိတ် မျှော်မှန်းချက်နှင့် အင်ဒို-ပစိဖိတ်နှင့်စပ်လျဉ်း၍ အာဆီယံအမြင်(AOIP)တို့ကြား လက်တွေ့နယ်ပယ်များတွင် အောင်မြင်မှုရရှိလျက်ရှိသည်။

တောင်တရုတ်ပင်လယ်တွင် ကုန်သွယ်မှုနှင့်စွမ်းအင်ထုံးစမ်းလေ့လာမှု အကျိုးစီးပွားများရှိနေသောကြောင့် အိန္ဒိယ၏ အင်ဒို-ပစိဖိတ်မဟာဗျူဟာနှင့် အာဆီယံတို့သည် လွတ်လပ်စွာရေကြောင်းသွားလာမှုကို လွတ်လပ်ပွင့်လင်းပြီး အားလုံးအကျုံးဝင်သောဒေသကို ထိန်းသိမ်းသွားရေးအတွက် အခြေခံအဖြစ် အလေးထားဖော်ဆောင်လျက်ရှိသည်။ နိုင်ငံပေါင်းစုံပါဝင်သော ကမ္ဘာကြီးတွင် ဘုံအကျိုးစီးပွားများ ပါဝင်လျက်ရှိသောကြောင့် မိတ်ဖက်နှစ်ဖွဲ့စလုံး၏ မဟာဗျူဟာအသီးသီးသည် ဒေသတွင်း၌ စည်းမျဉ်းစည်းကမ်းအခြေခံသော အခင်းအကျင်းတစ်ရပ်လိုအပ်ကြောင်းကို မီးမောင်းထိုးပြသလျက်ရှိသည်။

AOIP သည် ပဋိပက္ခများ၏အန္တရာယ်ကို အသိအမှတ်ပြုလျက် ပင်လယ်ရေကြောင်းအငြင်းပွားမှုများကို ငြိမ်းချမ်းသောအဖြေရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရန်ကြိုးပမ်းလျက်ရှိသည်။ အိန္ဒိယကလည်း နိုင်ငံများကို တပ်ဖွဲ့များအသုံးပြုမှုရှောင်ရှားပြီး ဆွေးနွေးညှိနှိုင်းမှုများ လုပ်ဆောင်သွားရန် တောင်းဆိုထားရှိသည်။ တောင်တရုတ်ပင်လယ်တွင် လိုက်နာရန်ကျင့်ထုံး(COC)နှင့်စပ်လျဉ်း၍ အာဆီယံနှင့် တရုတ်တို့ကြား လက်ရှိဆွေးနွေးမှုများအပေါ် အိန္ဒိယ၏ရပ်တည်ချက်သည် အာဆီယံနှင့်သဘောထားတူညီလျက်ရှိသည်။

ကမ္ဘာလုံးဆိုင်ရာကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရင့်ကျက်ခိုင်မာရေးအတွက် အရေးပါလျက်ရှိကြောင်း ရှုမြင်ထားရှိသည့် အိန္ဒိယသည် အာဆီယံကိုလက်နက်တင်ပို့ရန် အလားအလာကောင်းသည့် ဈေးကွက်များအနက်မှ တစ်ခုအဖြစ် သတ်မှတ်ထားရှိသည်။ အာဆီယံအနေဖြင့်လည်း အိန္ဒိယ၏ ကာကွယ်ရေးစက်မှုလုပ်ငန်းတိုးတက်မှုကို အသိအမှတ်ပြုလက်ခံထားရှိပြီး Tejas တိုက်လေယာဉ်ကို အကောင်းဆုံးအတန်းအစားများအနက်မှ တစ်မျိုးအဖြစ် လက်ခံထားရှိသည်။

အိန္ဒိယသည် ၎င်း၏ကာကွယ်ရေးစက်မှုလုပ်ငန်းများခေတ်မီအောင် အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းအားဖြင့် ပြည်ပသို့စစ်လက်နက်ပစ္စည်းတင်ပို့မှုမြှင့်တင်ရန် ကြိုးပမ်းလျက်ရှိသော်လည်း လက်ရှိအခြေအနေသည် ဖွံ့ဖြိုးမှုအခြေတည်စသာရှိနေသည်။ အရှေ့တောင်အာရှသို့တင်ပို့သော စက်လက်နက်ပစ္စည်းများတွင် အစိတ်အပိုင်းများနှင့် သေဆုံးနိုင်ခြင်းမရှိသော လက်နက်များသာပါဝင်သည်။ အိန္ဒိယအနေဖြင့် မှီခိုအားထားရသော လက်နက်တင်ပို့သူနှင့် လက်နက်အဓိကတင်ပို့သည့်နိုင်ငံကြီးများနှင့် ယှဉ်ပြိုင်နိုင်ရေးအတွက် သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်ခြင်းအားဖြင့် ပြည်တွင်းကာကွယ်ရေးစက်မှုလုပ်ငန်းများ တိုးတက်ရေးကို မြန်မြန်ဆန်ဆန်လုပ်ဆောင်သွားရန် လိုအပ်ပေသည်။ မည်သို့ပင် အာဆီယံနိုင်ငံများနှင့် အိန္ဒိယတို့သည် ချစ်ကြည်ရင်းနှီးမှု ခိုင်မာအားကောင်းရေးအတွက် သုံးနိုင်ငံစစ်ရေးလေ့ကျင့်မှုများနှင့် ရေကြောင်းသွားလာရေး သဘောတူညီချက်များ လုပ်ဆောင်သွားသင့်ပေသည်။

**ကိုးကား**

**- India's Growing Defense Diplomacy in Southeast Asia by The Diplomat.**

**မောင်သောင်းဝင်း(တမန်ဟောင်း)**




## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ နွားထိုးကြီးမြို့နယ်၊ ကန်နားကျေးရွာအုပ်စု၊ ကန်နားကျေးရွာတွင်တည်ရှိသော ဦးညက်တင့် (၉/နထက(နိုင်)၀၉၂၅၁၉)ပိုင် ကွင်းအမှတ် ၆၆၅၊၁၁-ခ/၃၊၅. ၄၃ ဧကလယ်ယာမြေပိုင်ဆိုင်ခွင့်ပုံစံ(၇) ပျောက်ဆုံးသွားပါ၍ သက်ဆိုင်ရာဌာနတွင် မိတ္တူမှန်ပြန်လည်ရရှိရန် လျှောက်ထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများ ယခုကြော်ငြာသည့်ရက်မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဒေါ်သန်းသန်းကြွယ်**
09-762000677

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ မြောက်ဥယျာဉ်ရပ်ကွက်၊ တံခွန်တိုင်နေ ဦးငွေဇော်-ဒေါ်လွင်ဦး တို့၏သား **မောင်လွှမ်းထက်အောင်(ခ)ကုလား (၉/ပကခ(နိုင်)၀၆၀၆၈၄)**သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးငွေဇော်(၆/တသရ(နိုင်)၀၇၄၀၃၇)**
**ဒေါ်လွင်ဦး(၉/ပကခ(နိုင်)၀၀၅၈၆၁)**

## အမည်မှန်

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၊ နန်းဦးလွင် CAEကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-10 တွင် ပညာသင်ကြားနေသော (ဘ) ဦးသန်းဇော် (၉/ညဥန(နိုင်)၁၃၄၉၀၇)၏ သမီး မသဒ္ဓါမှူးမြင့် ၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မသဒ္ဓါမှူးမြင့် ဖြစ်ပါကြောင်း။ **မသဒ္ဓါမှူးမြင့်**

## ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ တလုပ်မြို့အုပ်စု၊ မြို့ကြီးကုန်းကျေးရွာနေ မောင်ကျော်မြိုးအောင်(ဘ) ဦးစိုးလွင် (၉/မခန(နိုင်)၂၃၅၆၂၄)၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-753917) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၂၅၇၈၇၇၈၂၂**

## တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ အ.ထ.က (ခွဲ) (နန်းပန်)တွင် ဒုတိယမူလတန်းပြ တာဝန်ထမ်းဆောင်နေသော ဒေါ်စမ်းစမ်းမိုး(၅/ဖပန(နိုင်)၀၅၁၄၉၅) (ဘ) ဦးစိန်မောက်နှင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်ပါ ဒေါ်စန်းစန်းမိုး သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်စမ်းစမ်းမိုး(ခ)ဒေါ်စန်းစန်းမိုး(၅/ဖပန(နိုင်)၀၅၁၄၉၅)**

## ပျောက်ဆုံးကြောင်း

မိုးကောင်းမြို့နယ်၊ မြို့သစ်ကြီးကျေးရွာနေ မသင်းသင်းဦး (ဘ) ဦးကြည်မိုး (၁/မကတ(နိုင်)၁၄၀၄၄၈)၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-410714) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၄၃၀၇၆၆၃၀**

ကြိုတင်ကာကွယ်
မီးအန္တရာယ်

ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ
ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့နယ်၊ မြတံခွန်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 မှ မအိအိဖြိုး ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ ဦးတက်တိုး ဖြစ်ပါကြောင်း။

**ဦးတက်တိုး(၉/မလန(နိုင်)၁၁၁၅၂၉)**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာလေ့ကျင့်ရေးအလယ်တန်းကျောင်း၊ Grade-2 (C) တွင် ပညာသင်ကြားနေသော မဝင့်ဧကရီ (ခ) မရွှေဝင့်ဝါ ၏ဖခင်အမည်မှန်မှာ ဦးဖြိုးဝေဦး (ခ) ဦးဖြိုးသက်ဦး ဖြစ်ပါကြောင်း။

**ဦးဖြိုးဝေဦး(ခ)ဦးဖြိုးသက်ဦး(၉/စကတ(နိုင်)၁၀၀၄၈၁)**

သင့်သွေးဖြင့်
အသက်ကယ်ပါ

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်းခွဲ(ကူကြီးကုန်း)၊ Grade-11 မှ မချောအိဖြိုး ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ ဦးတက်တိုးဖြစ်ပါကြောင်း။ **ဦးတက်တိုး(၉/မလန(နိုင်)၁၁၁၅၂၉)**

ရန်သူမီးဘေး တားဆီးရေး
မနေးဆောင်ရွက်ကြ

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

❖ ဒီမိုကရေစီစနစ်ဆိုသည်မှာ ပြည်သူများကိုယ်တိုင်က ရွေးချယ်သည့် ပြည်သူ့ကိုယ်စားလှယ်များက ပြည်သူများကိုယ်စား တာဝန်ယူ၊ တာဝန်ခံပြီး အုပ်ချုပ်သည့်စနစ်ပင်ဖြစ်...

❖ ဖက်ဒရယ်စနစ်ဆိုသည်မှာ ပြည်ထောင်စုအတွင်း တိုင်းဒေသကြီးများ၊ ပြည်နယ်များတွင် အတူယှဉ်တွဲနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများ၊ လူမျိုးစုများကို စုစည်းလုပ်ကိုင်ရာတွင် လုပ်ပိုင်ခွင့်များကို ခွဲဝေကျင့်သုံးသည့် အယူအဆသဘောတရားဖြစ်ပြီး ပေါင်းစည်းနေထိုင်ခြင်း၊ မျှဝေခံစားခြင်းပင်ဖြစ်...

❖ ထို့ကြောင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုဟုဆိုကြရာတွင် ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားပြည်သူများ အတူတကွပေါင်းစည်းနေထိုင်ပြီး တိုင်းဒေသကြီး၊ပြည်နယ်များအလိုက် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် လုပ်ပိုင်ခွင့်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခွဲဝေကျင့်သုံးသွားကြရမည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် မေ ၂၄ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ငါးနှစ်သင်တန်းအမှတ်စဉ်(၅) ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ၂၀၂၃ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အလေးမပြိုင်ပွဲကျင်းပ




**နေပြည်တော် စက်တင်ဘာ ၁၂**

အလေးမအားကစားနည်း အဆင့်အတန်းတိုးတက်မြင့်မားလာစေရန်နှင့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အလေးမပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အလေးမလေ့ကျင့်ရေးရုံ၌ စတင်ကျင်းပသည်။

ယနေ့တွင် ပြည်နယ်နှင့် တိုင်းဒေသကြီး အလေးမပြိုင်ပွဲ ပထမနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား၊ အမျိုးသမီး ဝိတ်တန်းအလိုက် ပြိုင်ပွဲများယှဉ်ပြိုင်ကစားခဲ့ကြရာ အမျိုးသမီး ၄၅ ကီလိုတန်းပြိုင်ပွဲတွင် မယဉ်ယဉ်ထွေး(ပဲခူး)က ပထမ၊ မချိုဇင်မြင့်(မကွေး)က ဒုတိယ၊

**စာမျက်နှာ ၁၉ ကော်လံ ၁ ☆**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၁၂**

ယနေ့မွန်းလွဲ ၂ နာရီ တိုင်းထွာချက်များအရ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

## လူကုန်ကူးမှုပပျောက်ဖို့ ဝိုင်းဝန်းကာကွယ်ကြပါစို့

ဆောင်းပါး စာမျက်နှာ - ၁၀

## ယခုဘဏ္ဍာနှစ်အတွင်း မန္တလေးတိုင်းဒေသကြီးတွင် အသေးစားလုပ်ငန်း ၃၂၁ ခုကို လုပ်ငန်းမှတ်ပုံတင် ထုတ်ပေးထား

စာမျက်နှာ - ၂

## ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

စာမျက်နှာ - ၂၁




MYAWADDY TRADING LIMITED





ပို့ကုန် လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ရာဘာ၊ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။

သွင်းကုန် စားအုန်းဆီ၊ လူ့အသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ဓာတ်မြေဩဇာ၊ ကတ္တရာ။

Tel: 95-01-8373255,8373265,8373267, 8373291

Fax: 95-01-8373257